# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့် ၊ တနင်္ဂနွေနေ့ ၊ (5-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပိုလ်ပန္တကုန်းတော် မဟာဝံသပုဒ္ဓဂယာစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ**

စာမျက်နှာ - ၁၇

**လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပ**

စာမျက်နှာ - ၂၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့ မြစ်ကြီးနားမြို့၌ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ**

စာမျက်နှာ - ၁၆

# လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသောလျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ စတင်ဖွင့်လှစ်




မြန်မာနိုင်ငံအတွင်းအသုံးပြုမည့် လျှပ်စစ်သုံး Taxi အငှားယာဉ်များကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၄**

လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (နေပြည်တော်) MG EV Charging Station (NPT) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် သပြေကုန်းဈေး ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က အမှာစကားပြောကြားပြီး NPK Motor Co.,Ltd ဥက္ကဋ္ဌ ဦးနိုင်ဖြိုးကျော်က MG EV Charging Station(NPT) တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က စာမျက်နှာ ၁၆ ကော်လံ ၁ သို့


Myanmar Mobile Money(MMM) မှ လက်ရှိရရှိနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရရှိနိုင်ပါပြီ။




- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းဘေလ်ဖြည့်သွင်းခြင်း
- ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၅ ရက်
အယ်ဒီတာ့အာဘော်

# မိန်ရာသီ လတပေါင်းနှင့် သဲပုံစေတီပွဲ

မြန်မာဆယ့်နှစ်လတွင် တပေါင်းလသည် ဒွါဒသမမြောက်လဖြစ်ပြီး ရက် ၃၀ ရက်စုံလဖြစ်သည်။ ဂိမှာန(နွေဥတု)၏ ပထမဆုံးလလည်းဖြစ်ပြီး ဝသန္တရတု၏ အစလည်းဖြစ်သည်။ တပေါင်းလ၏ ရာသီအမည်မှာ မိန်၊ စန်းယှဉ်နက္ခတ်မှာ ဖလဂုနီ၊ ရာသီရုပ်မှာ ငါးကြင်းပွတ်၊ ရာသီပန်းမှာ သရဖီပန်း၊ ရာသီပွဲမှာ သဲပုံစေတီပွဲဖြစ်သည်။

ဆောင်းအကုန် နွေအကူး ပျော်မြူးသာယာလွမ်းမောဖွယ်ရာ တပေါင်းလကို "အခါလည်းကောင်း လတပေါင်းဟုလည်းကောင်း၊ တပေါင်းသာခေါင် လများနောင်ဟုလည်းကောင်း" အမျိုးမျိုးစာပန်းချီခြယ်သခဲ့ကြသည်။ မြတ်ဗုဒ္ဓသည် နောက်ပါရဟန်းသံဃာတော်များနှင့် တပေါင်းလတွင် ကပိလဝတ်ပြည်သို့ ကြွချီလာခဲ့ကြရာ ပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် မအေးမြစေဘဲ သစ်ပင်များ၏အရိပ်တွင် ချွေးသိပ်နားတော်မူသည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ကြီးငယ်များ၏ အရိပ်အာဝါသအေးမြမှုကို နှစ်သက်ချီးကျူးနေကြသော နောက်ပါရဟန်းသံဃာတော်များကို မြတ်ဗုဒ္ဓက "သစ်ပင်၏အရိပ်အာဝါသထက် ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အမိ၊ အဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်ထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏"ဟု ဟောကြားတော်မူခဲ့ရာ တပေါင်းလ၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးထူးပင်ဖြစ်သည်။

တပေါင်း၏အဓိပ္ပာယ်မှာ တ=ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ ပေါင်း=ကျိုသည်။ ချက်သည်။ ထန်းရည်များကို ပေါင်းစပ်ကျိုချက်သည့်အခါသမယ ထန်းပေါင်းလဖြစ်ကြောင်း၊ ထန်းပေါင်းမှ တပေါင်းဟု ရွေ့လျားခေါ်ဆိုခဲ့ကြကြောင်း၊ ထို့ပြင် ထက်ဝလာတစ်ခွင်၌ အသဝနီအစ၊ ရေဝတီအဆုံး၊ နက္ခတ် ၂၇ လုံး အားလုံးစုဝေး၍ တစ်ပေါင်းတည်းထွက်ပေါ်လာကြသည်ကို အကြောင်းပြု၍ တစ်ပေါင်း(တပေါင်း)ဟု ခေါ်ဆိုခဲ့ကြကြောင်း မှတ်သားရပေသည်။

ထို့ပြင် သဲပုံစေတီတော်ဖြစ်ပေါ်လာပုံသမိုင်းကိုလည်း ဗုဒ္ဓသာသနိကကျမ်း၊ အပဒါန်ပါဠိတော် ပုလိနပူဇကမထေရ်အပဒါန်၌ ဖော်ပြထားရာတွင် ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေဝမည်သော ရသေ့တစ်ပါးသည် ကျောင်းသခ်မ်းမှထွက်၍ သဲများကို စေတီပြုပြီး (ဝါ)သဲပုံစေတီတည်ပြီး ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းကိုလည်းကောင်း၊ ပုလိနထူပိယမထေရ်အပဒါန်၌လည်း ပုလိနထူပိယမထေရ်အလောင်း နာရဒရှင်ရသေ့သည် ကျောင်းသခ်မ်းအနီးရှိ အမရိကမြစ်ငယ်၌ သဲပုံစေတီတော်တစ်ဆူ တည်ထားပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ရည်စူးပြီး ပူဇော်ခြင်းကိုလည်းကောင်း အသီးသီးဖော်ပြထားသည်ကို တွေ့ရသည်။ ထိုသို့ သဲပုံစေတီများပူဇော်ခြင်းမှအစပြု၍ ယနေ့အချိန်ထိ သဲပုံစေတီပွဲတော်များ ကျင်းပကြသည်။

သို့ဖြစ်ရာ သဲပုံစေတီပွဲတော်ကျင်းပသောလ၊ ရှေးပညာရှိကဝိအဆူဆူ၊ စာပေဝိတုအဆက်ဆက်တို့၏ မွန်မြတ်လှသည့် မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့များနှင့် ဘာသာသာသနာသြဝါဒကထာများကို စာ၊ ကဗျာ၊ ရတု အစုစုရေးဖွဲ့မှတ်တမ်းတင်ခဲ့သောလသည် ထူးခြားသည့် မိန်ရာသီတပေါင်းလပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူ စုစုပေါင်းဦးရေ ၃၆၇၅၀ လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာဆိုရင် မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးပိတ်ရက်ဖြစ်တာကြောင့် ဘုရားဖူးတွေဟာ စောင်းတန်းကတော့ ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေတိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပတွေကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရ ပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၁၀၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၆၂၀၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၅၄၁ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူအရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိနေ

**မန္တလေး မတ် ၄**

မန္တလေး ဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းမွန်ခဲ့သည့်အပြင် မန္တလေးဈေးကွက်အတွင်း၌လည်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ချက်ချင်းဆိုသလို ဈေးကောင်းပြန်ရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က အဝယ်သိပ်မလိုက်ခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ သာရှိခဲ့သော်လည်း မတ် ၃ ရက်ပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိရှိလာပြီး ဈေးကောင်းရလာကြောင်း သိရသည်။

"အခုလတ်တလော မုံရွာကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့တွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူ အသစ်တွေလဲ လက်ကျန်နည်းနေတော့ ဈေးကောင်းပြန်ရလာတယ်" ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မရမ်းခြံဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်ဘက်သို့ ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေများပြားလာ

**မန္တလေး မတ် ၄**

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်ဘက်သို့ ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေး မရမ်းခြံဆိပ်ကမ်းသည် ခရီးသည်လိုက်ပါစီးနင်းမှုများပြားသည့်အပြင် ကုန်စည်တင်ပို့မှုအားကောင်းသည့်ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ မတ် ၁ ရက်မှစ၍ မရမ်းခြံဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်ဘက်သို့ ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။

"အခုလတ်တလော သပိတ်ကျင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်ဘက်ကို ဆန်နဲ့ ကြက်သွန်နီ ကုန်ပစ္စည်းနှစ်မျိုးကိုတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေ တော်တော်လေး ပြန်များလာတယ်။ အဲဒီဘက်ကနေ မှာယူမှုအများဆုံးကတော့ ဆန်နဲ့ကြက်သွန်နီကမှာယူမှုအများဆုံးဖြစ်နေတယ်" ဟု ဦးဝင်းမောင်က ပြောပြသည်။

မရမ်းခြံဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ရွှေကူ၊ ဗန်းမော်ဘက်ကို ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေမှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က အစီးရေ ၅၀ ကျော်သာ ရှိခဲ့သော်လည်း မတ် ၁ ရက်မှစ၍ ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၈၀ ကျော်ထိရှိလာကြောင်း သိရသည်။

"မရမ်းခြံဆိပ်ကမ်းကနေ ကသာ၊ ရွှေကူနဲ့ ဗန်းမော်ဘက်ကို အဝတ်အထည်၊ အထည်အလိပ်အပြင် အခြား လူသုံးကုန်ပစ္စည်းတွေ တင်ပို့တဲ့ ကုန်တင်သင်္ဘောတွေလဲ ရှိပါတယ်။ အခုလတ်တလော မရမ်းခြံဆိပ်ကမ်းမှာကတော့ ကုန်စည်ရရှိမှုက ပြန်ပြီးအားကောင်းလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည့်မြို့များသို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အပါအဝင် အဝတ်အထည်နှင့်အထည်အလိပ် တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၂၀၀ ကျော်ထိရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စောနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်းရှိ ယာတောကြီးကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ စန်းကန်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၉၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၉ ဒသမ ၄၇၅ သန်းဖြင့် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၈ လမ်း၊ ၁၀၂ လမ်း ရွှေနှင်းဆီလမ်းထောင့်နေ ဦးကိုကိုအောင်၊ ဦးညီညီအောင်၊ မအေးအေးကျော် မိသားစုက ဦးမြင့်အောင်-ဒေါ်နှင်းနှင်း တို့အားရည်စူး၍ ဆေးပဒေသာသင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်မကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ယာယီဆေးရုံအုပ် ဒေါက်တာ ဒေါ်ရီရီမြင့်တို့က လက်ခံရယူစဉ်။

# ယခုနှစ် ကော်ဖီရာသီတွင် ပြည်ပနိုင်ငံများသို့ ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ကော်ဖီတန်ချိန် ၁၀၀ ကျော်တင်ပို့ရောင်းချသွားမည်



**ပြင်ဦးလွင် မတ် ၄**

ယခုနှစ် ကော်ဖီရာသီတွင် ပြည်ပနိုင်ငံများသို့ ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ကော်ဖီတန်ချိန် ၁၀၀ ကျော်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ပြောပြသည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဒေသများအလိုက် အရည်အသွေးမြင့် အထူးတန်းဝင်ကော်ဖီကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသည့်ကော်ဖီများကို ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိကြောင်း၊ ကော်ဖီများသည် ဖေဖော်ဝါရီနှင့် မတ်လတို့တွင် လှိုင်လှိုင်ပေါ်လေ့ရှိကြောင်း၊ ၎င်းကော်ဖီများကို ဧပြီ၊ မေလတို့မှ စတင်ပြီး Export အနေဖြင့် အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ထိုင်းနှင့်တရုတ်နိုင်ငံတို့သို့ ယခုနှစ် ကော်ဖီရာသီတွင် တန်ချိန် ၁၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ကော်ဖီဈေးကွက်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီနှစ်မှာကော်ဖီတန်ချိန် ၁၀၀၀၀ တင်ပို့ရောင်းချသွားမှာပါ။ အဲဒီတန်ချိန် ၁၀၀၀၀ ထဲကမှ ပြင်ဦးလွင်နဲ့ နောင်ချိုဒေသအနေနဲ့ ကော်ဖီကို တန် ၁၀၀ ကျော်တင်ပို့ဖို့ရှိပါတယ်။ တန်ချိန်များရင်လဲ များသွားနိုင်ပါတယ်။ အရင်က ကော်ဖီတစ်ပိဿာကို အမေရိကန်ဒေါ်လာ ၂၀၀၊ ၃၀၀ ပဲရပါတယ်။ အခုချိန်မှာတော့ ကော်ဖီတစ်ပိဿာကို အမေရိကန်ဒေါ်လာ ၃၀၀၀ ကနေ ၃၈၀၀ ထိ ဈေးကောင်းရရှိနေတယ်။ ကော်ဖီဈေးကောင်းတော့ ပြည်တွင်းကော်ဖီလုပ်ငန်းရှင်တွေ အကျိုးရှိပါတယ်" ဟု ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ပြောပြသည်။

အဆိုပါကော်ဖီများကို ပြီးခဲ့သည့်နှစ် ကော်ဖီရာသီက Export အနေဖြင့် ပြည်ပနိုင်ငံများသို့ တန်ချိန် ၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယခုနှစ်ကော်ဖီရာသီတွင်လည်း တန်ချိန် ၁၀၀၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဈေးနှုန်းများအနေဖြင့် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၈၀၀ ထိရရှိကြောင်း ဦးရဲမြင့်က ပြောပြ၍ သိရသည်။

(၁၈၅)

# ကျောက်ကြီးမြို့နယ် ရှာကြီးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ကြီး မတ် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာကြီးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ဦးစွာ ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကိုပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရှာကြီးအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ဖြူးမြို့နယ် ရေအိုးစဉ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**ဖြူး မတ် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေအိုးစဉ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေအိုးစဉ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် နေကြာ၊ နှမ်း၊ မြေပဲ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ရေစဉ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် နေကြာဧက ၁၀၀ စိုက်ပျိုးသည့် အသင်းသား၊ အသင်းသူ ၆၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၁၇၅ သန်း၊ မြေပဲနှင့် နှမ်းဧက ၃၀ စိုက်ပျိုးသည့် အသင်းသား၊ အသင်းသူ ၁၄ ဦးကို ငွေကျပ် သုံးသန်း၊ အခြားသီးနှံ ၁၉၇ ဧက စိုက်ပျိုးသည့် အသင်းသား၊ အသင်းသူ ၂၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၈၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**



# တပေါင်းခါညီ မိန်ရာသီဝယ်

ခိုင်(မိတ္ထီလာ)

"မိုင်းဝေမင်းလွင်၊ တောတစ်ပြင်မှာ၊ မြသွင်ရွက်ညောင်း၊ တချို့ပြောင်းက၊ တပေါင်းခါညီ၊ မိန်ရာသီ" ဟု လူးတားစာသားလေးသည် စာဆိုဦးယာ အသက်သွင်းခဲ့သော မိန်ရာသီတပေါင်းလဘွဲ့မှ ကောက်နုတ်ချက်ဖြစ်သည်။ "ရိုးညာမြနု၊ ဝတ်မှုန်စုရှိ၊ ရွှေဥရောင်သွေး၊ ပျံ့မွှေးစီစီ၊ သရဖီနှင့် သိင်္ဂီမြညောက်၊ ပန်းပိတောက်တို့၊ ဖြိုးမောက်ရွှင်လန်း၊ ထူးဆန်းလှတင့်၊ ရိုးတံမြင့်နှင့်၊ ပွင့်ကြကြိုင်သင်း၊ မြိုင်ဝင်းဝင်းမျှ၊ သည်မာသ"ကား သရဖီရွှေလိုဝင်းသည့် နွေဂိမှာန်လတပေါင်းပင်ဖြစ်တော့သည်။

မိန်ရာသီ တပေါင်းလကား "တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရွှင်၍၊ သဘင်အညီ၊ သဲစေတီဟု၊ မြှောက်ချီရွှင်ပ၊ လျှဒါန်းကြ"သည်ကား တပေါင်းလ၏သရုပ်ဖြစ်သည်။ ဆိုသည်ရှာစားဦးအောင်ကြီး၏ 'တပေါင်းလ'လူးတားပီပီ ရာသီသဘာဝ ပွင့်သောပန်းနှင့် ရာသီပွဲတော်အပြင် ညောင်ရမ်းခေတ်ကို ကိုယ်စားပြုသော ဘာသာရေးခံယူချက်တို့ ထင်ရှားကုန်၏။

တပေါင်းလသည် နှစ်တစ်နှစ်၏နောက်ဆုံးလပါတကား။ လူတို့အား သံဝေဂအသိကို ပေးနိုင်စွမ်းသော အလှထူးပါတကား။ နှစ်တစ်နှစ်ပင် ကုန်လုပြီ။ တစ်နှစ်ဆန်းတော့မည်။ အသက်တစ်နှစ်ကြီးခဲ့ပြီ။ ဘဝတွင် နေရက် (နေရမည့်အချိန်အပိုင်းအခြား)တို့ တစ်နှစ်လျော့သွားပြီ။ သံသရာအတွက် ပြင်ဆင်ဖွယ်တို့ လျင်မြန်မှတော်ရော့မည် စသောအတွေးစုများကား တပေါင်းကပေးသောဒဿနများပင်တည်း။

တပေါင်းလကား လှပေါင်းခနေပါသည်။ နွေမိန်တပေါင်းတွင် နှင်းတို့ပျောက်လေပြီ။ ငယ်စဉ်ကကြည့်ခဲ့ဖူးသော 'နှင်းပျောက်တဲ့နွေ'ရုပ်ရှင်ကို သတိရမိသည်။ 'နှင်းပျောက်တဲ့နွေ'ရုပ်ရှင်မကြည့်မီက နွေမိုးဆောင်းဥတုစဉ်အတိုင်း ဆောင်းပြီးလျှင်ရောက်လာမည့်နွေကို ရည်ညွှန်းကာ 'နှင်းပျောက်တဲ့နွေ'ဟူသော ကဗျာဆန်ဆန်အမည်လေး ပေးထားသည်ထင်ခဲ့၏။ ရုပ်ရှင်ကြည့်လိုက်တော့မှ 'နှင်း'ဟူသောအမျိုးသမီးကလေးနှင့် သူချစ်သူအမျိုးသားတို့၏ မဆုံစည်းနိုင်သော အလွမ်းရသကို ဖော်ကျူးထားမှန်းသိရတော့သည်။ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဟူသော လောကသုံးပါးတွင်ကား ဖြူလွလွနှင်းတို့ပျောက်လေသော် အေးစိမ့်သောရာသီဥတုမှ နွေးသိမ့်သောတပေါင်းသို့ တစ်ဖန်ရောက်လာပေဦးတော့မည်ဖြစ်သည်။

နွေမိန်တပေါင်းဝယ် တောင်လေမြူး၍ လေရူးနှောက်စပြုလေပြီ။ နွေဦးသို့ရောက်ခဲ့ပြန်ပြီတကား။ ဆောင်းအကုန် နွေအကူးမို့ ကောင်းကင်ပြင်တွင် ညို့ညို့မှိုင်းမှိုင်း၊ ဝေဝေသီသီနှင်းတို့အစား မင်းလွင်မြူခိုးတို့ကျက်စားနေပေပြီ။ ဤကာလတွင် လေရူးသုန်သုန်တိုက်ခတ်နေသလို တောင်ခိုးနှင့်တိမ်များရောယှက်ပြေးကစားကာ တိမ်နှင့်တောင်ခိုး တောင်ကိုမိုးလျက်ရှိချေပြီ။ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းပင်တည်း။ ဆောင်းဟေမန်ကို နွေလှန်တုံ့ခဲ့ပြီတည်း။ တောတောင်တစ်ခိုတွင် "မင်းလွင်လိုလို၊ စုံတခိုဝယ်၊ လေချိုဝန်းလု၊ လွမ်းရတု"ဖြင့် တပေါင်းသည် အလှဆုံးလွမ်းချင်းတစ်ပုဒ်ဖြစ်ခဲ့ပါလေပြီ။

တစ်ဆောင်းကြွေ တစ်နွေပြောင်းခဲ့သောတပေါင်းကို "ဖဂ္ဂုနက္ခတ်၊ လမြတ်တပေါင်း၊ ရက်ကောင်းခေါ်ညီ၊ မိန်ရာသီဟု၊ သရဖီပိတောက်၊ ဖူးညောက်ကင်းငုံ၊ သဲပုံစေတီ၊ ယာယီဘုရား၊ တည်ထားကိုးကွယ်" စသည့်အဖွဲ့ကို နဝဒေးကြီး၏ ပို့ဒ်စုံရတုတွင် တွေ့ရသည်။ ဆောင်းအသွင်ဟောင်းကျွတ်၍ နွေသို့ပြောင်းချိန်တွင် စိမ်းညို့ညို့ကမ္ဘလာသည် မစိမ်းလန်းနိုင်တော့ပါ။ မြအသွေးကို ရွှေရေးလှနေတော့သည်။ "သစ်ရွက်ရော်ရည်၊ ကွန္နီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ ဆေးစုံ၊ ခြယ်သောပုံသို့"အသွင်ဆောင်နေတော့၏။ တပေါင်း၏လွမ်းဖွယ်တို့တွင် တဖြုတ်ဖြုတ်ကြွေနေသော ရွက်ကျင်ရွက်ဟောင်းတို့က ရှေ့ဆုံးကဟုဆိုရမည်ဖြစ်သည်။ "နွေမိန်တပေါင်း၊ နေရှိန်လောင်း၊ ရွက်ဟောင်းကြွေကျ၊ မြေခခဲ့လေပြီ"ဟူသော တေးသွားအရ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေခဲ့လေပြီဖြစ်သည်။ ရွက်ကြွေများနေရာထက် ပုရစ်ဖူးတို့အစို့အညောက်ထွက်လာကြသည်။ မြန်ပါဘိခြင်း၊ မြန်ခြင်းမက လျင်မြန်စွာပင် ပုရစ်ဖူးကလေးများ ကြီးထွားလာကြသည်။ "နွေသနစ်၊ ခါသစ်ရတု၊ ပင်တိုင်းရှုသော်၊ ရွက်နုယှဉ်စုံ၊ ဖူးကင်းငုံ" တို့ကို မြင်ကြရပေမည်။ အသစ်တွေကာစု၍၊ ပုရစ်ခွေတမာနုမှာ ကျေးဥစီခဲ့လေပြီတကား။

ဤကာလဝယ် "ဂနိုင်ဖွေဦး၊ စုံရဂုံထူးမှာလည်း၊ ငုံဖူးငယ်စီစီ၊ ပုရစ်ညာချီဆဲမှ၊ သည်ပင်ဆင့်ရွှေလှော်မှာ၊ ဂေါ်သဇင်ကျန်၊ ပန်တော်ကြွင်းငယ်နှင့်၊ အင်ကြင်းကြိုင်လှိုင်မြန်းပါဘိ၊ ပန်းရနံ့ထုံ"ဟူသော စာဆိုလူဦးမင်း၏ လေးချိုးကြီးအတိုင်း မြိုင်တစ်လျှောက် ပန်းရနံ့များ ထုံလှောက်နေပေရော့မည်။ စာကဗျာတွင် ရသမြောက်အောင်၊ အသံကြားယောင်လာအောင်၊ ရနံ့ဆင်းကို ခံစားမိလာအောင် ဖွဲ့ဆိုတတ်သော လူဦးမင်းကဲ့သို့ပင် ဖိုးသူတော်ဦးမင်းကလည်း "ပန်းရွှေဖီကြိုင်လှောက်လို့၊ ပိတောက်ကယ်တဲ့သင်းချို၊ ဥတ္တရာဘရဂုဏ်က၊ တိမ်ဘုံမှာ ရောင်ခြည်လင်းလို့"ဟူသော တပေါင်းလဘွဲ့လေးဆစ်သဖြန်တွင် စီကုံးဖွဲ့ဆိုပါသည်။ "ရှုမြင်တိုင်းအံ့၊ မွှေးပျံ့သင်းထုံ၊ ပန်းစုံသာမြူး၊ ပျံပျံလိုင်ပျ၊ ဘဂ္ဂဏှ မိနရာသီ မိုးပြည့်ညီ၍"ဟူသော ဝန်ကြီးပဒေသရာဇာ၏ စာအဖွဲ့တွင်လည်း ပန်းစုံစီဖူးဆင့်သော တပေါင်းလပသာဒကို ကြည်နူးဖွယ်ခံစားနိုင်ပါသည်။

ရာသီသဘာဝအလှပေါ်တွင် လူတို့သာမက ငှက်ကျေးသတ္တဝါတို့လည်း ပျော်မြူးလေ့ရှိကြသည်။ ဦးယာ၏ မိန်ရာသီတပေါင်းလဘွဲ့တွင် "မြစ်ထဲသီတာ၊ ကျွန်းသောင်သာ၌ ဘာသာဖိုမ၊ ငှက်တို့ကလည်း၊ မြူးကြဖန်ဖန်၊ ရွှေငါးတန်လည်း၊ စုန်ဆန်တက်ဆင်း၊ ငါးကြင်းမတုံ၊ ငါးရံ့ပျော်ရွှင်၊ မြိုင်ခွင်တစ်ကြော၊ ဥဩရင့်ကြွေး၊ ကျူးသံပေးလျက်" ဟူသောအဖွဲ့တွင်လည်းကောင်း၊ "ကြူငွေသောင်မှာ၊ တူမောင်ယှက်နွဲ၊ ငှက်တို့ပွဲလဲ၊ သက်ဆဲငယ်နှံလှုံ၊ စံမိတ်စုံနှင့် ဝသုန်ကြည်းရေ၊ သာနည်းဖွေလှတယ်၊ နွေခါတော်ကို" ဟူသော ဖိုးသူတော်ဦးမင်း၏ လေးချိုးအရလည်းကောင်း ချစ်စဖွယ်ငှက်ကျေးသတ္တဝါတို့၏ ဘာသာဘာဝအမူအရာကို ရှုမြင်ရပါမည်။ ထို့ကြောင့်ပင် ကဗျာကဝိပညာရှိတို့က တပေါင်းလကို သာယာတင့်တယ်သောလဟု မှတ်ယူကြဟန်တူပါသည်။ တပေါင်းလကုန်လုနီး ဝသန္တရတုကို သက္ကတ၌ ရိတုရာဇဟုခေါ်သည်။ ဤသည်ကိုထောက်၍ တပေါင်းလသည် ရတု(ဝါ) ရာသီဥတုတကာတို့တွင် ဘုရင်ဖြစ်သည်ဟုလည်းဆိုကြသည်။

တပေါင်းလအကြောင်းပြောမည်ဆိုလျှင် ရှင်အုန်းညိုစပ်ဆိုသော ဂါထာခြောက်ဆယ်ပျို့ကို ချန်လှပ်ထား၍ မရစကောင်းပါပေ။ ပေလေးပင် ရှင်လေးပါး အပါအဝင်ဖြစ်သော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ခေမာတို့နှင့် ရှင်အုန်းညိုကား ခေတ်ပြိုင်စာဆိုဖြစ်သည်။ ဂါထာခြောက်ဆယ်ဟူသည်မှာ မြတ်စွာဘုရားအား ခမည်းတော် သုဒ္ဓေါဒနမင်း ဖူးမြော်လိုသောကြောင့် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူပါရန် ကာဠုဒါယီအမတ်သည် တပေါင်းလ၏ သာယာပုံကို လျှောက်ထားသောဂါထာများဖြစ်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာတွင် ၆၄ ဂါထာဟုပြသည်။ အပါဒါန်အဋ္ဌကထာ၌ ၆၃ ဂါထာဟုပြသည်။ ရှင်အုန်းညိုသည် ၎င်းဂါထာများကို မှီငြမ်းပြု၍ ၆၀ ထက်ပိုလွန်နေသော အရေအတွက်ကို ပမာနမပြုဘဲ ဂါထာခြောက်ဆယ်ပျို့ဟု အမည်ပေးကာ စပ်ဆိုသည်ဟု ဂန္ထဝင်၌ ကျွမ်းကျင်သူတို့က ဆိုကြသည်။ "ပျို့တစ်ပုဒ်လုံးမှာ သမာဓိဂုဏ်ရောက်သောအဖွဲ့အနွဲ့တို့ဖြင့် မွမ်းမံထားသောကြောင့် လွန်စွာသာယာနာပျော်ဖွယ်ရှိ၍ စိတ်မျက်စိ၌ အာရုံခံစားနိုင်သည်"ဟု မြန်မာစာပေသမိုင်းတွင် ပြဆိုသည်။ ဂါထာ ၆၀ ပျို့တွင် ရှင်အုန်းညိုသည် "အထွေအထွေ၊ အဆွေအဆွေ၊ တရွှေတရွှေ" စသော ယမကအချများ၊ "ချစ်ဆွေညာတောင့်ညာတာတတည်း၊ အုံမူး နာသောင့်နာသာတတည်း၊ ချင်းတို့ ဘာသောင့် ဘာသာတည်း" စသော ယမကအချများကြောင့် အခြားပျို့အချီအချများနှင့် များစွာကွာခြားသည်ဟုလည်း မြန်မာစာပေသမိုင်းတွင် သုံးသပ်ထားသည်။

တပေါင်းလ၏ အလှတရားတွင် ရာသီပွဲတော်သည် အဓိကအရေးပါအရာရောက်လှသည်။ "သဲစေတီတည်သမယပေမို့၊ ကြည်သမျှသည်လမို့နော်၊ ထေရ်ပဝရသုံးလူ့ဖော်ငယ်၊ ဘသုဒ္ဓေါ်စံမြန်းတဲ့ မှန်နန်းကြွပြည်ကပ္ပိ မြန်းတဲ့ရာသီ"ဟူသော တေးထပ်ဖြင့် ဦးကြော့ညွှန်းဆိုသော တပေါင်းလကို ဦးပုညက "ဖူးတံစီထွေဆန်းလို့ အင်ကြင်းပန်းရွှေဖီ၊ သဲစေတီတည်စမြဲပေပ၊ သဘင်ပွဲသည်လရာသီ"ဟု သီကုံးပြန်သည်။ "ဖြူလွစီစီ သဲစေတီကို ပြုညီတင်ထား၊ ညွတ်တွားကြည်လင်၊ ရှိစုံဆင်လျက် သဘင်ပျော်မြဲရာသီပွဲ"ဟု မည်သောအဖွဲ့လည်းရှိသည်။ ဦးယာ၏လူးတားအဖွဲ့ပါပေ။ ထေရာအပါဒါန်၌ သဲပုံစေတီပူဇော်ခြင်းသမိုင်းကို ဤသို့တွေ့ရသည်။ နာရဒမည်သောရသေ့သည် ယမကတောင်အနီးကျောင်းသခ်မ်း၌ သီတင်းသုံးစဉ် အမရိကမည်သောမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီကိုတည်ပြီးလျှင် ၎င်းစေတီကို သက်တော်ထင်ရှားမြတ်စွာဘုရားကဲ့သို့ ရည်စူးကာရှိခိုး၏။ ဤအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ ဖြဟ္မာပြည်သို့ရောက်ပြီးလျှင် ဘဝအဆက်ဆက်၌ နတ်ဘုံနတ်နန်းတွင် သိကြားမင်းအဖြစ် အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြဝတေးမင်းအဖြစ် အကြိမ်ကြိမ် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရ၏။ ဤသည်ကိုရည်၍ မြန်မာနိုင်ငံ တန်ခိုးကြီးဘုရားများတွင်ကျင်းပသော ဘုရားပွဲတော်များသည် သဲပုံစေတီတည်ထားကိုးကွယ်ခြင်းမှ အစပြုသည်ဟု သိကြသည်။

> ❖ ထေရာအပါဒါန်၌ သဲပုံစေတီပူဇော်ခြင်းသမိုင်းကို ဤသို့တွေ့ရသည်။ နာရဒမည်သောရသေ့သည် ယမကတောင်အနီးကျောင်းသခ်မ်း၌ သီတင်းသုံးစဉ် အမရိကမည်သောမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီကိုတည်ပြီးလျှင် ၎င်းစေတီကို သက်တော်ထင်ရှားမြတ်စွာဘုရားကဲ့သို့ ရည်စူးကာရှိခိုး၏။ ဤအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ ဖြဟ္မာပြည်သို့ရောက်ပြီးလျှင် ဘဝအဆက်ဆက်၌ နတ်ဘုံနတ်နန်းတွင် သိကြားမင်းအဖြစ် အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြဝတေးမင်းအဖြစ် အကြိမ်ကြိမ် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရ၏။ ❖

'တပေါင်း'ဟု ပုဂံခေတ်ကျောက်စာများ၌ အရေးများသော တပေါင်းလတွင် ပြုဗ္ဗာဖလဂုနီနက္ခတ်၊ ဥတ္တရဖလဂုနီနက္ခတ်နှင့် ဟဿတနက္ခတ်တို့ထွန်းသည်။ ဥတ္တရဖလဂုနီနက္ခတ်မှာ လပြည့်စန်းယှဉ်နက္ခတ်ဖြစ်သည်။ တပေါင်းလ၏အနက်အဓိပ္ပာယ်ကို ဆန်းစစ်ရာ ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလဟု ဦးဖိုးလတ်ဖွင့်ဆိုကြောင်း သိရသည်။ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၌ နွေဦးကာလ (တပေါင်းလ)တွင် ထန်းတက်၍ ထန်းရည်သိမ်းဆည်းပြီးလျှင် ထန်းလျက်ချက်သည်ကို ဖွဲ့ဆိုထားကြောင်း ဆရာကြီးမောင်ထင်၏ မြန်မာဆယ့်နှစ်လအကြောင်းတွင် ဖတ်ရှုရသည်။ "နွေဦးကာလ မြူထသောအခါ ရင်းထောင်ရင်းဆွဲ ဆောင်မြဲအိုးလွယ်ကာ" ထန်းတက်နေသော ထန်းလုပ်သားများနည်းတူ ကိုတံငါများသည်လည်း ဒေါင်ဒင်သံပေးကာ ဝမ်းရေးအတွက် ငါးရှာထွက်ကြချိန်ဖြစ်သည်။ "ဒေါင်ဒင်ညာလို့၊ တံငါမြစ်ယံ၊ ငါးကြင်းဆန်၍၊ ဂိမှာန်ခါနွေ၊ နှင်းကျန်သာဝေ" လေသော လတပေါင်းဖြစ်တော့သည်။

တပေါင်းလသည် မြတ်စွာဘုရားရှင်၏ ဗုဒ္ဓဝင်တွင် မြင့်မြတ်သောလအဖြစ် သမိုင်းစဉ်လာကြီးမားကြောင်း လူတိုင်းသိနားလည်ပြီးဖြစ်သည်။ တပေါင်းလပြည့်သည် မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ဖြစ်သည်။ ဂေါတမဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် မြတ်စွာဘုရားသည် အင်္ဂတိုင်းသားများနှင့် မာဂဓတိုင်းသားတို့ကို တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူပါ၏။ ဤသတင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကြားသိတော်မူသောအခါ မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူပါရန် အမတ်တစ်ဦးကို ခေါင်းဆောင်၍ မင်းချင်းတစ်ထောင်လိုက်ပါကာ ပင့်လျှောက်စေ၏။ ကိုးကြိမ်ကိုးခေါက်စေလွှတ်သော်လည်း မည်သည့်အဖွဲ့မှ ပြန်ရောက်မလာပါ။ နောက်ဆုံး ကာဠုဒါယီအမတ်ကြီးကို ခေါင်းဆောင်စေ၍ မင်းချင်းတစ်ထောင်ဖြင့် စေလွှတ်ပြန်၏။ ကာဠုဒါယီအမတ်ကြီး ဘုရားရှင်ထံရောက်သည့်အခါ ခေါင်းဆောင်ကိုးဦးနှင့် နောက်ပါ ၉၀၀၀ တို့သည် ရဟန်းများဖြစ်သွားသည်ကို တွေ့ရ၏။ ကာဠုဒါယီအမတ်ကြီးခေါင်းဆောင်သည့် အဖွဲ့သည်လည်း ရှေးအဖွဲ့များနည်းတူ သာသနာ့ဘောင်သို့ဝင်ရောက်ပြီး ဧဟိဘိက္ခုရဟန်းများချည်း ဖြစ်ကုန်ကြပါသည်။ ရဟန်းဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်သည် ဘုရားရှင်ကိုယ်တော်မြတ် တပေါင်းလပြည့်နေ့တွင် ဘုရားရှင်ဖွားတော်မူရာ ကပိလဝတ်နေပြည်တော်သို့ ခမည်းတော်၏ဂုဏ်ကျေးဇူးကို သိသောအားဖြင့် ကြွချီတော်မူပါရန် လမ်းခရီးကြားခရီးလမ်းသာယာပုံ၊ တပေါင်းလ၏ သာယာလွမ်းမောဖွယ်အပေါင်းကို ဂါထာပေါင်း ၆၄ ဂါထာသီကုံး၍ ဘုရားရှင်အား လျှောက်ထားပါသည်။

ကာဠုဒါယီမထေရ် လျှောက်ထားသည့်အခါမှ ဘုရားရှင်သည် သတိဝင်၍ ခမည်းတော်စံမြန်းရာ ကပိလဝတ်ဌာနီသို့ ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် မြို့ရာဇဂြိုဟ်မှ ယူဇနာ ၆၀ အကွာအဝေးကို တစ်နေ့လျှင် တစ်ယူဇနာဖြင့် ရက်ပေါင်း ၆၀ ဒေသစာရီကြွချီတော်မူသည်။ ဤသို့ မြတ်စွာဘုရားရှင် မွေးရပ်မြေသို့ကြွမြန်းသည်ကိုစွဲမှတ်၍ 'ပြည်တော်ဝင်'ဟု ခေါ်တွင်ခြင်းဖြစ်ပေသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနှင့် တရုတ်(တိုင်ပေ) စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွင် ကျန်းမာရေး၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်မည်

**ရန်ကုန် မတ် ၄**

မြန်မာနှင့် တရုတ် (တိုင်ပေ) တို့ကြား ကျန်းမာရေးကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ပြောပြ၍ သိရသည်။

တရုတ် (တိုင်ပေ) မှ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းပေါင်း ၃၀၀ ကျော်တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားပြီးဖြစ်ကာ ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

"ဖေဖော်ဝါရီလ နောက်ဆုံးပတ်လောက်စပြီးတော့ တရုတ်(တိုင်ပေ)က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ကြားမှာ အွန်လိုင်းမှာကော အသင်းချုပ်ရုံးမှာပါ ဆွေးနွေးမှုတွေ ဆက်တိုက်လုပ်နေပါတယ်။ မြန်မာနိုင်ငံအခြေစိုက် Taipei Economic and Cultural အနေနဲ့ မြန်မာနိုင်ငံမှာ ဆက်လက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး တိုးချဲ့ဆောင်ရွက်ဖို့အပြင် မြန်မာကျွမ်းကျင်လုပ်သားတွေ စေလွှတ်ရေးကိုပါ ဆွေးနွေးလျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ပြောပြသည်။

မြန်မာနိုင်ငံ၌ ဘီလီဗီ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသောနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားကြခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံပေါင်း ၁၃ နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံခန့်ရရှိခဲ့ပြီး စင်ကာပူနိုင်ငံက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ပထမ ၁၀ လတာကာလအတွင်း ငွေကျပ် ၁ ဒသမ ၁၅၇ ဘီလီယံနှင့် အများဆုံးဖြစ်ကြောင်း သိရသည်။

ASH



> **စာမျက်နှာ ၄ မှအဆက်**

ရာသီမသိ ပန်းနှင့်ညီ ဆိုစကားအတိုင်း ပွင့်သောပန်းတို့ကိုကြည့်၍ ရာသီကိုသိရှိရာ၏။ စာဆိုတစ်ဦးနှင့်တစ်ဦး အာဘော်မတူသည်လည်းရှိ၏။ တချို့က ဝါဆိုလ၌ သရဖီပန်းဟုပြဆိုရာ တချို့ကလည်း သရဖီပန်းကို တပေါင်းလ၌ပွင့်သည်ဟုဆိုသည်။ ယေဘုယျမှတ်သားရန်ကား တပေါင်းလ၏ ရာသီပန်းမှာ ပိတောက်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်းဖြစ်၏။ သရဖီပန်းသည် အကိုင်းမှ တစ်ပွင့်ချင်းပွင့်သောအပင်မျိုးဖြစ်၏။ အဝါရောင်ဝတ်ဆံနှင့် အပွင့်ဖြူသောကြောင့် ကံ့ကော်ပန်းနှင့် ဆင်တူသည်။ အင်ကြင်းသည် လုံးပတ်ခြောက်ပေ၊ အမြင့်ပေ ၈၀ ထိရှိ၍ အပွင့်မှာ အဝါရောင်ဖြစ်ပြီး ကြက်ငှက်တို့၏တောင်ပံနှင့်တူသည်။ လှပပြီး ရနံ့သင်းသည်။ သင်္ကြန်ပန်းဟု လူသိများသော ပိတောက်သုံးကြိမ်ပွင့်လျှင် မိုးဥတုသို့ရောက်တော့မည်ဟု အမှတ်သညာပြုကြသည်။ ဆီသည်ရွာစားဦးအောင်ကြီး၏ တပေါင်းလလူးတားတွင် "သရဖီ ပိတောက်၊ ခိုင်မြောက်ညွန့်ညောင်း၊ ဝတ်မှုန်လောင်းသည်"ဟု သရဖီနှင့် ပိတောက်ကို တွေ့ရ၏။

"သဲစေတီတည်မြဲမို့၊ ရှစ်မည်က မြူချိုလျှင်၊ သရဖီရွှေလိုဝင်းလို့ အင်ကြင်းသင္ကာညွန့်တို့ ဖူးကွန့်ကိုက်လှယ်" ဟူသော တပေါင်းလဘွဲ့လေးချိုးကြီးကို လှူဦးမင်း ရေးစပ်ခဲ့သည်။ ၎င်းလေးချိုးကြီးတွင် မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှုများ ထုံမွမ်းပါဝင်နေပါ၏။ ဘာသာရေးကိုင်းရှိုင်းသော မြန်မာတို့သည် ရှေးအခါက မြစ်ကြောင်းအသုံးပြု၍ ဝမ်းစာရှာထွက်ကြသော လှေသားများ၊ ရေလုပ်သားများ၊ ရပ်ရွာနှင့် ဝေးကွာနေသူများသည် ဘုရားစေတီအစား သဲပုံစေတီတည်၍ ပူဇော်ခဲ့ပုံ၊ သဲပုံစေတီတည်ရန် အကောင်းဆုံးလမှာ နေပူရှိန်ရ၍ သဲများဖြူဖွေးသန့်စင်သော တပေါင်းလဖြစ်ပုံ၊ သဲပုံစေတီတည်ထားခြင်းမှ ဘုရားပွဲတော်များဖြစ်ထွန်းလာပုံတို့ကို နှီးနွှယ်မှတ်သားရမည်ဖြစ်သည်။ ထို့ပြင် တပေါင်းလကား ခေတ်အဆက်ဆက်စာဆိုတို့၏ လှသောအတွေးပေါင်း ခညောင်းနေသည့် မိန်ရာသီစာပန်းချီဟုဆိုက မှားအံ့မထင်ပါတကား။

## လမြွတ်တပေါင်း

\- ထူးဥတ္တရ ဖလဂုနီ
နက္ခတ်သာကောင်း အကြောင်းစုံညီ
နှစ်ဟောင်းနောက်ဆုံး နှလုံးရွှင်ကြည်
တပေါင်းလ လှပမိန်ရာသီ။

\- သရဖီပန်း ကြိုင်လန်းကာနေ
ဆောင်းဥတုကြွင်း မြူနှင်းကျန်ပေ
ရွက်ဟောင်းကြွေကျ ရွက်လှသစ်ဝေ
ပန်းချီရှုး ခြယ်မှုန်းဝန်းကျင်မလေ။

\- ကမ္ဘလာခင်း မြဆင်းအရောင်
စျာန်ယိုင်ရသေ့ လှပေ့ညွတ်အောင်
ဝေပုရစ်ဖူး အထူးနန်းခေါင်
လေပြည်ရှူး နွေဦးစတင်ဆောင်။

\- ညံစာဆက်ရက် ပင်ထက်လက်ပံ
ဥသြချိုတေး သာအေးနားယံ
တကူကူ ချိုး ပြည်ဖြိုးစေရန်
ရိုးပြတ်ကြား ငှက်များဟိုသည်ပျံ။

\- မြစ်သောင်ခြေဦး နဖူးကမ်းဝယ်
ရေကြက်နှင့်ဗျိုင်း ရေလှိုင်းပေါ်မယ်
စင်ရော်ဝမ်းဘဲ ပျံဝဲကျီစယ်
တောင်ပံယှက် ပျံတက်လေပေါ်နယ်။

\- ရှင်တော်ဗုဒ္ဓ စိတ္တဝယ်ရည်
မူးမြစ်နံဘေး ရှေးရှေးအညီ
တည်ကြအမြဲ သဲပုံစေတီ
ကြည်ညိုဖူး ထူးတဲ့အာရုံတည်။

\- သာသနာရေး လှအေးစုံစွာ
ရွှေတိဂုံမြတ် တည်အပ်ချိန်ခါ
နှစ်တစ်ရာ့သုံး နှလုံးရွှင်သာ
ဗုဒ္ဓဟူး နေ့ထူးလပြည့်ပါ။

\- လောကသုံးပါး ဘုရားမြတ်ဆီ
ပင့်လျှောက်သမှု ကာဠုဒါယီ
ဓမ္မလမ်းခင်း ကြွခြင်းချိန်ညီ
ပြည်ဝင်၏ ကပိလဝတ်ပြည်။

\- ရှင်တော်ဗုဒ္ဓ ညွှန်ပြအခြေ
မမေ့မလျော့ မှတ်လော့စိတ်နေ
ဓမ္မအလင်း ရောင်ဝင်းပါပေ
ထူးခြားမှု အစုစုပါလေ။

\- ပြည်တစ်ခွင်လုံး နှလုံးသာယာ
သီးနှံစပါး ထွက်များချိန်ခါ
လှူဒါန်းပေးကမ်း မဂ်လမ်းကိုရှာ
အလှထပ် လမြွတ်တပေါင်းပါ။ ။

**ထက်မြတ်(သနပ်ခါးမြေ)**

# နိုင်ငံတကာ သတင်းများ

## ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှု ပြည်ပရန်သူနိုင်ငံများကို အီရန်သမ္မတ ပြစ်တင်

**တီဟီရန် မတ် ၄**

အီရန်နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုများအတွက် ပြည်ပရန်သူနိုင်ငံများကို အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီက ယနေ့တွင် အပြစ်တင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလမှစ၍ အနည်းဆုံး အီရန်မြို့ကြီးလေးမြို့တို့ရှိ စာသင်ကျောင်း ၃၀ ကျော်တို့၌ ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုများ အရေအတွက် ရာနှင့်ချီ၍ ထူးထူးဆန်းဆန်းဖြစ်ပွားခဲ့သည်။

ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံခဲ့ရမှုကို အီရန် ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်အတည်ပြုထားသည်။

ကျောင်းသူများ အဆိပ်ခတ်ခံရမှုသည် အီရန်ကျောင်းသားမိဘများနှင့် ကျောင်းသားများကြား အကြောက်တရား ရိုက်သွင်းရန် ကြိုးပမ်းနေသော ပြည်ပရန်သူနိုင်ငံများ၏ လက်ချက်ဖြစ်ကြောင်း အီရန်သမ္မတ ရိုင်စီက မတ် ၃ ရက် ရုပ်သံမိန့်ခွန်း၌ ပြောကြားခဲ့သည်။

သို့သော် အဆိုပါ ပြည်ပရန်သူနိုင်ငံများမှာ မည်သည့်နိုင်ငံများ ဖြစ်ကြသည်ကို သမ္မတရိုင်စီက တိတိကျကျ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

အီရန်ကျောင်းသူများ အဆိပ်ခတ်ခံရမှုသည် အမျိုးသမီးများ ပညာသင်ကြားမှုကို မလိုလားသည့် ဘာသာရေးတစ်ယူသန်အုပ်စုများနှင့် ဆက်စပ်နေနိုင်သည်ဟု အီရန်နိုင်ငံရေး ခေါင်းဆောင်အချို့က ယူဆထားကြောင်း သိရသည်။

KKO

## နိုင်ဂျီးရီးယား၌ ရေနံပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံးလူပေါင်း ၁၂ ဦးသေဆုံး

**အဘူဂျာ မတ် ၄**

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ တရားမဝင် ရေနံသန့်စင်ရေးစခန်းတစ်ခု၌ မတ် ၃ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၁၂ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုသည် ရှဲလ်ရေနံကုမ္ပဏီ၏ ရေနံပိုက်လိုင်းတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုက်လိုင်းမှတစ်ဆင့် ရေနံစိမ်းခိုးဖောက်ရယူရေးအတွက် တရားမဝင် ရေနံချက်သူများက ကြိုးစားနေစဉ် ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ရေနံပိုက်လိုင်းနေရာသည် ရီးဗားစ်ပြည်နယ် အီမိုဟွာဒေသ၌ တည်ရှိကြောင်း သိရသည်။

ရေနံပိုက်လိုင်း ပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ မျှော်လင့်ထားသည်ထက် ပိုများနိုင်ကြောင်း အီမိုဟွာဒေသခံများက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား၏ ရေနံထုတ်လုပ်မှု ဗဟိုချက်ဒေသဖြစ်သော တောင်ပိုင်းဒေသ၌ ရေနံပိုက်လိုင်းများမှ ရေနံများခိုးထုတ်မှု၊ ပိုက်လိုင်းဖျက်ဆီးခံရမှုများ ဖြစ်ပွားတတ်ကြောင်း သိရသည်။ KKO



## ယူကရိန်း၌ ဖြန့်ကြက်ထားသော ရုရှားတပ်ဖွဲ့ဝင်များထံသို့ ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး သွားရောက်



**မော်စကို မတ် ၄**

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ယူကရိန်း၌ ဖြန့်ကြက်ထားသော ရုရှားတပ်ဖွဲ့ဝင်များထံ သွားရောက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားထိပ်တန်းစစ်ခေါင်းဆောင်များသည် တစ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်သော ယူကရိန်း အထူးစစ်ဆင်ရေးအတွင်း ရှေ့တန်းနယ်မြေများသို့ ကိုယ်တိုင်သွားရောက်မှု နည်းပါးခဲ့ကြောင်း သိရသည်။

သို့သော် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ကြေညာချက်အရ ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ဒွန်းနက်စ်ဒေသအတွင်းရှိ ရှေ့တန်းကွပ်ကဲရေးစခန်းတစ်ခုကိုသွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သို့သော် ဆာဂေးရှိုဂူးသွားရောက်ခဲ့သော ရှေ့တန်းကွပ်ကဲမှုစခန်းတည်ရှိရာနေရာ အတိအကျနှင့် သွားရောက်ခဲ့သည့် အချိန်ကို ရုရှား ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး ရုရှားစစ်သည်များအား ဆုတံဆိပ်များ ချီးမြှင့်နေပုံ၊ ပျက်စီးနေသည့် မြို့တစ်မြို့အတွင်း နယ်မြေခံတပ်မှူး တစ်ဦးနှင့်အတူ လှည့်လှည်ကြည့်ရှုနေပုံ ဗီဒီယိုဖိုင်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဆာဂေးရှိုဂူးသည် ရုရှား ကာကွယ်ရေးဝန်ကြီး တာဝန်ကို ၂၀၁၂ ခုနှစ်မှစ၍ ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

## အင်ဒိုနီးရှား၌ လောင်စာဆီသိုလှောင်ကန် ပေါက်ကွဲမီးလောင်မှုကြောင့် အနည်းဆုံး လူပေါင်း ၁၆ ဦး သေဆုံးခဲ့ရ

**ဂျကာတာ မတ် ၄**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မတ် ၃ ရက်က လောင်စာဆီသိုလှောင်ကန်တစ်ခု ပေါက်ကွဲခဲ့ပြီး မီးအကြီးအကျယ် ကူးစက်လောင်ကျွမ်းခဲ့ရာ အနည်းဆုံးလူပေါင်း ၁၆ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



လောင်စာဆီကန် ပေါက်ကွဲမီးလောင်မှုအတွင်း လူပေါင်း ၁၂ ဦးကျော် ပျောက်ဆုံးနေဆဲဖြစ်ရာ အင်ဒိုနီးရှား ရှာဖွေကယ်ဆယ်ရေးသမားများက ယနေ့ထိ မီးသင့်အဆောက်အအုံအပျက်အစီးများကြား၌ ရှာဖွေရေးလုပ်ငန်းများ ပြုလုပ်နေကြဆဲဖြစ်သည်။

နိုင်ငံပိုင် ပါတာမီနာရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီက ထိန်းချုပ်ထားသော အဆိုပါ ရေနံသိုလှောင်ရေးစခန်းသည် လူဦးရေထူထပ်သည့် ဂျကာတာမြို့ကြီးရပ်ကွက်တစ်ခုအတွင်း၌တည်ရှိကြောင်း သိရသည်။

ရေနံ သိုလှောင်ရေးစခန်း မီးလောင်ကျွမ်းမှုကို အင်ဒိုနီးရှား မီးသတ်တပ်ဖွဲ့ဝင် အနည်းဆုံး ဦးရေ ၂၆၀ နှင့် မီးသတ်ယာဉ် ၅၂ စီးတို့က မတ် ၃ ရက် သန်းခေါင်ယံမတိုင်မီမှာပင် ထိန်းချုပ်နိုင်ခဲ့သည်။

ပဏာမစုံစမ်းစစ်ဆေးမှု ရလဒ်များအရ ရေနံသိုလှောင်ရေးစခန်း မီးလောင်ကျွမ်းမှုသည် ပိုက်လိုင်း အက်ကွဲမှုတစ်ရပ်ကြောင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရေနံ သိုလှောင်ရေးစခန်း မီးလောင်မှုအတွင်း အခြားနေရာများသို့ပါ မီးကူးစက်လောင်ကျွမ်းခဲ့ရာ လူပေါင်း ဦးရေ ၁၃၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သိရသည်။ KKO

## အက်စ်ကိုဘာ၏ ရေမြင်းအကောင်ရေ ၇၀ ကို အိန္ဒိယနှင့်မက္ကဆီကိုသို့ ပို့ဆောင်ရန် ကိုလံဘီယာနိုင်ငံ စီစဉ်ထား

**ဘိုဂိုတာ မတ် ၄**

ကမ္ဘာကျော်ကိုလံဘီယာ မူးယစ်ရာဇဝတ်ကောင် အက်စ်ကိုဘာ မွေးမြူခဲ့သော ရေမြင်းများမှ ပေါက်ဖွားလာသော ရေမြင်းများအနက် အနည်းဆုံး အကောင်ရေ ၇၀ ကို အိန္ဒိယနှင့် မက္ကဆီကို နိုင်ငံများသို့ ပို့ဆောင်ရန် ကိုလံဘီယာနိုင်ငံက စီစဉ်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက မတ် ၃ ရက်တွင် ဖော်ပြခဲ့သည်။

အက်စ်ကိုဘာ ပိုင်ဆိုင်ခဲ့ဖူးသော ဟာဆီအန်ဒါနာပိုလက်စ် အမည်ရှိ လယ်တောခြံအတွင်းနှင့် ဝန်းကျင်နယ်မြေများ၌ ပျံ့နှံ့ပေါက်ဖွားနေသော ရေမြင်း အကောင်ရေကို လျှော့ချရေးအတွက် အိန္ဒိယနှင့် မက္ကဆီကိုနိုင်ငံများသို့ ရေမြင်းအကောင်ရေ ၇၀ ထိ ပို့ဆောင်ရန် စီစဉ်ထားခြင်း ဖြစ်သည်။

မူးယစ်ရာဇဝတ်ကောင် အက်စ်ကိုဘာသည် ၁၉၈၀ ပြည့်နှစ်များအတွင်း အာဖရိကတိုက်မှ ရေမြင်းလေးကောင်ကို မှောင်ခိုသွင်းယူ၍ ၎င်း၏ လယ်တောခြံအတွင်း စတင် မွေးမြူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုလံဘီယာရဲတပ်ဖွဲ့ပစ်ခတ်မှုကြောင့် ၁၉၉၃ ခုနှစ်တွင် အက်စ်ကိုဘာ သေဆုံးခဲ့ပြီးနောက် ဟာဆီအန်ဒါနာပိုလက်စ် လယ်တောခြံနှင့် ရေမြင်းများမှာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ခဲ့သည့် အရာများဖြစ်လာကြသည်။

သို့သော် အက်စ်ကိုဘာ၏ ရေမြင်းများသည် လယ်တောခြံနှင့် လယ်တောခြံဝန်းကျင်နယ်မြေများ၌ အကောင်ရေ ၁၃၀ ထိ တိုးလာနိုင်ကြောင်း သိရသည်။

အကယ်၍ ရေမြင်းအကောင်ရေကို ထိန်းချုပ်နိုင်မှုမရှိပါက အက်စ်ကိုဘာ၏ ရေမြင်းအကောင်ရေသည် ရှစ်နှစ်အတွင်း အကောင်ရေ ၄၀၀ ခန့်ထိ တိုးလာနိုင်သည်ဟု ကိုလံဘီယာ တာဝန်ရှိသူများက ခန့်မှန်းထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်အနီးရှိ ဂြိုဟ်သိမ်တစ်စင်းကိုလေ့လာရေးအတွက် ဂြိုဟ်ချင်းကူးအာကာသမစ်ရှင်တစ်ခုလွှတ်တင်ရန် တရုတ်စီစဉ်ထား



**ပေကျင်း မတ် ၄**

ကမ္ဘာဂြိုဟ်အနီးရှိ ဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဂြိုဟ်ချင်းကူး အာကာသမစ်ရှင်တစ်ခု လွှတ်တင်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ဆင်ဟွာ သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဂြိုဟ်ချင်းကူးအာကာသမစ်ရှင်ကို တီယန်ဝန်-၂ မစ်ရှင်ဟူ၍ တရုတ်အမျိုးသားအာကာသအေဂျင်စီက အမည်ပေးထားကြောင်း သိရသည်။

တီယန်ဝန်-၂ မစ်ရှင်ဖြင့် တရုတ်နိုင်ငံသည် 2016 HO 3 အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းပေါ်မှ နမူနာကျောက်သားများကို ရယူ၍ ကမ္ဘာမြေသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။

2016 HO 3 ဂြိုဟ်သိမ်သည် ကမ္ဘာမြေကို လှည့်ပတ်နေရင်းဖြင့် နေကိုပါလှည့်ပတ်နေသော ဂြိုဟ်သိမ်ငယ်တစ်စင်းဖြစ်သည်။

၎င်းဂြိုဟ်သိမ်ကို စူးစမ်းလေ့လာပြီးနောက် တီယန်ဝန်-၂ အာကာသယာဉ်သည် Comet 133 P ဟူ၍ အမည်ပေးထားသော ဂြိုဟ်သိမ်တစ်စင်းဆီသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

ကြာသပတေးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်ကြား ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေ၌ တည်ရှိသည့် Comet 133 P ဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်နှင့်ကြယ်တံခွန်လက္ခဏာ နှစ်မျိုးစလုံးရှိနေသော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားနေရသူများတွင် စိတ်ကျန်းမာရေးပြဿနာ ပေါ်လာနိုင်

**နယူးယောက် မတ် ၄**

ဝိုင်းရပ် ကင်းစင်ပြီးနောက် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားနေကြရသူများတွင် ဦးနှောက်အတွင်း အောက်ဆီဂျင်ဝင်ရောက်မှု နည်းပါးခြင်းပြဿနာနှင့် စိတ်ကျန်းမာရေးပြဿနာများပေါ်လာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နှင့် ကနေဒါသုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားနေရသူများ၌ ပေါ်ထွက်လာတတ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို နားလည်နိုင်ရေးအတွက် လေ့လာမှုပေါင်းနှစ်ခုမှ ပေါ်ထွက်လာသည့်အချက်အလက်များကို ပြန်လည်အသေးစိတ်စိစစ်ခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသည့်ရလဒ်များအရ ကိုဗစ်လက္ခဏာ ရေရှည်ခံစားရသူများ၏ ဦးနှောက်တွင်း၌ အောက်ဆီဂျင်ဝင်ရောက်မှုအဆင့် မျှော်လင့်ထားသလောက် မြင့်တက်လာမှုမရှိကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ထို့ပြင် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရသူများတွင် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းမှုပြဿနာနှင့် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်အတွင်း အောက်ဆီဂျင်ဝင်ရောက်မှုကျဆင်းခြင်းသည် ကိုဗစ်ကြောင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပျက်စီးရမှု၏ အကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

KKO

## Crew Dragon အာကာသလူသယ်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် မတ် ၄**

Crew-6 မစ်ရှင်ဖြင့် Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သည့် Crew Dragon အာကာသလူသယ်ယာဉ်သည် မတ် ၃ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် Crew Dragon တို့သည် ဆိုမာလီယာကမ်းရိုးတန်း အထက်အမြင့် ၂၆၀ မိုင်အကွာ ပတ်လမ်းပေါ်တွင် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်ရာ၌ အသုံးပြုသည့် ချိတ် ၁၂ ခုအနက် တစ်ခုတွင် အာရုံခံစနစ်ပြဿနာတစ်ရပ် ပေါ်လာမှုကြောင့် Crew Dragon




အနေဖြင့် မူလစီစဉ်ထားသည်ထက် တစ်နာရီနောက်ကျပြီးမှသာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်ပြီးနောက် Crew Dragon ဖြင့် လိုက်ပါသွားသော အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူးနှစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ယူအေအီးအာကာသယာဉ်မှူး တစ်ဦးတို့သည် အာကာသစခန်းယာဉ်အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။

Space-X နှင့် နာဆာတို့သည် အဆိုပါအာကာသလူသယ်ယာဉ်ကို မတ် ၂ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် အင်ဒီဗရေးဟူ၍ အမည်ပေးထားသော ၎င်းအာကာသ လူသယ်ယာဉ်အတွက် စတုတ္ထမြောက် နိုင်ငံတကာအာကာသစခန်း ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ KKO

## နေ့စဉ် ခြေလှမ်း ၅၀၀ ပိုလျှောက်ခြင်းဖြင့် သက်ကြီးပိုင်းများ နှလုံးဖောက်နိုင်ခြေလျှော့ချနိုင်

**နယူးယောက် မတ် ၄**

အသက် ၇၀ ခန့်အရွယ် သက်ကြီးပိုင်းများအနေဖြင့် နေ့စဉ်လမ်းလျှောက်ရာတွင် ခြေလှမ်း ၅၀၀ မျှ ပုံမှန်ထက်ပိုလျှောက်ပေးခြင်းဖြင့် နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အလာဘားမားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သက်ကြီးပိုင်းများအနေဖြင့် နေ့စဉ်လမ်းလျှောက်ရာတွင် ပုံမှန်ထက်ခြေလှမ်း ၅၀၀ ပိုလျှောက်ပေးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေကို ၁၄ ရာခိုင်နှုန်းထိလျှော့ချနိုင်ကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သည့် သုတေသနလုပ်ငန်းအများစုမှာ သက်ငယ်ပိုင်းနှင့်သက်လတ်ပိုင်းအရွယ်များ၏ နှလုံးသွေးကြောကျန်းမာရေးကို အဓိကထားပြုလုပ်ခဲ့ကြသော လေ့လာမှုများဖြစ်ကြပြီး နေ့စဉ်လမ်းလျှောက်သင့်သည့် ခြေလှမ်းအရေအတွက် ၁၀၀၀၀ နှင့်အထက် လျှောက်သင့်သည်ဟု အကြံပြုထားကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အသက် ၇၀ ခန့် သက်ကြီးပိုင်းများအနေဖြင့် တစ်ရက်လျှင် ပျမ်းမျှခြေလှမ်း ၄၅၀၀ ထိ လျှောက်သင့်ပြီး ၎င်းခြေလှမ်းအရေအတွက်တွင် နေ့စဉ်ခြေလှမ်း ၅၀၀ ထက်တိုးလျှောက်ပါက နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုကဲ့သို့ နှလုံးသွေးကြောဆိုင်ရာပြဿနာများပေါ်လာနိုင်ခြေ ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## လွန်ခဲ့သောနှစ်သန်း ၃၆၀ ခန့်က ငါးမန်းနှင့်ပုံစံချင်းတူသည့် ကမ္ဘာဦးသတ္တဝါတစ်မျိုး အမေရိကန်နိုင်ငံ ကလီဗီးလန်းမြို့နေရာ၌ ရှင်သန်ကျက်စားခဲ့

**ဝါရှင်တန် မတ် ၄**

ငါးမန်းနှင့်ပုံစံချင်းတူသည့် ထူးဆန်းသော ကမ္ဘာဦးသတ္တဝါတစ်မျိုးသည် ယနေ့ခေတ် အမေရိကန်နိုင်ငံ ကလီဗီးလန်းမြို့နေရာ၌ တည်ရှိခဲ့ဖူးသော သမအပူပိုင်းဒေသ ရေတိမ်ဒေသအတွင်း လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၃၆၀ ခန့်က ရှင်သန်ကျက်စားခဲ့ကြောင်း The Daily Mail သတင်းစာက မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Dunkleosteus ဟူ၍အမည်ပေးထားသော ၎င်းရေသတ္တဝါသည် ကိုယ်ခန္ဓာအလျား ၁၁ ပေနှင့် ၁၃ ပေကြားထိ ရှိနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင်က Dunkleosteus ရေသတ္တဝါ၏ အရွယ်အစားကို ကိုယ်ထည်အလျား ပေ ၃၀ ထိရှိနိုင်ကြောင်း ယူဆခဲ့ကြသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ Dunkleosteus ၏ ကိုယ်ခန္ဓာအရွယ်အစားမှာ ၁၁ ပေနှင့် ၁၃ ပေကြားသာ ရှိနိုင်ပြီး ကိုယ်အလေးချိန်မှာလည်း အလျား ၁၅ ပေရှိ ဂရိတ်ဝိုက်ငါးမန်းတစ်ကောင်၏ အလေးချိန်လောက်သာ ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကိုယ်ခန္ဓာတည်ဆောက်ပုံအရ Dunkleosteus ၏ ကိုယ်လုံးမှာ လုံးလုံးဝိုင်းဝိုင်း ရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ဆထားကြောင်း သိရသည်။

Dunkleosteus များသည် ကမ္ဘာပေါ်၌ ပထမဆုံးပေါ်ထွက်လာသည့် ကျောရိုးပါရေမသားရဲသတ္တဝါများထဲတွင် ပါဝင်ကြောင်း သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# လိုက်ပ်ဇစ်ကစားသမား ဆိုဘော့ဇလာရိုကို ခေါ်ယူရန် ချဲလ်ဆီးအသင်း သဘောတူညီမှုရရှိ

**လန်ဒန် မတ် ၄**

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ လိုက်ပ်ဇစ်အသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၂၂ နှစ်ရှိ ဆိုဘော့ဇလာရိုကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ် ကစားသမား ဆိုဘော့ဇလာရိုသည် ယခုနှစ်ဘောလုံးရာသီ လိုက်ပ်ဇစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၁ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုးငါးဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းတာဝန်ရှိသူများက ကွင်းလယ်ပိုင်းဖြည့်တင်းရန်အတွက် ပြီးခဲ့သည့်နှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလ ကတည်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ယခုအချိန်မှသာ ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဆိုဘော့ဇလာရိုသည် လိုက်ပ်ဇစ်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းရှိသေးသော်လည်း ချဲလ်ဆီးအသင်းတာဝန်ရှိသူများက ငွေကြေးသုံးစွဲမှုပြုလုပ်၍ လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများ ထပ်မံပြုလုပ်လျက်ရှိရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ကွင်းလယ်ပိုင်းအတွက် ဘင်ဖီကာ ကစားသမား အန်ဇိုဖာနန်ဒက်စ်ကို စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၇ သန်းဖြင့် ခေါ်ယူခဲ့သော်လည်း အသင်းအနေဖြင့် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိဘဲ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၃၁ မှတ်ဖြင့် အဆင့် (၁၀) နေရာတွင်သာ ရောက်ရှိနေသောကြောင့် အလားအလာကောင်းများရှိသည့် လူငယ်ကစားသမား ဆိုဘော့ဇလာရိုကို ထပ်မံခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML



### ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ရလဒ်

| | | | |
|---|---|---|---|
| မန်စီးတီး | ၂ | ၀ | နယူးကာဆယ် |
| အာဆင်နယ် | ၃ | ၂ | ဘုန်းမောက် |
| အေဗာတန် | ၁ | ၀ | ဘရင့်ဖို့ဒ် |
| ဘရိုက်တန် | ၄ | ၀ | ဝက်စ်ဟမ်း |
| ချဲလ်ဆီး | ၁ | ၀ | လိဒ်း |
| ဝုဗ် | ၁ | ၀ | စပါး |

(ဝ၄ဝ)

### အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းတိုက်စစ်မှူး ဖာမင်နိုက လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဟုပြောကြားခဲ့ပြီးနောက် ချိန်ဘာလိန်းနှင့် နာဘီကီတာတို့လည်း နွေရာသီတွင် အသင်းမှထွက်ခွာမည်ဟု ပြောကြားခဲ့သည်။
- ပဲလေ့စ်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ဇာဟာကို ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ကမ်းလှမ်းလျက်ရှိကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) တွင် ISPE အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် မတ် ၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်ISPE အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် သူရိန်ထွန်းက ISPE အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းကလည်း ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပထမပိုင်းအပြီးတွင် ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြဝတီအက်စ်ဖ်စီအသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် တိုက်စစ်မြှင့်ဖိအားပေးကစားမှုများကြောင့် ပိုမိုအကြိတ်အနယ် ရှိလာခဲ့သော်လည်း ပွဲချိန် ၇၂ မိနစ်တွင် သူရိန်ထွန်းကပင် ISPE အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ISPE အသင်းက ဦးဆောင်ဂိုး နှစ်ဂိုးရရှိခဲ့ပြီးနောက် ပွဲကိုထိန်းချုပ်ကစားရန်ကြိုးပမ်းလာခဲ့ပြီး မြဝတီအက်ဖ်စီအသင်းကလည်း ပိုမိုဖိအားပေးကစားခဲ့သော်လည်း ဂိုးသွင်းခွင့် အခွင့်အရေးများကိုအသုံးချနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# အာဂျင်တီးနားအသင်း၏ ခြေစမ်းပွဲကစားမည့် ကစားသမားစာရင်းတွင် ဂါနာချို ပထမဆုံးရွေးချယ်ခံရ

**ဗျူနိုစ်အေးရိစ် မတ် ၄**

ကမ္ဘာ့ဖလားချန်ပီယံဆု ရယူနိုင်ခဲ့သည့် အာဂျင်တီးနားအသင်းက လာမည့် မတ် ၂၄ ရက်နှင့် ၂၇ တွင် ခြေစမ်းပွဲစဉ်ကစား၍ ပရိသတ်များနှင့်အောင်ပွဲခံမှု အခမ်းအနားကျင်းပရန် စီစဉ်ခဲ့ပြီး ခြေစမ်းပွဲစဉ်အတွက် ကစားသမားစာရင်းထုတ်ပြန်ခဲ့ရာ မန်ယူအသင်းတိုက်စစ်ကစားသမား ဂါနာချို ပထမဆုံးအကြိမ် ပါဝင်လာခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ တိုက်စစ်ကစားသမား ဂါနာချိုသည် ယခုနှစ်ဘောလုံးရာသီ မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၇ ပွဲတွင် သွင်းဂိုးငါးဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြကစားနေသည့်အတွက် နည်းပြစကာလိုနီ၏ ကစားသမားစာရင်းတွင် ပထမဆုံးအကြိမ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်များကို လာမည့် မတ် ၂၄ ရက်တွင် ပနားမားအသင်းနှင့်လည်းကောင်း၊ လာမည့် မတ် ၂၇ ရက်တွင် ကျူရာကာအို အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲစဉ်များကစားကာ ကမ္ဘာ့ဖလားအောင်ပွဲအထိမ်းအမှတ်အဖြစ် ပရိသတ်များနှင့် အောင်ပွဲခံမှုအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နည်းပြစကာလိုနီ ထုတ်ပြန်ခဲ့သည့် ကစားသမား ၃၅ ဦးစာရင်းတွင် ဂိုးသမားများအဖြစ် အေဗီလာမှ မာတီနက်ဇ်၊ ရေဗားပလိတ်မှ အာမန်နီ၊ အေဂျက်မှ ရူလီ၊ ခံစစ်ကစားသမားများအဖြစ် အေတီကိုမှ မိုလီနာ၊ စပါးမှ ရိုမီယို၊ ဘင်ဖီကာမှ အော့တမန်ဒီ၊ လိုင်ယွန်မှ တာဂလီဖီကာအို၊ ဆီဗီလာမှ မွန်တီရယ်နှင့် အက်ကျူနာ၊ ဘက်တစ်မှ ပက်ဇယ်လာ၊ မန်ယူမှ လီဆန်ဒရို၊ ဗီလာရီးရဲလ်မှ ဖွာအန်ဖွိုဒ်၊ အယ်ချီမှ ဘလန်ကို၊ အူဒီးနီးစ်မှ ပီးရက်ဇ်၊ ကွင်းလယ်ပိုင်းတွင် အေတီကိုမှ ဒီပေါလ်၊ ဂျူဗင်တပ်မှ ပါရီဒက်စ်၊ ဘက်တစ်မှ ရိုဒရီဂွက်၊ ဆီဗီလာမှ ဂိုမက်၊ ဘရိုက်တန်မှ အယ်လစ်စတာနှင့်ဖာကန်ဒို၊ ဘိုင်ယန်မှ ပါလာစီအို၊ ချဲလ်ဆီးမှ အန်ဇိုဖာနန်ဒက်စ်၊ မန်စီးတီးမှ ပါရွန်နီ၊ ဗီလာရီးရဲလ်မှ လိုဆယ်ဆို၊ အတ္တလန်တာမှ အယ်မာဒါ၊ အင်တာမီလန်မှ ကာဘိုနီ၊ တိုက်စစ်ပိုင်းတွင် ပီအက်စ်ဂျီမှ မက်ဆီ၊ အင်တာမှ လူတာရို၊ ဂျူဗင်တပ်မှ ဒီမာရီယာ၊ မန်ယူမှ ဂါနာချို၊ အေတီကိုမှ ကော်ရီယာ၊ ဖီအိုရင်တီးနားမှ ဂွန်ဇာလက်၊ မန်စီးတီးမှ အယ်ဗာရက်ဇ်၊ ရိုးမားမှဒိုင်ဘာလာနှင့် အေဗီလာမှ ဘူအန်ဒီယာတို့ ပါဝင်ကြောင်း သိရသည်။

ML

# ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမားကာစီဒို အသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုး

**လန်ဒန် မတ် ၄**

ပရီးမီးယားလိဂ် ကလပ်အသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမားကာစီဒိုသည် ဘရိုက်တန်အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇန်နဝါရီ အပြောင်းအရွှေ့ကာလကလည်း အာဆင်နယ်အသင်းက ကာစီဒိုအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့်ခေါ်ယူရန် နီးစပ်ခဲ့သော်လည်း ဘရိုက်တန်အသင်း တာဝန်ရှိသူများက ပယ်ချခဲ့သောကြောင့် အပြောင်းအရွှေ့ ပျယ်ပြယ်ခဲ့ရပြီးနောက် ကစားသမားကိုယ်တိုင်က အသင်းမှထွက်ခွာရန် တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၅၀၀၀ ရရှိနေသည့် ကာစီဒိုသည် ၂၀၂၀ ပြည့်နှစ်က ငါးနှစ်စာချုပ်ဖြင့် အသင်းသို့ ရောက်ရှိခဲ့ပြီး လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ထိပ်သီးကလပ်အသင်းများ၏ ခေါ်ယူမှုမှ ကာကွယ်နိုင်ရန် ဘရိုက်တန်အသင်းက လာမည့်၂၀၂၇ ခုနှစ်ထိ နှစ်နှစ်သက်တမ်းတိုးစာချုပ်ထပ်မံချုပ်ဆိုနိုင်ခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိခဲ့သည်။

ဘရိုက်တန်အသင်း နည်းပြဒီဇာဘီက "အသင်းအနေနဲ့ကာစီဒိုလို ခြေစွမ်းပြကစားသမားတစ်ဦးကို



စာချုပ်သက်တမ်း တိုးနိုင်တာဟာ သတင်းကောင်းတစ်ခု ဖြစ်ပါတယ်။ သူဟာ ဘရိုက်တန်အသင်းရဲ့ ခံစစ် တိုက်စစ်ကို အကောင်းဆုံး ဖော်ဆောင်ပေးနိုင်သူပါ။ ဒါ့ပြင် ကာစီဒိုအနေနဲ့ အသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပြီး ရည်မှန်းချက်တွေဖြည့်ဆည်းပေးနိုင်မှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# မန်ယူအသင်း တစ်လတာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် သုံးလဆက်ရရှိ

**မန်ချက်စတာ မတ် ၄**

မန်ယူအသင်း တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်သည် ဖေဖော်ဝါရီလအတွက် မန်ယူအသင်းတစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် နောက်ဆုံးသုံးလဆက်တိုက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် ရက်ရှ်ဖို့ဒ်သည် ဖေဖော်ဝါရီလအတွင်းကစားခဲ့သည့် ပွဲစဉ်သုံးပွဲတွင်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အသင်းဖော်များဖြစ်သည့် ကက်စ်မဲရိုးနှင့် ဒီဂီယာတို့ကို ကျော်ဖြတ်ပြီး တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပြန်လည် ကျင်းပခဲ့သည့်အချိန်တွင် မန်ယူအသင်းမှ စီရော်နယ်ဒိုထွက်ခွာခဲ့ပြီးနောက် ရက်ရှ်ဖို့ဒ်သည် အသင်းတိုက်စစ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် မန်ယူအသင်း၏ဒီဇင်ဘာလနှင့်ဇန်နဝါရီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုတို့ကို ရရှိခဲ့သည့်အပြင် ယခုအခါတွင်လည်း ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည့်အတွက် သုံးလဆက်တစ်လတာ အကောင်းဆုံး ကစားသမားဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# WBA Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို မူရက် ဆွတ်ခူး

**ယီရိုဗန် မတ် ၄**

WBA Inter-Continental ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲစဉ်အဖြစ် ရုရှားလက်ဝှေ့သမား မူရက်နှင့် အမေရိကန် လက်ဝှေ့သမား ဘာလိုဂန်တို့ ယနေ့တွင် အာမေနီးယားနိုင်ငံ ယီရီဗန်မြို့တွင် ထိုးသတ်ခဲ့ရာ မူရက်က အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း The Ring သတင်းဌာနက ဖော်ပြခဲ့သည်။



သံမဏိလူသားဟု အမည်ပြောင်ရထားသည့် မူရက်သည် ဒုတိယမြောက်အချီတွင် ဘာလိုဂန်အား အားပါပြင်းထန်သည့် ညာဝိုက်လက်သီးဖြင့် အလဲထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာလိုဂန်သည် မူရက်၏ထိုးချက်ကြောင့် မျက်နှာနှင့်ကြမ်းပြင်ရိုက်မိခဲ့ပြီး ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေ၍ စောင့်ဆိုင်းခဲ့သော်လည်းဘာလိုဂန်သည်ပြန်ထလာနိုင်ခြင်းမရှိသည့်အတွက် ကြိုးဝိုင်းဒိုင်က စိန်ခေါ်ပွဲအား ရပ်ဆိုင်းကာ မူရက်ကို အနိုင်ပေးသွားခဲ့သည်။

အသက် ၂၉ နှစ်အရွယ် မူရက်နှင့် အသက် ၃၉ နှစ်အရွယ် ဘာလိုဂန်တို့ကြား အသက်အရွယ်ကွာဟမှု ၁၀ နှစ်ထိရှိခဲ့ပြီး ကြံ့ခိုင်မှုအပိုင်းနှင့် လှုပ်ရှားမှုအပိုင်းမှာ မူရက်က အားသာခဲ့သည်။

မူရက်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲပေါင်း ၃၁ ပွဲထိုးသတ်ခဲ့ပြီး ရှုံးပွဲတစ်ပွဲသာရှိခဲ့သည်။

ယင်းရှုံးပွဲမှာလည်း ၂၀၁၈ ခုနှစ်က လက်ရှိ ကမ္ဘာ့ဟဲဗီးဝိတ်တန်းလောက၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်အား အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

မူရက်က "အလက်ဇန္ဒားကို ရှုံးနိမ့်ခဲ့ရပြီးနောက်ပိုင်း လက်ဝှေ့လောကကနေ တစ်နှစ်လောက် အနားယူခဲ့တယ်။ အနားယူနေရာကနေ ကြိုးဝိုင်းထဲပြန်ဝင်လာပြီး နောက်ပိုင်းရှုံးပွဲမရှိသေးတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ ဒီနှစ်တွေထဲမှာ သိပ်ပြီးတော့ မထိုးသတ်ဖြစ်ခဲ့ဘူး။ ၂၀၁၈ ခုနှစ်နောက်ပိုင်းစိန်ခေါ်ပွဲလေးပွဲပဲထိုးသတ်ထားတယ်။ အချိန်တွေတော့တော်တော်လေးကုန်သွားခဲ့တယ်။ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ပြန်ယူဖို့အတွက် ကျွန်တော်အကောင်းဆုံးကြိုးစားသွားမယ်။ ခရူဆာဝိတ်တန်းမှာတုန်းက ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ပိုင်ဆိုင်ခွင့်ရခဲ့တယ်။ အခု ဟဲဗီးဝိတ်တန်းမှာလဲ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ဆွတ်ခူးနိုင်အောင်ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# AFC Women's Football Day 2023 အမျိုးသမီးဘောလုံးပွဲတော် ကျင်းပ

**ရန်ကုန် မတ် ၄**

အာရှဘောလုံးအဖွဲ့ချုပ် (AFC) ၏ AFC Women's Football Day 2023 အမျိုးသမီးဘောလုံးပွဲတော်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) က ကြီးမှူးပြီး ယနေ့နံနက် ၇ နာရီကရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

AFC Women's Football Day 2023 အမျိုးသမီး ဘောလုံးပွဲတော်သို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမ ဦးရေ ၄၀၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀၀ ပါဝင်ဆင်နွှဲခဲ့ကြသည်။

AFC Women's Football Day 2023 အမျိုးသမီး ဘောလုံးပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးကိုကိုဌေး (ပညာရေးဝန်ကြီးဌာနကိုယ်စားပြု)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီဒုတိယဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံ အမျိုးသမီးဘောလုံးကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်နှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် တာဝန်ရှိသူများက ကွင်းအတွင်းသို့ ဘောလုံးများကန်ကာ ဖွင့်လှစ်ပေးခဲ့ပြီးနောက် AFC Women's Football Day 2023 အမျိုးသမီးဘောလုံးပွဲတော် အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

ယင်းနောက် AFC Women's Football Day 2023 အမျိုးသမီးဘောလုံးပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှ ကစားသမားများက အဖြူသင်းနှင့် အပြာသင်းဟူ၍ နှစ်သင်းခွဲကာ ခြေစမ်းပွဲကစားခဲ့ပြီးနောက် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

# Mexican Open ပြိုင်ပွဲဗိုလ်လုပွဲစဉ်သို့ အမေရိကန်ကစားသမား တွမ်မီပေါလ် တက်ရောက်

**မက္ကဆီကိုစီးတီး မတ် ၄**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Mexican Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမားများ ဖြစ်ကြသော တွမ်မီပေါလ်နှင့် တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တွမ်မီပေါလ်က (၆-၃၊ ၆-၇၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တွမ်မီပေါလ်နှင့် တေလာဖရစ်ဇ်တို့သည် ကွင်းပြင်ပတွင် ခင်မင်ရင်းနှီးကြသည့် မိတ်ဆွေများဖြစ်ကြသလိုအတူတကွလက်တွဲလေ့ကျင့်လေ့ရှိကြသည့် တင်းနစ်ကစားသမားနှစ်ဦးဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးကစားဟန်ကို သိထားသည့်အတွက်ကြောင့်လည်း အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

တွမ်မီပေါလ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် Tie-break အဆင့်ထိ ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ရှုံးနိမ့်ကာ တတိယပွဲငယ်တွင် ပြန်လည်အနိုင်ရခဲ့ပြီး (၂-၁) ရလဒ်ဖြင့် ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်သွားခဲ့ခြင်း ဖြစ်သည်။

တွမ်မီပေါလ်က "ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ခဲ့ပေမဲ့လဲ ကျွန်တော်မပျော်ဘူး။ တေလာနဲ့ပွဲစဉ်မှာ ပွဲချိန်ကြာသွားတဲ့အတွက် အရမ်းပင်ပန်းနေတယ်။ ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ခဲ့တာဟာ ဝမ်းသာဂုဏ်ယူစရာဆိုပေမဲ့လဲ ဗိုလ်လုပွဲစဉ်မှာပွဲပန်းဒဏ် မခံစားရအောင် ဘယ်လိုအနားယူသွားရမလဲ ဆိုတာကိုပဲ စဉ်းစားနေရတယ်။ ၂၀၂၃ ခုနှစ် တင်းနစ်ရာသီမှာ ဆုဖလားတွေရယူနိုင်ဖို့နဲ့ ကမ္ဘာ့အဆင့် ကောင်းလာဖို့အတွက် ရည်မှန်းချက်ထားပြီး ကြိုးစားနေပါတယ်။ ကျွန်တော့်အနေနဲ့ ATP Tour မှာ ဆုဖလားတစ်လုံးပဲ ဆွတ်ခူးထားနိုင်သေးတဲ့အတွက် အောင်မြင်မှုတွေ ဆွတ်ခူးချင်တယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားကစားခဲ့တယ်။ အဆင့်တိုင်းခက်ခဲတဲ့ ပြိုင်ဘက်တွေကို ရင်ဆိုင်ခဲ့ရတယ်။ တေလာနဲ့ပွဲစဉ်ကတော့ ကျွန်တော့်အတွက် အခက်အခဲဆုံး ပွဲစဉ်တစ်ပွဲပါပဲ။ ပွဲပန်းနေပေမဲ့လဲ ဗိုလ်လုပွဲစဉ်မှာ အကောင်းဆုံး ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Arnold Palmer Invitational ပြိုင်ပွဲအမှတ်ပေးဇယားကို ကီတာယာမာ ဦးဆောင်

**ဖလော်ရီဒါ မတ် ၄**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုတွင် ကျင်းပနေသည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကီတာယာမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ဂျော်ဒန်စပိုက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားရှက်ဖ်လီနှင့် ကနေဒါဂေါက်သီးရိုက်ကစားသမား ကွန်နာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကီတာယာမာက "ဒုတိယနေ့အပြီးမှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် ချန်ပီယံဆုအတွက် ပြိုင်ပွဲဝင်နေတယ်လို့ ခံစားမိလာတယ်။ ပထမနေ့ရဲ့ ရလဒ်ပိုင်းကိုသိပ်ပြီးတော့ အားရကျေနပ်မှုမရှိခဲ့ဘူး။ ချန်ပီယံဆုအတွက်လဲ မျှော်လင့်လို့ရတယ်လို့ စိတ်ထဲမှာ မခံစားမိဘူး။ ဒါပေမဲ့လဲ ဒုတိယနေ့အပြီးမှာတော့ စိတ်ခံစားမှုတွေ ပြောင်းလဲသွားတယ်။ လေတိုက်နှုန်းကြမ်းတဲ့အတွက် ဒုတိယနေ့က ပထမနေ့ထက် ပိုပြီးတော့ကစားရခက်ခဲခဲ့တယ်။ ဒါပေမဲ့လဲ အခက်အခဲကြားကနေ ရလဒ်ကောင်းရအောင်ကစားနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

### ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၂၃) ရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၂ | - | ၁ | ဝါဒါဘရီမင် |
| ဘိုချန် | ၀ | - | ၂ | ရှော်လ်ကေး |
| ဂလာဘတ် | ၀ | - | ၀ | ဖရိုင်းဘတ် |
| မိန့်ဇ် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ယူနီယံဘာလင် | ၀ | - | ၀ | ကိုလုံး |

(၀၄၀)

# ဈေးကွက်ရရှိရေးအတွက်အရေးပါသည့် ကုန်ထုတ်လုပ်မှုစရိတ်လျှော့နည်းရေး

ပြည်ပပို့ကုန်မှ ဝင်ငွေရရေးတွင် ပို့ကုန်ရှိရန်၊ အရည်အသွေးကောင်းရန်နှင့် ရောင်းဈေးသင့်တင့်မှုတရန်ဟူသော အချက်သုံးချက်သည် အဓိကဖြစ်သည်။ အခြားအကြောင်း များစွာရှိသော်လည်း အထက်ပါအချက်သုံးချက်သာ ကောင်းမွန်ညီညွတ်လျှင် ရောင်းထွက်ရန်လည်းသေချာသည်။ ပြည်ပပို့ကုန်ဟု ဆိုရသော်လည်း ပြည်တွင်းဈေးကွက်အတွက် လိုအပ်ချက်မှာလည်း ဤသုံးချက်ပင်ဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်သူတိုင်းနှင့် ရောင်းသူတိုင်းသည် ဈေးကွက်မှလိုလားသော အရည်အသွေးနှင့် အရေအတွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရန်ဆောင်ရွက်ရသည်။ ယခု EV ကားများကိုကြည့်လျှင် ဈေးနှုန်းနှင့်ဈေးကွက်သည် ဘက်ထရီပေါ်တွင် မူတည်နေသည်ကို တွေ့နိုင်သည်။ ကုန်ပစ္စည်းတစ်ခု တန်ဖိုးသင့်တင့်ရေးနှင့် ဈေးကွက်တွင် တွင်ကျယ်စွာရောင်းနိုင်ရေးတို့အတွက် လိုအပ်ချက်မှာ အရည်အသွေးမြင့်မားရေး၊ ကုန်ထုတ်လုပ်မှုစရိတ် နည်းပါးရေး၊ ရောင်းဈေးသင့်တင့်ရေး တို့ဖြစ်သည်။ ရည်ရွယ်သော ဝယ်သူကိုလိုက်၍ အရည်အသွေး၊ အရေအတွက်နှင့် ရောင်းဈေးတို့သည် ပြောင်းလဲနေသော်လည်း အရည်အသွေးကိုလိုက်၍ သင့်တင့်သော ဈေးဖြစ်ရန်လိုအပ်သည်။ လယ်ယာထွက်ကုန်များကိုကြည့်လျှင် ဈေးကွက်ဝင်ရောက်နိုင်ရေး အားလုံး၏အသက်သည် ကုန်ထုတ်လုပ်မှုစရိတ် နည်းပါးရေးပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းတို့မှ အသင်းဝင်များဖြစ်သည့် စားသုံးဆီတင်သွင်းသည့် Importers များ၊ ဆီစက်ပိုင်ရှင်များနှင့် ပြည်တွင်းစားသုံးဆီတိုးမြှင့်ထုတ်လုပ်ရေးနှင့် စားသုံးဆီဖူလုံရေးကိစ္စများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံများကို ဖူလုံပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီစက်များအတွက် လိုအပ်သောကုန်ကြမ်းကို ဖူလုံရန်လိုအပ်သည်။ ထို့ပြင် ဆီထွက်သီးနှံများမှ စားသုံးဆီများကို ကြိတ်ခွဲထုတ်လုပ်သွားရန်လည်း လိုအပ်သည်။ တစ်နည်းဆိုရလျှင် နေကြာ၊ မြေပဲ၊ နှမ်းစသည့်ဆီထွက်သီးနှံများသည် စားသုံးဆီကြိတ်ခွဲရန်အတွက် လိုအပ်သောကုန်ကြမ်းများဖြစ်သည်။ ထိုကုန်ပစ္စည်းသီးနှံများကို စတင်စိုက်ပျိုးသည်မှ သီးနှံအဖြစ်တစ်နည်းဆိုလျှင် စားသုံးဆီများ၏ ကုန်ကြမ်းအဖြစ်ထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ် သက်သာမှသာလျှင် စားသုံးဆီအတွက် လိုအပ်သော အရည်အသွေးကောင်းကုန်ကြမ်းများကို ပြည်တွင်းဆီစက်များမှ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူကြိတ်ခွဲနိုင်ပြီး အရည်အသွေးကောင်းပြီး ဈေးသက်သာသော ပြည်တွင်းထုတ်စားသုံးဆီများ ရရှိနိုင်မည်ဖြစ်သည်။ ရောင်းဈေးသက်သာပြီး တောင်သူများအတွက်လည်း အကျိုးအမြတ်ကောင်းစေသည့် နည်းလမ်းမှာ ကုန်ထုတ်စွမ်းအားမြင့်ပြီး ကုန်ထုတ်လုပ်မှုစရိတ် သို့မဟုတ် စိုက်ပျိုးစရိတ်နည်းပါးမှသာ ဈေးသက်သာသော၊ အရည်အသွေးကောင်းသော ဆီထွက်သီးနှံကုန်ကြမ်းများကို ဝယ်ယူရရှိနိုင်ပြီး စားသုံးဆီကိုလည်း ကုန်ထုတ်လုပ်မှုစရိတ် သက်သက်သာသာဖြင့် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သည်။

**ရောင်းဈေးနှုန်းအတွက် အဓိကအချက်များ**

ထုတ်လုပ်သူများ၊ ကုန်ရောင်းသူများအားလုံးအတွက် ရောင်းကုန်ကို ဈေးနှုန်းတစ်ခုသတ်မှတ်ထားရန် လိုအပ်သည်။ ထိုသို့ ဈေးနှုန်းသတ်မှတ်ရာတွင် အဓိကအချက်များမှာ အခြေခံကုန်ကျစရိတ်များ၊ လစာနှင့်အခြားစရိတ်များနှင့်အမြတ်ရာခိုင်နှုန်းတစ်ခုတို့ကို ထည့်သွင်းစဉ်းစားကြသည်။ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုး၊ မြေဩဇာအစရှိသော သွင်းအားစုများ၊ လုပ်သားခ၊ သယ်ယူပို့ဆောင်ခများ၊ လေလွင့်ဆုံးရှုံးမှုများကိုပေါင်း၍ စိုက်စရိတ်အဖြစ် သတ်မှတ်ကြသည်။ ရောင်းဈေးနှုန်းတစ်ခု သတ်မှတ်နိုင်ရန်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်သည် အရေးအကြီးဆုံးဖြစ်သည်။ ကုန်ကြမ်းဖြစ်စေ၊ ကုန်ချောဖြစ်စေ ထုတ်လုပ်မှုကုန်ကျစရိတ်ပေါ်တွင် ရောင်းဈေးကို သတ်မှတ်ကြသည်ဖြစ်၍ ကုန်ကျစရိတ်များလျှင် ရောင်းဈေး မြင့်မားမည်သာဖြစ်သည်။ ရောင်းဈေးများကို ချိန်ဆနိုင်ရန်မှာ ကုန်ကျစရိတ်ကိုတွက်ချက်ထားရန်လိုအပ်သည်။ မည်သည့်အတွက် ကုန်ကျစရိတ်ကို တွက်ချက်နေရသနည်းဆိုပါက ကိုယ်ပိုင်ငွေကြေးအင်အားအတွက်ဖြစ်သည်။ ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်နေသည့်အခါတွင် ကုန်ကျစရိတ်ကိုချင့်ချိန်နိုင်မှသာ ကုန်မည်မျှထုတ်လုပ်မည်၊ မည်မျှအကုန်ခံ၍ ကုန်ပစ္စည်းထုတ်လုပ်နိုင်မည်ကိုသိရန် အရေးကြီးသည်။ စက်ရုံ၊ အလုပ်ရုံများတွင် အခြေခံကုန်ကျစရိတ်မှာ ကုန်ကြမ်းစရိတ်၊ အလုပ်သမားခနှင့် စီမံခန့်ခွဲစရိတ် သုံးမျိုးဖြစ်သည်။ ထိုစရိတ်သုံးမျိုးပေါ် အခြေခံပြီး ရောင်းဈေးနှုန်းသတ်မှတ်ကြသည်။ စတင်ထုတ်လုပ်စအချိန်တွင် ကုန်စည်အသစ်ကို မိတ်ဆက်သည့်အနေဖြင့် အရှုံးခံရောင်းချပေးနေရသည်မျိုး ကြုံရတတ်သည်။ တွင်တွင်ကျယ်ကျယ်ရောင်းချနိုင်လာချိန်တွင်မှသာ အမြတ်ရာခိုင်နှုန်း၊ ငွေဖောင်းပွမှုနှုန်း၊ ငွေလဲနှုန်းနှင့် အတိုးနှုန်းများပေါ်တွင်အခြေခံကာ အမြတ်ရာခိုင်နှုန်းတစ်ခုဖြင့် ရောင်းချကြခြင်းဖြစ်သည်။ ဈေးကွက်ပေါက်ဈေးပေါ် အခြေခံပြီး အမြတ်ကျန်ရန်မှာ ကုန်ထုတ်လုပ်မှုစရိတ်ကျဉ်းကျဉ်းဖြင့် အရည်အသွေးကောင်းထုတ်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် ရောင်းထွက်နိုင်ရေးမှာ အရည်အသွေးဖြစ်ပြီးယှဉ်ပြိုင်ပြီး အမြတ်ကျန်သည့် ရောင်းဈေးဖြစ်ရန်မှာ ထုတ်လုပ်မှုစရိတ် သက်သာရန်လိုအပ်သည်။

**ထုတ်လုပ်မှုစရိတ်**

ထုတ်လုပ်မှုစရိတ်တွင် အဓိကကျသောအချက်များမှာ ကုန်ကြမ်းစရိတ်(သွင်းအားစုစရိတ်)၊ လုပ်သားခ၊ လစာအစရှိသော အခြားစရိတ်များသည် အဓိကကျသည်။ ထိုစရိတ်များ မြင့်တက်လာသည်နှင့်အမျှ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာပြီး ကုန်ဈေးနှုန်းလည်း လိုက်လံမြင့်တက်လာတတ်သည်။ ကုန်ဈေးနှုန်းမြင့်တက်မှုမဖြစ်ရန်အတွက် လိုအပ်ချက်များသည် စိုက်ပျိုးသူ သို့မဟုတ် ကုန်ထုတ်လုပ်သူတို့အတွက် စိန်ခေါ်ချက်များအဖြစ် ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်မှုစရိတ်ကို နည်းနိုင်သမျှ နည်းပါးစေရန်ဆောင်ရွက်နိုင်မှသာ ပြိုင်ဘက်များ၊ အခြားသူများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သည်။ အစကတည်းကပင် ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်နေမည်ဆိုပါက အမြတ်ရာနှုန်းသည် ကျဉ်းမြောင်းသွားပြီး လုပ်ကိုင်ရခက်ခဲနိုင်ပါသည်။ ရောင်းဈေးသာကြီးမြင့်သွားပြီး ကုန်ထုတ်လုပ်သူအတွက် အမြတ်မှာမူ အလွန်နည်းပါးတတ်သည်။ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရသည့်အခါတွင် အမြတ်ရာနှုန်း နည်းပါးသဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည်မှာကြာပြီဖြစ်သော ပြဿနာတစ်ရပ်မှာ ပြည်တွင်းထုတ်လုပ်မှုစရိတ်များကြီးမြင့်သဖြင့် ပြည်တွင်းဈေးနှုန်းများကြီးမြင့်ပြီး ပြည်ပသို့တင်ပို့ရာတွင် အခက်အခဲဖြစ်ပေါ်သည်ကို မကြာခဏကြားသိနေရသည်။ ပေါ်ဆန်းမွှေးဆန်ဈေးနှုန်းကိုကြည့်လျှင် ပြည်တွင်းဈေးကွက်မှ Demand မြင့်တက်ပြီး Supply အနေဖြင့် နည်းပါးခြင်းကြောင့် ပေါ်ဆန်းမွှေးဆန်ဈေးနှုန်းသည် မြင့်မားသည်ကို တွေ့နိုင်သည်။ ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချမည်ဆိုပါက ပေါ်ဆန်းမွှေးဈေးနှုန်းသည် အခြားနိုင်ငံများမှ အဆင့်မြင့် Premium ဆန်ဈေးနှုန်းများထက်ပင် မြင့်မားနေသည့်အတွက် ရောင်းချနိုင်ခြင်းမရှိသည်ကို တွေ့နိုင်သည်။ ထုတ်လုပ်ရောင်းချသူများအနေဖြင့်လည်း ပြည်တွင်းဈေးကွက်တွင်ပင်ရောင်းချခြင်းက ပြည်ပတင်ပို့သည်ထက်ပင်တွက်ခြေကိုက်သဖြင့် ပြည်ပတင်ပို့နိုင်ရန် ကြိုးစားခြင်းလည်းမရှိသည်ကို တွေ့နိုင်သည်။ အကယ်၍သာ အိမ်နီးချင်းနိုင်ငံတစ်ခုခုတွင် ပေါ်ဆန်းမွှေးဆန်ကို အများအပြားစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက မြန်မာနိုင်ငံအတွင်းသို့ပင် ဝင်ရောက်လာဖွယ်ရာရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုစရိတ်ကို ဖြစ်သင့်သည့် အတိုင်းအတာတစ်ခုထက်မကျော်ရန် သတိပြုရမည်ဖြစ်သည်။ သို့မှသာ ရောင်းဈေးလည်း သက်သာမည်ဖြစ်ပြီး အမြတ်ဝေစုလည်း များများရမည်ဖြစ်သည်။ မည်သည့်စီးပွားရေးလုပ်ငန်းအတွက်မဆို ကုန်ထုတ်လုပ်မှုစရိတ်(စိုက်ပျိုးမှုစရိတ်)သည် ပင်မအချက်ဖြစ်သည်။ အထောက်အပံ့ပြုသူများ၏ ရွေးချယ်မှု၊ ကုန်ပစ္စည်းအမျိုးအစားနှင့် ဖောက်သည်များမှတောင်းဆိုသည့် ဈေးနှုန်းများသည် အဓိကဖြစ်လာသည်။ ကုန်ထုတ်လုပ်မှုစရိတ်ကို တွက်ချက်နေခြင်းနှင့် သတင်းအချက်အလက်များသည် ကုန်ပစ္စည်းထုတ်လုပ်သူ သို့မဟုတ် ရောင်းချသူအတွက် မဟာဗျူဟာကျသည့်အချက်များဖြစ်သည်။ ထို့ပြင် ကုန်ပစ္စည်းအတွက် တိုးတက်ရန်အလားအလာကောင်းသောနေရာကို ရွေးချယ်တတ်ရန်လည်း လိုအပ်သည်။ ရောင်းချသူတိုင်း၊ ကုန်ပစ္စည်းပိုင်ဆိုင်သူတိုင်း၏ မျှော်လင့်ချက်မှာ အမြတ်အများဆုံးရရှိရေးဖြစ်သည်။ စိန်ခေါ်မှုများသည် စိုက်ပျိုးသူဖြစ်စေ၊ ထုတ်လုပ်သူဖြစ်စေ အစဉ်အမြဲကြုံတွေ့နေရမည်သာဖြစ်သည်။ အခက်အခဲများလေ စိတ်ဓာတ်ကြံ့ခိုင်လေဖြစ်အောင် ကြိုးစားပြီး စိန်ခေါ်မှုများကို ကျော်လွှားရမည်ဖြစ်သည်။ စိုက်ပျိုးသူများနှင့် ကုန်ထုတ်လုပ်သူများသည် ကုန်ပစ္စည်းပိုင်ဆိုင်နိုင်သူများဖြစ်သဖြင့် အတိုးနှုန်းများ၊ ငွေဖောင်းပွမှုများနှင့် သွင်းအားစုများအတွက်ကုန်ကျစရိတ်များ မြင့်တက်လာသည့်အခါတွင် ရောင်းဈေးကို ပြင်ဆင်သတ်မှတ်နိုင်သည့် အခြေအနေရှိသေးသည်ကို သတိပြုရန်လိုသည်။ ကုန်ထုတ်လုပ်သူများသည် ရောင်းဈေးကို မြှင့်တင်ခြင်းမပြုလိုသဖြင့် ထုတ်လုပ်သည့်ကုန်စည်၏ အရည်အသွေးပိုင်းကိုလျှော့ချခြင်း၊ တစ်ခုချင်းအလေးချိန်ကိုလျှော့ချခြင်းများ ပြုတတ်ကြသည်။ စိုက်ပျိုးသူများတွင်လည်း သွင်းအားစုများကို လျှော့ချပြီး ကုန်ကျစရိတ်ကို သက်သာအောင်ဆောင်ရွက်တတ်သည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်ခြင်းများသည် ဆေးအတွက်လေးဆိုသကဲ့သို့ မိမိကုန်ပစ္စည်း၏ ဂုဏ်သတင်းနှင့် ရောင်းအားကိုထိခိုက်နိုင်သည်ကို သတိပြုရန်လိုအပ်သည်။ တစ်ခါတစ်ရံတွင် ရောင်းဈေးသည် အဓိကကျသည်မှန်သော်လည်း အရည်အသွေးသည်လည်း အရေးကြီးသည်ကို တွေ့ရသည်။

ကုန်ကျစရိတ်လျှော့ချခြင်းကို ဆောင်ရွက်ရာတွင် မည်သည့်အချက်ကိုရွေးချယ်မည်ကို အဓိကထားစဉ်းစားရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- လုပ်ငန်းစဉ်ကို ပြန်လည်စစ်ဆေးပြီး မလိုအပ်သည့်ကုန်ကျမှုကိုရှာဖွေခြင်း၊
- စဉ်ဆက်မပြတ်တိုးတက်နေစေမည့် အစီအစဉ်များကို တွေးတောဆောင်ရွက်ခြင်း၊
- အားနည်းချက်၊ အားသာချက် မြင်နိုင်စွမ်းကို မြှင့်တင်ပါ၊
- ကုန်လက်ကျန်ထားရှိသည့် အစီအစဉ်ကို အကောင်းဆုံးဖြစ်အောင် စဉ်းစားစီစဉ်ပါ၊
- ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် အခြေအနေနှင့် ကုန်ကြမ်းဝယ်ယူရေး အစီအစဉ်များကို သေချာစိစစ်ပါ၊
- ကုန်ထုတ်လုပ်နိုင်သည့်စွမ်းအားကို တိုးမြှင့်နိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်ဆောင်ရွက်ပါ၊
- အလေအလွင့်များကို တတ်နိုင်သမျှ စိစစ်လျှော့ချပါ။

အထက်ဖော်ပြပါ ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်မည့်နည်းလမ်းများကို သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင်ဖြစ်စေ၊ ကုန်ချောပစ္စည်းထုတ်လုပ်ရာတွင်ဖြစ်စေ လိုက်နာပြီးဆောင်ရွက်နိုင်သည်။ ထိုသို့ ကုန်ကျစရိတ်ကိုလျှော့ချသော်လည်း ကုန်ထုတ်စွမ်းအားမြှင့်တက်လာလျှင်လည်းကောင်း၊ အထွက်ပိုကောင်းအောင် ဆောင်ရွက်နိုင်လျှင်လည်းကောင်း အမြတ်ဝေစုသည် ပိုမိုမြင့်တက်လာမည်ဖြစ်သဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်စွမ်းလည်း တိုးတက်လာမည်ဖြစ်သည်။ ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ရောင်းအားမြင့်တက်ခြင်း၊ အမြတ်ဝေစုများလာခြင်းများဖြစ်သည်နှင့်အမျှ အရင်းပိုမိုထည့်သွင်းလာနိုင်ကာ ကုန်ထုတ်လုပ်မှုကိုလည်း မြင့်လာစေနိုင်သည်။ တစ်နည်းဆိုရလျှင် Supply Chain ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံး တိုးတက်ကျယ်ပြန့်လာပြီး ခိုင်မာလာမည်ဖြစ်သည်။ ဈေးကွက်တွင်လည်း ကောင်းစွာရပ်တည်နိုင်မည်၊ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုစရိတ်ကို ထိန်းသိမ်းနိုင်ရေးသည် အလွန်အရေးပါသည်ကို ပညာရှိသတိဖြစ်ခဲ မဖြစ်စေရန် တင်ပြလိုက်ရပါသည်။

**မျိုးသူ(ကုန်သွယ်မြှင့်)**

> ❖ ကုန်ထုတ်လုပ်မှုစရိတ်ကို ဖြစ်သင့်သည့်အတိုင်းအတာတစ်ခုထက် မကျော်ရန် သတိပြုရမည်ဖြစ်သည်။ သို့မှသာ ရောင်းဈေးလည်းသက်သာမည်ဖြစ်ပြီး အမြတ်ဝေစုလည်း များများရမည်ဖြစ်သည်။ မည်သည့်စီးပွားရေးလုပ်ငန်းအတွက်မဆို ကုန်ထုတ်လုပ်မှုစရိတ်(စိုက်ပျိုးမှုစရိတ်)သည် ပင်မအချက်ဖြစ်သည်။ အထောက်အပံ့ပြုသူများ၏ ရွေးချယ်မှု၊ ကုန်ပစ္စည်းအမျိုးအစားနှင့်ဖောက်သည်များမှ တောင်းဆိုသည့်ဈေးနှုန်းများသည် အဓိကဖြစ်လာသည်။ ကုန်ထုတ်လုပ်မှုစရိတ်ကို တွက်ချက်နေခြင်းနှင့်သတင်းအချက်အလက်များသည် ကုန်ပစ္စည်းထုတ်လုပ်သူ သို့မဟုတ် ရောင်းချသူအတွက် မဟာဗျူဟာကျသည့်အချက်များဖြစ်သည်။ ❖

# ပဟန်းမြို့နယ် New Treasure Land Art Gallery တွင် ပန်းချီဆရာ၊ ဆရာမ ၁၀ ဦး၏ ခေတ်ပြိုင်ရုပ်ပုံလွှာများ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ပဟန်းမြို့နယ်ရှိ New Treasure Land Art Gallery တွင် ပန်းချီဆရာ၊ ဆရာမ ၁၀ ဦး၏ခေတ်ပြိုင်ရုပ်ပုံလွှာများ အွန်လိုင်းပန်းချီပြပွဲကို မတ် ၁၃ ရက်မှ မတ် ၁၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးမိုးမင်းဇင်ဦးက ပြောပြ၍ သိရသည်။

ခေတ်ပြိုင်ရုပ်ပုံလွှာများပန်းချီပြပွဲတွင် လူငယ်ပန်းချီဆရာ၊ ဆရာမများဖြစ်ကြသည့် ပန်းချီ ဝလုံး၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ ဆရာမ ဝင်းသန္တာ၊ ပန်းချီ ဆရာမ ဥမ္မာ၊ ပန်းချီဆရာမ တင်မာလွင်၊ ပန်းချီဆရာမ စန္ဒာခိုင်၊ ပန်းချီ ဆရာမ ဟန်ကေမိုး၊ ပန်းချီ မိုးအောင်၊ ပန်းချီ စီအမ်ကေ၊ ပန်းချီ ရှုပတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၅၀ ကို ပြသရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဈေးကွက်ထဲမှာ နာမည်ရနေတဲ့ လူငယ်ပန်းချီဆရာ၊ ဆရာမတွေရဲ့ လက်ရာအစုံအလင်ကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ပန်းချီဆရာမငါးယောက်ရဲ့ ထူးခြားတဲ့လက်ရာတွေကို မြင်ရမှာဖြစ်သလို ပြည်ပပန်းချီဈေးကွက်မှာ နာမည်ရပြီးဖြစ်တဲ့ ပန်းချီဆရာ ဇေယျာအေး၊ ဝလုံး၊ မိုးအောင်တို့ရဲ့ရေးကွက်တွေကိုလဲ မြင်ရမှာပါ"ဟု ဦးမိုးမင်းဇင်ဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# Grand Death Lotto ဇာတ်ကား၌ ဂျွန်ဆီနာ၊ ဆီမူလျူနှင့် အော်ကွာဖီနာတို့ ပါဝင်မည်

**နယူးယောက် မတ် ၄**

Grand Death Lotto အမည်ရှိ အက်ရှင်ဇာတ်ကား၌ မင်းသား ဂျွန်ဆီနာ၊ ဆီမူလျူနှင့် မင်းသမီး အော်ကွာဖီနာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Grand Death Lotto ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရော့ယက်ကမ်းဘဲက ရေးသားပေးထားပြီး ဒါရိုက်တာ ပေါက်ဖိတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Grand Death Lotto ဇာတ်ကားသည် နေ့ဝင်ချိန်တွင် အသက်ခံရမည့်အရေးကို ရှောင်ရှားရန် ကြိုးပမ်းခဲ့ရသော ထီပေါက်သူအမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လာမည့်သီတင်းပတ်တွင် စတင်ရန် Amazon စတူဒီယိုက စီစဉ်ထားသည်။

Grand Death Lotto ဇာတ်ကားကို ကယ်လီဖိုးနီးယားပြည်နယ် စီးပွားရေးပြသနာများနှင့် ရင်ဆိုင်နေရချိန် အနာဂတ်ကာလကို ဇာတ်အိမ်တည်ထားကြောင်း သိရသည်။

KKO




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို လစဉ် ပံ့ပိုးကြေးများ ထုတ်ပေးနေ

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်ပညာရှင်များကို ဖေဖော်ဝါရီလအတွက် လစဉ်ပံ့ပိုးကြေးများကို မတ် ၃ ရက်က ထုတ်ပေးနေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိရာ သက်ကြီးရုပ်ရှင်ပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိကြောင်း၊ ရုပ်ရှင်အစည်းအရုံးဝင်အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလအတွက် ပံ့ပိုးကြေးတွေကို မတ် ၃ ရက်က စတင်ပြီးတော့ ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံးအလွှာအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးရဲ့ ရန်ပုံငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ အခါအားလျော်စွာ ပံ့ပိုးမှုတွေ ပြုလုပ်ခဲ့တာ (၁၁) ကြိမ်ထိရှိခဲ့ပါပြီ"ဟု ဦးအေးကြူလေးက ပြောပြသည်။



ထို့ပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးကူညီခြင်းအစီအစဉ်ကို ကိုဗစ်ကာလအတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ASH

# Fire of Love မှတ်တမ်းရုပ်ရှင်ကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် စီစဉ်ထား

**နယူးယောက် မတ် ၄**

Fire of Love အမည်ရှိ မှတ်တမ်းရုပ်ရှင်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Searchlight Pictures ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Fire of Love မှတ်တမ်းရုပ်ရှင်ဇာတ်ကားသည် ယခုနှစ် အော်စကာဆုပေးပွဲ၏ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆု ဆန်ခါတင်စာရင်း၌ ပါဝင်နေသည့်မှတ်တမ်းရုပ်ရှင်ဖြစ်သည်။

အဆိုပါမှတ်တမ်းရုပ်ရှင်သည် ပြင်သစ်မီးတောင်ဗေဒပညာရှင်များဖြစ်ကြသည့် ကာတီရာခရက်နှင့် မောရစ်ခရက်တို့၏ ကြေကွဲဖွယ်မေတ္တာဇာတ်လမ်းကို ရိုက်ကူးထားသောမှတ်တမ်းရုပ်ရှင်ဖြစ်သည်။

လက်ရှိတွင် Fire of Love မှတ်တမ်းရုပ်ရှင်ကို အမေရိကန်အမျိုးသမီးဒါရိုက်တာ ဆာရာဒိုဆာက ကိုယ်တိုင်ရိုက်ကူးထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် Fire of Love ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရေးအတွက် Searchlight Pictures ကုမ္ပဏီက သဘောတူညီချက်တစ်ရပ် ရယူထားနိုင်ပြီဖြစ်သည်။

အဆိုပါဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Searchlight Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# လှိုင်ကော်မြို့နယ်တွင် ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်အဆူ ၅၀၀၀ တည်ထားရန် ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော် တည်ဆောက်လျက်ရှိ

**လွိုင်ကော် မတ် ၄**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဒေါ်တချားကျေးရွာတွင် ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော် အဆူ ၅၀၀၀ တည်ထားရန် ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်ကို တည်ဆောက်လျက်ရှိကြောင်း နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) မှ ဥက္ကဋ္ဌ ဦးလှဝင်းက ပြောပြ၍ သိရသည်။

လွိုင်ကော်မြို့နယ်ရှိ ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်တွင် ဗုဒ္ဓရုပ်ပွားတော်အဆူ ၅၀၀၀ ကို တည်ထားမည်ဖြစ်ပြီး စိမ်းလန်းစိုပြည်သာယာသည့် ဥယျာဉ်ကြီးဖြစ်လာစေရန်၊ ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်ကိုမှီခိုပြီး ဘေးမဲ့တိရစ္ဆာန်များ အေးချမ်းစွာနေထိုင်နိုင်စေရန်၊ ဆယ့်နှစ်ရာသီပတ်လုံး စိမ်းလန်းစိုပြည်နေသော ဥယျာဉ်တော်တစ်ခုဖြစ်လာစေရန်၊ ဘုရားဖူးပြည်သူများ ဘုရားဖူးရင်း အပန်းဖြေနားနေစရာနေရာတစ်ခုရရှိလာစေရန်ရည်ရွယ်၍ ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကတည်းက အခုလို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားလာခဲ့ရတာပါ။ လွိုင်ကော်မြို့နဲ့ ခြောက်မိုင်ဝေးတဲ့ ဟသ်ာရေခါးကျောင်းတိုက်အတွင်းမှာ မတ် ၁ရက်ကစပြီး ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော် တည်ဆောက်နေတာပါ။ ဘုရားအဆူ ၅၀၀၀ တည်ထားကိုးကွယ်မှာပါ။ ဘုရားအဆူတိုင်းမှာ သူတို့ဒေသမှာ ဖြစ်ထွန်းတဲ့ ဇောဓိပင်တွေ စိုက်မှာပါ"ဟု ဦးလှဝင်းက ပြောပြသည်။

လွိုင်ကော် ဇောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တော်တွင် ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်အဆူ ၅၀၀၀ တည်ထားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဂယာဗုဒ္ဓဥယျာဉ်တော်ကိုလည်း ထည့်သွင်းတည်ဆောက်နေကြောင်း သိရသည်။

ASH

# More cargo ships carry rice and onions to Thabeikkyin, Shwegu, Katha and Bhamo from Mayanchan jetty



Mayanchan jetty seen with cargo ships and trucks.

**Mandalay March 4**

The number of cargo ships carrying rice and onions from the Mayanchan jetty to Thabeikkyin, Shwegu, Katha and Bhamo has increased since March, said U Win Maung, Chairman of the Private Vessels Disciplinary Committee of the Mandalay Region.

It is reported that Mayanchan jetty is a jetty with a large number of passengers as well as a good export of goods.

It is reported that the number of cargo ships carrying rice and onions from Mayanchan jetty to Thabeikkyin, Shwegu, Katha and Bhamo was only more than 50 ships per day in the last week of February, but since this March, the number of ships exporting these six products has increased to more than 80 ships per day.

There are more than 200 cargo ships carrying rice, oil, salt, and onions including clothes and fabric from Mayanchan jetty to the cities of Mingun, Htichai, Katha, Thabeikkyin and Bhamo. 184

# 51 apartments from Banyadala affordable-priced housing project in Mawlamyine to be sold to citizens

**Mawlamyine March 4**

Remaining 51 apartments from Banyadala affordable-priced housing project in Mawlamyine will be sold to citizens, according to the Banyadala housing procurement committee on 2 March 2023.

The project was implemented by the Urban and Housing Development Department under the Ministry of Construction on the right side of Mawlamyine-Mudon road in Kya-in Village of Mawlamyine Township in Mon State.

The project was implemented with K5,168.11 million from the allotted fund in 2017-18 fiscal year. The housing comprises 16 four-storey four-unit buildings with 256 apartments in total. Each apartment has 650 square feet area facilitated with a master bedroom, a bedroom, a drawing room and a kitchen. Tiles in five feet height have been installed at bath & W/C and kitchen.

The apartment on the ground floor is set at K2.5 million, the first floor K22.5million, the second floor K2.1 million and the third floor K19.5 million.

In selling the apartments, there remain 12 apartments on the second floor, 29 apartments on the third floor, totalling 51.

Interested persons may contact the housing procurement committee of the the urban and housing development department in Mon State, dialing 057-2025957 and the procurement committee on 1st Ayadaw street in Maungnyan Ward, dialing 057-2025953 and 09-400467562. 336



A housing complex.

# Authorities plan to provide basic fish farming and injection technology training for fish farmers

**Mandalay March 4**

Basic fish farming and fish injection hatchery training will be provided to fish farmers in Mandalay Region, said U Tun Naung Win, the staff officer of Thayetkone Fisheries Station in Mandalay Region.

These two types of technology are planned to be given to fish farmers who are interested in fish farming to understand and learn fish farming methods. It is known that these courses will be held in the third week of March, the basic fish farming and fish injection hatchery training course for five types of saffron carp will be opened for two days at the Thayetkone Fisheries Station and will be taught free of charge.

In order to be able to raise fish species and to be able to produce and distribute high-quality fish, basic fish breeding and fish injection hatchery training will be taught. It is reported that they are doing this to enable fish farmers to raise freshwater fish in a systematic manner, to have safety in fish food and to produce their own fish. 185

# Trump's legacy: Republicans torn by infighting, revolts as 2024 looms

**Las Vegas March 4**

In Las Vegas, Nevada, Republican activists want to recapture the party from a local leader who backs former President Donald Trump's false election fraud claims. In Myrtle Beach, South Carolina, a battle for control of the local Republican party's assets has wound up in court. In North Carolina, party activists are seeking to punish Republican Senator Thom Tillis for his support for same-sex marriage rights.

As the 2024 presidential race kicks into gear, local Republican party organizations in many parts of the United States are consumed by rebellions, infighting and court battles that some officials and strategists said could damage the party's chances of winning back the White House.

Reuters spoke to more than 50 operatives, activists and party officials in competitive states Arizona, Georgia and Nevada, which Trump narrowly lost in 2020; North Carolina, which he won; and in the key early primary state of South Carolina. Nevada also holds an early presidential nominating contest.

While Republican divisions in Congress have been widely covered, Reuters looked at grassroots battles, especially in the small handful of states that remain truly competitive, that have not been closely examined.

Reuters

# Storms bolster California snow-pack, ease drought

**Sacramento March 4**

Record rain and snowfall in recent weeks has eased half of California out of a persistent drought and bolstered the store of mountain snow that the state relies on to provide water during the warm, dry spring and summer.

Statewide on Friday there was nearly twice as much snow in the Sierra Nevada Mountains as is typical for March 3, the California Department of Water Resources said. The snow also was dense and wet, meaning that it held nearly 170% of the typical amount of water for this time of year, the agency said.

The snowpack is considered California's largest reservoir, and is vital to fill streams and lakes as it slowly melts. "We could not be more fortunate to have this kind of precipitation after three very punishing years of dry and drought conditions," said Department of Water Resources Director Karla Nemeth.

The record precipitation and accompanying powerful storms in December and February have also dramatically lessened California's ongoing drought, a team of U.S. government agencies said this week. Reuters



A resident surveys the massive amount of snow that has trapped residents of mountain towns near Crestline, in San Bernadino County, U.S. March 2, 2023.

# Historic Hsandawshin Myat Mawtinsoon Pagoda being packed with visitors from near and far during its festival


The historic Hsandawshin Myat Mawtinsoon Pagoda festival.

**Hainggyikyun March 4**

The Buddha Pujaniya festival of the historic Hsandawshin Myat Mawtinsoon Pagoda located at Mawtin headland in Tinchaung village is being held attracting a lot of pilgrims from near and far.

The festival is for 15 days from 19 February to 5 March (full moon day of Tabaung). It is being crowded with visitors from across Myanmar including Yangon Region, Nay Pyi Taw and Ayeyawady Region.

"Hsandawshin Myat Mawtinsoon is the first pagoda founded in the country with the enshrinement of a real hair of Lord Buddha. It is the most crowded pagoda festival in Ayeyawady Region. This year also sees large crowds. People usually try to come to the festival because this pagoda is historic, significant and famous. The festival started on first waxing of Tabaung and till now there are a very large number of visitors here. But we have no problem and it is being held successfully," said Daw Ni Ni Mar, in charge of Ngaputaw Township Tourism Association.

The Hsandawshin Myat Mawtinsoon located in Hainggyikyun Township is holding its Buddha Pujaniya pagoda festival under the sponsorship and instruction of the Ayeyawady Region government.

Before the festival, renovation, repairing and cleaning tasks were carried out at and around the pagoda area.

Kyaw Kyaw Lin

# Myanmar, China (Taipei) to boost health, foodstuff, electronic equipment manufacturing sectors

**Yangon March 4**

Myanmar and China (Taipei) will promote manufacturing of products in health, foodstuff and electronic equipment sectors, said President U Aye Win of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI).

China (Taipei) has put investments in more than 300 businesses in Myanmar, with more plans to extend businesses of healthcare services, foodstuff production and electronic equipment manufacturing.

"As from the last week of February, businesspersons from China (Taipei) hold meetings with UMFCCI through online and head office of the UMFCCI. Myanmar-based Taipei Economic and Cultural Firm holds meetings to extend healthcare services and manufacturing of foodstuff and electronic products as well as recruiting Myanmar skilled labours to China Taipei," said U Aye Win.


The worksite of a joint-venture business.

At present, China Taipei has invested in more than 300 businesses in Myanmar. Meetings focus on expansion of businesses and more investments.

A total of 52 countries including Belize of Central America, Bangladesh, India, Japan and Thailand have put investments in Myanmar. In 2022, 13 foreign countries invested some US$1.6 billion, Singapore of which invested US$1.157 billion in the 10 months of 2022-23 fiscal year.

ASH

# Shrimp paste market in Delta area is active before the end of the fishery season

**Yangon March 4**

The shrimp paste market in the Delta area is active as the end of the fishery season is approaching, according to the market news of fish paste and dried fish market in Yangon City's Bayintnaung Commodity Market and U Kyaw Win, the owner of Sandar Fishery Industry from Kadonkani Village in Bogale Township.

The fishery industry in the coastal area of the Delta usually starts working in September every year and closes in mid-May.

Fishery industries on the Delta area are shut down from mid-May to September in order to avoid the dangers of rainstorms and to repair fishing equipment. During these periods, there is almost no production of fishery products.

As there is a shortage of products in the market, the prices tend to rise. Therefore, shrimp paste traders buy and store shrimp paste when the fishery industry closes, and resell it during the rainy season when the price is high.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Maymyo flower in high demand at domestic market

**Mandalay March 4**

Local flower growers cultivate domestic species Maymyo flowers in Patheingyi Township of Mandalay Region, with high demand in the domestic market, said U Ye Naing Soe, local flower grower in Patheingyi Township.

Currently, domestic species Maymyo flower plants are cultivated. Such a flower is sold in the market with high demand. Hence, the flower fetches K3,000 per 30 plants.

"Maymyo flower plants were grown at the end of harvesting Chrysanthemum flower. Now, Maymyo flower flows into the domestic market, fetching good prices in high demand. I send the flower to Mandalay market. Purchasers arrive at the farms to buy flowers. New plants have been grown not to cause shortages of flowers. We get good prices for flower this year," he explained.

Local growers use most of the domestic species of Maymyo flower plants. At present, Maymyo flower is high demand in the domestic market. Shwewahwin and Kyauksein flowers have been grown and they fetch good prices. These flowers are distributed to Mandalay, Laship and Yangon flower markets whereas some purchasers come to the farms for buying flowers.

185


Maymyo flower plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်က တရုတ်(တိုင်ပေ)ကို F-16 တိုက်လေယာဉ်အတွက် ကန်ဒေါ်လာ ၆၁၉ သန်းတန်ဖိုးရှိခဲယမ်းများရောင်းချပေးရန် ဆုံးဖြတ်ချက်ချမှတ်



အမေရိကန်နိုင်ငံရှိ တရုတ်(တိုင်ပေ) စီးပွားရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကိုယ်စားလှယ်ရုံး(TECRO) သို့ F-16 တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်မည့် ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ခန့်မှန်းခြေကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၆၁၉ သန်းတန်ဖိုးဖြင့် နိုင်ငံရပ်ခြား စစ်ဘက်ရောင်းချမှုတစ်ရပ်ကို ခွင့်ပြုပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံရှိ တရုတ်(တိုင်ပေ) စီးပွားရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကိုယ်စားလှယ်ရုံး (TECRO) သည် AGM-88B မြန်နှုန်းမြင့် ရေဒါလှိုင်းစီးဒုံးကျည် (HARM) အစင်း ၁၀၀၊ HARM လေ့ကျင့်ရေးဒုံးကျည် ၂၃ စင်း၊ AIM-120C-8 Advanced Medium Range Air-to-Air Missiles (AMRAAM)အဆင့်မြင့်တာလတ်ပစ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည် အစင်း ၂၀၀၊ AIM-120C-8 AMR AAM ဒုံးကျည်အတွက် လမ်းညွှန်ထိန်းကျောင်းမှုအပိုင်း လေးစုံ၊ LAU-129 ဘက်စုံသုံးလောင်ချာ ၂၆ ခုတို့ဝယ်ယူရန် တောင်းဆိုထားခြင်းဖြစ်သည်။ ထို့ပြင် လေယာဉ်တွင် တပ်ဆင်အသုံးပြုမည့် ဒုံးပစ်လောင်ချာနှင့် ကွန်ပျူတာစနစ်များ (ALIC)၊ HARM ဒုံးကျည်အတွက် ကွန်တိန်နာများ၊ AIM-120 ထိန်းကျောင်းမှုအပိုင်းများနှင့် ကွန်တိန်နာများ၊ AIM-120C (CATM) လေ့ကျင့်ရေးဒုံးကျည်များ၊ လေကြောင်းလေ့ကျင့်၊ သရုပ်ပြရေးဒုံးကျည်များ (DATM)၊ ပေါင်းစည်းလုပ်ဆောင်ခြင်း၊ စမ်းသပ်ခြင်းများအတွက် ထောက်ပံ့ရေးကိရိယာများ၊ ခဲယမ်းများ၊ အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကြံ့ခိုင်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ပြန်လည်ပံ့ပိုးပေးခြင်း၊ လျှို့ဝှက်ဆော့ဖ်ဝဲစနစ်များ၊ လျှို့ဝှက်အဆင့်သတ်မှတ်ထားသော လက်စွဲစာစောင်များနှင့် နည်းပညာဆိုင်ရာစာရွက်စာတမ်းများ၊ လေ့လာအကဲဖြတ်မှုများနှင့် စစ်တမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ပရိုဂရမ်ပံ့ပိုးမှုဆိုင်ရာ အခြားဆက်စပ်အစိတ်အပိုင်းများ အစရှိသည့် ဝန်ဆောင်မှုများအားလုံး စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၁၉ သန်းဖြစ်သည်။

တရုတ်(တိုင်ပေ)၏ ဝယ်ယူရေးအဆိုပြုချက်တွင် ၎င်း၏လေပိုင်နက်ကို ကာကွယ်ရန်၊ ဒေသတွင်းလုံခြုံရေး၊ အမေရိကန်နိုင်ငံနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုတို့အတွက် တရုတ်(တိုင်ပေ)၏ စွမ်းဆောင်ရည်များကို ပံ့ပိုးပေးသွားနိုင်ရန်ဟု ဖော်ပြပါရှိသည်။ အဓိက ကန်ထရိုက်တာများမှာ Raytheon Missiles and Defense (Tucson, အရီဇိုးနားပြည်နယ်)နှင့် Lockheed Martin Corporation (Bethesda, မေရီလန်းပြည်နယ်)တို့ဖြစ်သည်။ ဤအဆိုပြုထားသော ရောင်းချမှုကို အကောင်အထည်ဖော်ခြင်းသည် ဝယ်ယူသူနိုင်ငံအတွက် နောက်ထပ် အမေရိကန်နိုင်ငံအစိုးရ သို့မဟုတ် ကန်ထရိုက်တာကိုယ်စားလှယ်များ ထပ်မံသတ်မှတ်ပေးရန် မလိုအပ်ပါ။

တရုတ်(တိုင်ပေ)သည် လက်ရှိတွင် F-16 တိုက်လေယာဉ်အစင်း ၂၀၀ ကျော်ကို ပိုင်ဆိုင်ထားသည်။ ပထမဆုံး F-16 A/B တိုက်လေယာဉ်ကို ၁၉၉၇ ခုနှစ်တွင် တရုတ်(တိုင်ပေ)သို့ စတင်ရောက်ရှိခဲ့သည်။ တရုတ်(တိုင်ပေ)လေတပ်သည် F-16A/B ဂျက်တိုက်လေယာဉ် ၁၄၁ စင်းကို ခေတ်မီရေဒါစနစ်၊ ပိုမိုကောင်းမွန်သော အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းရည်နှင့် လက်နက်အမြောက်အမြား သယ်ဆောင်နိုင်မှုတို့အပါအဝင် အဆင့်မြင့်လေကြောင်းနည်းပညာနှင့် လက်နက်စနစ်များ ပါဝင်လာသည့် F-16V တိုက်လေယာဉ်များအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သည်။ တရုတ်(တိုင်ပေ)သည် တရုတ်နိုင်ငံ၏ J-20 ကိုယ်ပျောက်တိုက်လေယာဉ်များ အပါအဝင် အဆင့်မြင့်လေတပ်နှင့်ယှဉ်ပြိုင်ရန်အတွက် အဆင့်မြှင့်ထားသော လေယာဉ်များ၊ လက်နက်များနှင့် ရေဒါစနစ်များပါရှိသည့် F-16V တိုက်လေယာဉ်သစ် ၆၆ စင်းကိုလည်း ထပ်မံမှာယူခဲ့ကြောင်း Eurasian Times သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

**Taiwan purchasing massive batch of missiles worth USD619Mn from US for its F-16 fleet ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံ Bryansk ဒေသတွင် ယူကရိန်းစစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့က နယ်စပ်ဖြတ်ကျော် ဝင်ရောက်စီးနင်းမှုပြုလုပ်ခဲ့

ရုရှားနိုင်ငံ Bryansk ဒေသတွင် ယူကရိန်းစစ်ဆင်ရေး အဖွဲ့တစ်ဖွဲ့သည် နယ်စပ်ဖြတ်ကျော် ဝင်ရောက်စီးနင်းမှုပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Aleksandr Bogomaz က မတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

ကီလိုမီတာ ၂၀ ခန့်ကွာဝေးသော နယ်စပ်ကျေးရွာနှစ်ခုဖြစ်သည့် Lyubechane နှင့် Sushany တို့တွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ သေဆုံးသူ၊ ဒဏ်ရာရရှိသူများနှင့်ပတ်သက်၍ အတည်ပြုနိုင်ခြင်းမရှိသေးပေ။ ဖောက်ခွဲဖျက်ဆီးရေး ကင်းထောက်အဖွဲ့သည် ယူကရိန်းမှ ကျူးကျော်ဝင်ရောက်လာခဲ့သည်ဟု Aleksandr Bogomaz က တယ်လီဂရမ်ချန်နယ်မှတစ်ဆင့် ပြောကြားခဲ့သည်။

မောင်းနှင်နေသော ကားတစ်စီးကို အဖျက်သမားများက ပစ်ခတ်ခဲ့သည့် တိုက်ခိုက်မှုရလဒ်ကြောင့် ဒေသခံတစ်ဦးသေဆုံးပြီး ၁၀ နှစ်အရွယ်ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ကလေးငယ်ကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း Aleksandr Bogomaz က ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် အဖျက်သမားအဖွဲ့ကိုချေမှုန်းရန် လိုအပ်သည့်အစီအမံအားလုံးကို လုပ်ဆောင်နေကြောင်း Aleksandr Bogomaz က ဆိုသည်။ စွပ်စွဲတိုက်ခိုက်မှုတွင် ယူကရိန်းတပ်ဖွဲ့ဝင်မည်မျှပါဝင်ခဲ့သည် စသည့်အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

အဆိုပါအဖွဲ့သည် ကျောင်းကားတစ်စီးကို တိုက်ခိုက်ခဲ့ကြောင်း၊ အခြားအတည်မပြုနိုင်သော သတင်းများအရ ကလေးငယ်များကို မျက်မြင်သက်သေများက ကယ်တင်ခဲ့ကြောင်း သိရသည်။ နံဘေးမှဖြတ်သွားသော ကားတစ်စီးသည် နောက်ကျောတွင် သေနတ်ထိမှန်ခံရသော ကလေးငယ်အပါအဝင် ဒဏ်ရာရ ကလေးသုံးဦးကို သယ်ဆောင်သွားသည်ဟု သတင်းများအရ သိရသည်။

ဆိုရှယ်မီဒီယာပေါ်တွင် အတည်မပြုနိုင်သော အစီရင်ခံစာများအရ အဆိုပါဒေသသည် ဆူရှန်နီကျေးရွာ၌ နေထိုင်သူများကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားခဲ့သည့် ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၅၀ ဖြင့် ပေါင်းစပ်ထားသည့် ယူကရိန်းအုပ်စုနှစ်စုက တိုက်ခိုက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ ရုရှားနိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်တိုက်ခိုက်သူများနှင့် ထိပ်တိုက်ရင်ဆိုင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ ယူကရိန်းနိုင်ငံက အစောပိုင်းကSushany ရွာကို ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း Aleksandr Bogomaz က ပြောကြားခဲ့သော်လည်း အဆိုပါ သတင်းများနှင့်ပတ်သက်၍ တရားဝင် အတည်ပြုနိုင်ခြင်းမရှိသေးပေ။



ရုရှားနိုင်ငံ Bryansk ဒေသအတွင်းသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ယူကရိန်းအဖျက်သမားအုပ်စုကို ရုရှားတပ်ဖွဲ့များက စစ်ဆင်ရေးတစ်ရပ်ဖြင့်ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း ဖက်ဒရယ်လုံခြုံရေးဝန်ဆောင်မှု (FSB) က မတ် ၂ ရက်တွင် ပြောကြားခဲ့သည်။ ကြေညာချက်တွင် FSB နှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ပူးတွဲတပ်ဖွဲ့များသည် Bryansk ဒေသ၏ Klimovsky ခရိုင်၊ နိုင်ငံနယ်စပ်ကို ချိုးဖောက်ဝင်ရောက်လာသောယူကရိန်းအမျိုးသားရေးဝါဒီများကို တန်ပြန်ချေမှုန်းနိုင်ရန် စီမံချက်ချဆောင်ရွက်နေသည်ဟု ဖော်ပြထားသည်။

ယူကရိန်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရုရှားနိုင်ငံတွင်းရှိ ကျေးရွာများကို မကြာသေးမီလများအတွင်း၌ ယူကရိန်းတပ်ဖွဲ့များက အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။ ဒေသခံရွာတစ်ရွာကို ယူကရိန်းတပ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မတ် ၂ ရက်တွင် Kursk အုပ်ချုပ်ရေးမှူး Roman Starovoit သည် တယ်လီဂရမ်ပို့စ်တွင် ရေးသားခဲ့သည်။ ၎င်းတိုက်ခိုက်မှုအတွင်း သေဆုံးသူတစ်ဦးရှိခဲ့ကြောင်း Kursk ဒေသ အုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများက အတည်ပြုခဲ့သည်။

**Russian governor reports Ukrainian attack on border villages ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်း၌ သင်္ကြန်ပိတ်ရက်တွင် လာရောက်လည်ပတ်သူများ အပန်းဖြေအနားယူနိုင်ရန် စီစဉ်ထား




**နေပြည်တော် မတ် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပလင်းကမ်းသာယာဆင်စခန်း၌ လာမည့် သင်္ကြန်ပိတ်ရက်တွင် လာရောက်လည်ပတ်သူများ အပန်းဖြေအနားယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထံမှ သိရသည်။

ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ကလေးကစားကွင်းတွင် ကလေးစီးရဟတ်၊ ဆီးဆော၊ လျှောစီးနေရာ၊ ဒန်းတို့ပါရှိပြီး ကလေးဥယျာဉ်အဖြစ် ဥယျာဉ်ငယ် ပြုလုပ်ဖန်တီးပေးထားကြောင်း၊ ဆင်ပြတိုက်တွင်လည်း အာဖရိကဆင်နှင့် အာရှဆင်ခွဲခြားပြသထားပြီး အာရှဆင်များသည် အာဖရိကဆင်များထက် ခွန်အားကြီးမားပုံ၊ အာရှဆင်ခေါ် မြန်မာ့ဆင်များ မြန်မာ့သစ်လုပ်ငန်းတွင် အရေးပါပုံ၊ သစ်တောဝန်ထမ်းများနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ ဆင်များကိုစောင့်ရှောက်ပုံ၊ ဆင်စွယ်အမျိုးမျိုး၊ ဆင်ဝန်ထမ်းအဆင့်ဆင့် နေအိမ်များနှင့် ဆင်စခန်းဝင်းဆင်များ နေထိုင်ပုံတို့ကို ပြသပေးထားကြောင်း သိရသည်။

“ပုဂံကိုလာတဲ့ ပြည်တွင်းပြည်ပခရီးသွားတွေက ပလင်းကမ်းသာယာဆင်စခန်းကို လာရောက်လည်ပတ်လျက်ရှိပါတယ်။ ပုဂံနဲ့ ပလင်းကမ်းသာယာက တွဲပြီး လည်ပတ်စရာအနေနဲ့ ရှိနေပြီဖြစ်ပါတယ်။ ပုဂံမှာ လာရောက်လည်ပတ်ပြီးတော့ သင်္ကြန်ကာလကို ကုန်ဆုံးသူ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ နှစ်စဉ် တိုးနေတဲ့အတွက် ဒီဆင်စခန်းကိုလဲ ဒီနှစ်မှာတော့ သင်္ကြန်ကာလမှာ အပန်းဖြေအနားယူနိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပါတယ်”ဟု ဦးအောင်မြင့်က ပြောပြသည်။

မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်အကွာ၊ ညောင်ဦး-ပခုက္ကူ-မြင်းခြံ ကားလမ်းမကြီးဘေး ရောဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိပြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာခရီးသွားပြည်သူများ ခရီးတစ်ထောက် လာရောက်အပန်းဖြေနားနေရာတစ်ခုလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# မဘိမ်းမြို့နယ်တွင် နောင်အင်းကန် ပြန်လည်တူးဖော်ခြင်းအပိုင်း(၁)လုပ်ငန်းများပြီးစီး

**လားရှိုး မတ် ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် နောင်အင်းကန် ပြန်လည်တူးဖော်ခြင်း အပိုင်း(၁) လုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် လယ်ယာမြေ ၁၅၇ ဧကကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်မည့် နောင်အင်းကန်ပြန်လည်တူးဖော်ခြင်း အပိုင်း(၁)လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၂၀၀ ဖြင့် မဘိမ်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မဘိမ်းမြို့နယ်ထဲရှိ နောင်အင်းကန်ကို ရေသိုလှောင်တဲ့ ပမာဏများပြားစေဖို့အတွက် မူလကန်ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်တဲ့လုပ်ငန်းတွေကို အပိုင်းနှစ်ပိုင်းခွဲပြီးတော့ ဆောင်ရွက်ပေးနေတာပါ။ လက်ရှိမှာတော့ အပိုင်း(၁)လုပ်ငန်းတွေအားလုံးပြီးစီးသွားပြီဖြစ်ပါတယ်။ အခုလို နောင်အင်းကန်ပြန်လည်တူးဖော်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့အတွက် တောင်သူ ၃၈ ယောက်ရဲ့ လယ်ယာမြေ ၁၅၇ ဧကကို စိုက်ပျိုးရေ လုံလောက်အောင်ရရှိစေမှာပါ”ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးနိုင်က ပြောပြသည်။



မဘိမ်းမြို့နယ် နောင်အင်းကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်း အပိုင်း(၁)သည် ၄၆ ဒသမ ၂ ဧကကျယ်ဝန်းပြီး အပိုင်း(၂) လုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လွိုင်လင်မြို့နယ် လွိုင်မုံမိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**လွိုင်လင် မတ် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်လင် အရှေ့ကျေးရွာအုပ်စု လွိုင်မုံမိုင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည် ပတ်ရန်ပုံငွေကျပ် ၆၃၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွိုင်မုံမိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၈၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၁၀၀၀၀ |
| **(ရွှံ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဆေးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၇၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ



**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr.Deng Xijun၊ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ် Mr.Chen Chen တို့ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်မှု ပိုမိုခိုင်မြဲရေး၊ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ စီးပွားရေးကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကိစ္စရပ်များ၊ ခရီးသွားမြှင့်တင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့်ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးကျော်ဆန်း၊ ဦးသိန်းငွေ၊ ဦးရွှေဇင်၊ ဦးယဉ်ထွေး၊ ရဲမှူးချုပ်စိန်လွင်၊ ဦးစိုင်းနွံ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**




# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် မတ် ၄**

စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့ပါးစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သားငါးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် လုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားရန်ကိစ္စ၊ နည်းပညာနှင့် အရင်းအနှီးများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ပြည်ပသွင်းကုန် အစားထိုးကုန်ချောထုတ်လုပ်ရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များ တိုးတက်ရရှိရေးဆိုင်ရာများ၊ တိရစ္ဆာန်ရောဂါနှင့် ဓာတုဆေးဝါးဓာတ်ကြွင်း ကင်းစင်ပြီး အဟာရပြည့်ဝသည့် နိုင်ငံတကာ စံချိန်စံညွှန်းမီ မွေးမြူထုတ်လုပ်နိုင်ရေး၊ ရေသတ္တဝါများနှင့် အသားကဏ္ဍထုတ်ကုန်များတွင် ရောဂါကူးစက်ပျံ့နှံ့ခြင်း ဖြစ်ပွားပါက အရေးပေါ်အစီအမံများ ဆောင်ရွက်နိုင်ရေး၊ ပြည်ပပို့ကုန်များကို သက်ဆိုင်ရာနိုင်ငံများ၏ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး စီမံဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေယမုံ အင်တာနေရှင်နယ်လီမိတက်၏ အေးခဲပုစွန်များပြုလုပ်၍ ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ထားရှိမှု၊ တန်ဖိုးမြင့်ကုန်ချောအဖြစ် ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အောင်မြင်ဖြစ်ထွန်းစေမည့် မိုးကြိုနေကြာမျိုးများ ထုတ်လုပ်ပေးနိုင်ရေးကြိုးပမ်း



**နေပြည်တော် မတ် ၄**

ပြည်တွင်းဖြစ် စပ်မျိုးနေကြာ ဆင်းရွှေကြာ(၁) မျိုးကို စံထားမျိုးအဖြစ် အသုံးပြု၍ မျိုးနေကြာမျိုးသစ်ခြောက်မျိုးကို မျိုးယှဉ်ပြိုင် စမ်းသပ်ဆောင်ရွက်ပြီး နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းစေမည့် မိုးကြိုနေကြာမျိုးများ ထုတ်လုပ်ပေးနိုင်ရေးအတွက် ဆက်စပ်ဌာနပေါင်းစုံနှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမျိုးများ ယှဉ်ပြိုင်စမ်းသပ်ဆောင်ရွက်နေသည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာနှင့် သစ်တပ်အုပ်စု ကြို့ပင်ကျေးရွာတို့ရှိ စံပြစိုက်ကွင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တောင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိသော နေကြာမျိုးသုတေသနလုပ်ငန်းများကို ဒုတိယဝန်ကြီးက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တဲကြီးကုန်းကျေးရွာ စံပြစိုက်ကွင်းတွင် စက်မှုလယ်ယာဦးစီးဌာနက သုတေသနပြုဆောင်ရွက်ထားရှိသော ဆွေးမြည့်မှုမြန်ဆန်သည့် လေပေးစနစ်ဖြင့် သစ်ဆွေးမြေဆွေးပြုလုပ်နည်းကို တောင်သူများကိုယ်တိုင် အလွယ်တကူဆောင်ရွက်နိုင်ရေး နည်းပညာပေးပြသနေမှုကို ကြည့်ရှုစစ်ဆေးအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်၊ နမ့်စန်နှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် ည ၁၁ နာရီ ၁၀ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင်သီပေါမြို့မှ ပြင်ဦးလွင်မြို့ဘက်သို့ စိုင်းဦးမောင်းနှင်ပြီး မျိုးမင်းသက်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀၊ ကျိမ်ခမ်းမောင်းနှင်ပြီး သီဟဇော်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀ နှင့် လှဝင်းဦး(ခ)မွမ်းခမ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားစုစုပေါင်းငွေကျပ် ၁၄၆၂ ဒသမ ၆၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်းကောင်း။

မတ် ၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နမ့်စန်မြို့နယ် မက်မုန်မွန်းကျေးရွာအုပ်စု နမ့်မော်ခေါက်ဆစ်ကျေးရွာအနီးရှိ နမ့်စန်-ခိုလမ်သွားကားလမ်းတွင် နမ့်စန်မြို့မှ ခိုလမ်မြို့ဘက်သို့ လောက်ဆန်း မောင်းနှင်လာသော ALPHARD အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၆ ဒသမ ၁ ကီလို ငွေကျပ် ၁၉၃၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူများကိုလည်းကောင်း၊ ထိုနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် အောင်မင်္ဂလာလမ်းရှိ သိန်းနိုင်ထွန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသတင်းရရှိသည်။ **ရဲပြန်ကြား**



# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ



ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် မတ် ၄**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မြတ်ကြီး၏ ၂၆၁၁ နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်၌ပြုလုပ်ရာ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထား သည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။


ဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင် စုစုပေါင်း ၁၄၅ ပါးတို့က ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စေတီတော်မြတ်ကြီး၏ လက်ယာရစ်အတိုင်း လှည့်လည်အပူဇော် ခံကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆွမ်းဆန် တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သတင်း ရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့ များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက် နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူ ရေးခြံများအတွင်း ရာသီသီးနှံများ စိုက်ပျိုး ထားရှိမှု၊ တစ်သျှူးငှက်ပျောနှင့် စင်တင် သီးနှံများ စိုက်ပျိုးထားရှိမှုတို့ကိုလည်း ကောင်း၊ ဥစားကြက်၊ အသားတိုးကြက်၊ ဒေသကြက်၊ DYL အသားတိုးဝက်၊ ဆိတ်၊ နို့စားနွားနှင့် ငါးခူမွေးမြူထားရှိမှုတို့ကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ် အစာစပ် စက်ရုံဆောင်ရွက်နေမှုနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များသို့ ပြင်ပထက် သက်သာသောဈေးနှုန်းဖြင့် ပြန်လည် ရောင်းချပေးနေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း တိုင်းစစ်ဌာနချုပ်၌ ဝက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုများ ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အတွင်းရှိ ရှော်မယ်၊ လက်ကောက်ဈေး၊ ထမ္မရာဇ်၊ တောင်မြင့်၊ ဝက်လှ၊ မြို့သစ်၊ ကိုးနဝင်းနှင့် မြလှ ယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီ နေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်မိသားစု များသည် ၎င်းတို့၏သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင် ကြမည်ဖြစ်ရာ အဆိုပါ ယာယီနေရပ် စွန့်ခွာသူ အိမ်ထောင်စုဝင်များ လတ်တလော စားသောက်နေထိုင်ရေး အဆင်ပြေ စေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန် ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ပြုလုပ်ရာ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် မြောက်ဦးတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် နေရပ်ပြန်အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေး အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ရခိုင် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသိန်း နှုန်းဖြင့် အိမ်ထောင်စု ၁၄၂ စုအတွက် ငွေကျပ် သိန်း ၇၁၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနကထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၄၂ သိန်းကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနကထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ၉၀၀၀ ကျပ်နှုန်းဖြင့် လူဦးရေ ၅၈၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၂၃၈၀၀၀ ကို လည်း ကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲ မှုဦးစီးဌာနကထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါ သည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ၁၄၂ ပုံးနှင့် အိမ်ထောင်စု တစ်စုလျှင် တာပေါ်လင်စ တစ်စနှုန်းဖြင့် တာပေါ်လင်စ ၁၄၂ စကိုလည်းကောင်း စခန်းတာဝန်ခံများထံ အသီးသီး ထောက်ပံ့ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီခိုလှုံ ရာစခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီး သို့ ပြန်လည်ထွက်ခွာကြမည့် ယာယီနေရပ် စွန့်ခွာသူ အိမ်ထောင်စုဝင်များ၏ အိမ်သုံး ကုန်ပစ္စည်းများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များ၊ စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ်ကျေးရွာများအရောက် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ ကျောက်စိမ်း၊ စားသောက်ကုန်နှင့် လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ စက်ဆီချောဆီနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မတ် ၁ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့က ခရီးသည်ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ရှစ်ကွင်းအပါအဝင် ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀ ကိုလည်းကောင်း၊ မတ် ၂ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ပူးပေါင်းအဖွဲ့က ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၉၅ မိုင် ၄ ဖာလုံ ရွှေညောင်ပင်အနီး PUMA ဆီဆိုင် ဘေးရှောင်ကွင်းလမ်းထိပ်တွင် ရပ်တန့်ထားသော မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ၃၀၀ မီလီလီတာဘူးပါ ၂၂၅ ဖာနှင့် Wai Wai တံဆိပ်ပါ ကြာဆံထုပ် ဖာ ၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော မော်တော်ယာဉ်သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀ ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဝင်ရောက်အစစ်ဆေးခံသည့် ရေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ၁၂၅ မီလီလီတာဘူးပါ ဖာ ၁၅၀ နှင့် Lipovitan-D ဖာ ၂၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အရှေ့ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် သုဓမ္မာလမ်းပေါ် (၆) ကွေ့မှတ်တိုင်အနီး၌ Toyota Succed အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀ ကို လည်းကောင်း၊ မြောက်ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး မီးပွိုင့်အနီး၌ Toyota Crown အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို လည်းကောင်း တောင်ပိုင်းခရိုင် လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့က သန်လျင်မြို့နယ် ကျိုက်ခေါက် ဘုရားလမ်း (၁၈)ကုန်းထိပ်၌ Honda Airwave အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က ချင်းရွှေဟော်မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော တစ်ခါသုံး Mask များ ကီလိုဂရမ် ၂၀၀၀ ခန့်မှန်း တန်ဖိုးငွေကျပ် ၃၉၅၄၃၈၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan-Diesel အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၅၄၃၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့က ဆိုက်ခေါင်ရွာနှင့် ကောင်းမှုတန်ရွာကြား ဆိုက်ခေါင်ဂိတ်မရောက်မီ နှစ်မိုင်ခန့်အကွာတွင် စုပုံထားသော အကောက်ခွန်မဲ့ Batteryrsm နှင့် အင်ဂျင်ဝိုင်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ခန္တီးမြို့နယ်အတွင်း လိုင်စင်မဲ့ CANDA ၁၂၅ အမျိုးအစား မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ပူးပေါင်းအဖွဲ့များက ဖြူးမြို့နယ်နှင့် မင်းလှမြို့နယ်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့် ပျဉ်းကတိုးသစ် ၂၂ ဒသမ ၇၉၈၂ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၂၀၆၀၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁ ရက်မှ ၃ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၈ မှုမှ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၇၂၁၀၄၄၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မတ် ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၄၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၀၉ ဦး |

**နေပြည်တော် မတ် ၄**

မတ် ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၂၅၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ လှိုင်မျိုးအောင်နှင့် အမှတ်(၃) ရပ်ကွက်နေ နှင်းအိခိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "Hlaing Myo Aung" Facebook အကောင့်နှင့် "Hnin Ei Khaing" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဥဩရပ်ကွက်နေ ထူးကိုကိုလှိုင်သည် ၎င်းအသုံးပြုသည့် "Htoo Ko Ko Hlaing" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရောက်ရှိ


**နေပြည်တော် မတ် ၄**

Earth Renewable Energy Co,. Ltd. က တင်သွင်းလာသော BYD အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၉ စီးသည် ယမန်နေ့က ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် Asia Pacific Automaker Corporation Co,. Ltd. က တင်သွင်းလာသော Dongfeng အမျိုးအစား လျှပ်စစ်သုံးယာဉ် အစီး ၃၀ သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ယမန်နေ့က လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကာ အဆိုပါလျှပ်စစ်သုံးယာဉ်များ တင်သွင်းမှုသည် ပြည်တွင်း လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ်ခွင့် သက်သာခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးတိုးတက်စေရေးတွင် ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ပံ့ပိုးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် အမေးအဖြေကဏ္ဍ




**မေး - အာဆီယံရဲ့ Dialogue Partnership အကြောင်းနဲ့ မြန်မာနိုင်ငံမှ အာဆီယံ Dialogue Partnership အခန်းကဏ္ဍမှာ မည်ကဲ့သို့ပါဝင်ဆောင်ရွက်နေတဲ့အကြောင်း ကနဦးအနေနဲ့ မိတ်ဆက်ပြောပြစေလိုပါတယ်။**

**ဖြေ** - အာဆီယံပဋိညာဉ်စာတမ်းရဲ့ အပိုဒ်(၄၁)အရ အာဆီယံဟာ ပြင်ပနိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးထားရှိပြီး အပြန်အလှန်အကျိုးစီးပွားအတွက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံနဲ့မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့ နိုင်ငံများအနေနဲ့လည်း အာဆီယံပဋိညာဉ်စာတမ်းရဲ့အခြေခံမူများကို လိုက်နာရမှာ ဖြစ်ပါတယ်။

အာဆီယံနဲ့ ဆွေးနွေးဖက်ဆက်ဆံရေးထူထောင်ထားတဲ့(၁၁)နိုင်ငံက ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ ဖြစ်ကြပါတယ်။ အာဆီယံနဲ့ကဏ္ဍအလိုက်မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့ခြောက်နိုင်ငံက ဘရာဇီးလ်၊ နော်ဝေး၊ ပါကစ္စတန်၊ ဆွစ်ဇာလန်၊ တူကီယဲ၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတို့ဖြစ်ကြပြီး အာဆီယံနဲ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးထူထောင်ထားတဲ့လေးနိုင်ငံတွေက ချီလီ၊ ပြင်သစ်၊ ဂျာမနီနဲ့အီတလီတို့ဖြစ်ပါတယ်။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာဆီယံအပေါင်းသုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနဲ့ အာဆီယံဒေသဆိုင်ရာဖိုရမ်တို့ပဲဖြစ်ကြပါတယ်။

အာဆီယံနဲ့ပြင်ပဆက်ဆံရေးမှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှာ အာဆီယံသည် အဓိကဦးဆောင်သူဖြစ်ပြီး အာဆီယံအဓိကကျမှုကို ထိန်းသိမ်းထားပါတယ်။ စည်းလုံးညီညွတ်မှုကို အခြေခံပြီး တူညီဆန္ဒရရှိရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ အာဆီယံဆွေးနွေးဖက်နိုင်ငံများနဲ့ ဆက်ဆံရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ညှိနှိုင်းရေးမှူးနိုင်ငံအဖြစ် အလှည့်ကျ တာဝန်ယူဆောင်ရွက်ရပါတယ်။ ညှိနှိုင်းရေးမှူးနိုင်ငံဟာ အာဆီယံရဲ့ အခြေခံမူများနဲ့အညီ အပြန်အလှန်လေးစားမှုအပေါ် အခြေခံပြီး ဆက်ဆံရေးမြှင့်တင်နိုင်ဖို့ အာဆီယံကို ကိုယ်စားပြုညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။ အာဆီယံနဲ့ ပြင်ပမိတ်ဖက်နိုင်ငံများနဲ့ ပြုလုပ်တဲ့အစည်းအဝေးများမှာ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်တာကာလအတွက် ဖိလစ်ပိုင်နိုင်ငံထံမှ လွှဲပြောင်းရယူခဲ့ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး တိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး - မြန်မာနိုင်ငံမှ လက်ရှိ တာဝန်ယူဆောင်ရွက်နေတဲ့ တရုတ်နိုင်ငံရဲ့ ညှိနှိုင်းရေးမှူးနိုင်ငံအနေနဲ့ အဓိကတာဝန်ယူဆောင်ရွက်ပေးခဲ့ရတဲ့ အတွေ့အကြုံများကို သိရှိလိုပါတယ်။**

**ဖြေ** - ၁၉၉၁ ခုနှစ် အာဆီယံ-တရုတ် ဆက်ဆံရေးစတင်ချိန်မှစလို့ အာဆီယံ-တရုတ်ဆွေးနွေးဖက် ဆက်ဆံရေးဟာ အာဆီယံရဲ့ အတက်ကြွဆုံးနဲ့အနှစ်သာရအရှိဆုံး ဆွေးနွေးဖက်ဆက်ဆံရေးများအနက်တစ်ခုဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃)ရပ်လုံးမှာ ပြည့်စုံကျယ်ပြန့်တဲ့ ယန္တရားများ တည်ထောင်ခဲ့ပြီး ဆယ်စုနှစ်သုံးခုအတွင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး ခိုင်မာနက်ရှိုင်းကာ အပြန်အလှန်အကျိုးစီးပွားကို ဖြစ်ထွန်းစေတဲ့အပြင် ဒေသတွင်း အေးချမ်းတည်ငြိမ်သာယာဝပြောရေးကို အထောက်အပံ့ဖြစ်စေတာမို့ အာဆီယံ-တရုတ်ဆက်ဆံရေးဟာ အာဆီယံအတွက် အရေးကြီးတဲ့ဆွေးနွေးဖက်ဆက်ဆံရေးတစ်ခုဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုဟာ ကဏ္ဍစုံပြည့်စုံကျယ်ပြန့်တာမို့ ညှိနှိုင်းရေးမှူးနိုင်ငံရဲ့တာဝန်ဟာ များပြားလှပါတယ်။

အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေးမှာ အဓိကမဏ္ဍိုင်(၂)ရပ်ကတော့ အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာကျတဲ့မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅)နဲ့ တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာချက်(DOC)အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်တို့ဖြစ်ပြီး ၎င်းတို့ဟာ အာဆီယံ-တရုတ် ဆက်ဆံရေးအတွက် လမ်းပြမြေပုံပဲဖြစ်ပါတယ်။ ဦးစွာလုပ်ငန်းစီမံချက်နဲ့ပတ်သက်ပြီး ရှင်းပြလိုပါတယ်။ DOC Work Plan ကို သီးခြားရှင်းပြပါမယ်။ လုပ်ငန်းစီမံချက်ဟာ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်ဖြစ်တဲ့ နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု စတဲ့ကဏ္ဍအားလုံးပါဝင်ပြီး ပြည့်စုံကျယ်ပြန့်တဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေဖြစ်တာမို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် (Sectoral bodies) အသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။ ညှိနှိုင်းရေးမှူးနိုင်ငံအနေနဲ့ အဆိုပါလုပ်ငန်းစီမံချက်ရဲ့ တိုးတက်မှုအစီရင်ခံစာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ ညှိနှိုင်းပြုစုပြီး နှစ်စဉ် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးသို့ တင်ပြရပါတယ်။

အာဆီယံ-တရုတ် မဟာဗျူဟာကျတဲ့ မိတ်ဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်မှာထုတ်ပြန်ခဲ့တဲ့အာဆီယံ-တရုတ် မဟာဗျူဟာကျတဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မျှော်မှန်းချက်စာတမ်း(၂၀၃၀)နဲ့ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အထူးထိပ်သီးအစည်းအဝေးမှာထုတ်ပြန်ခဲ့တဲ့ အာဆီယံ-တရုတ် ပူးတွဲကြေညာချက်တို့ဟာလည်း အာဆီယံ-တရုတ်ဆက်ဆံရေးရဲ့ အရေးကြီးတဲ့ နိုင်ငံရေးစာတမ်းများဖြစ်ပြီး အနာဂတ်လုပ်ငန်းစဉ်တွေဖြစ်တာမို့ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ ညှိနှိုင်းရေးမှူးနိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရပါတယ်။

နှစ်အလိုက် ဦးစားပေးလုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရာမှာလည်း မြန်မာနိုင်ငံအနေနဲ့ ဆွေးနွေးဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အဆိုပြုချက်တွေကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ ဆက်လက်အကြောင်းကြားပြီး အဖွဲ့ဝင်နိုင်ငံများရဲ့ တူညီဆန္ဒနဲ့အညီ တရုတ်ဘက်နဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ထို့နည်းတူစွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ဘုံစိတ်ဝင်စားမှုရှိတဲ့ ကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ တရုတ်ဘက်နဲ့ ညှိနှိုင်းပေးရပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံက အဓိကမောင်းနှင်စွမ်းအားဖြစ်ဖို့နဲ့ ဒေသတွင်းဗိသုကာတည်ဆောက်မှုပုံစံကို ထိန်းသိမ်းရာမှာ အာဆီယံအဓိကကျမှုကို ထိန်းသိမ်းဖို့လည်း အရေးကြီးပါတယ်။

နှစ်စဉ်ကျင်းပလေ့ရှိတဲ့ အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ ရလဒ်ကောင်းများရရှိဖို့ ကြိုတင်ပြင်ဆင်မှုအနေနဲ့ အာဆီယံ-တရုတ်အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲကို နှစ်စဉ်ဧပြီလ သို့မဟုတ် မေလမှာ ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပါတယ်။ အစည်းအဝေးကျင်းပရေးအတွက် နေရာ၊ နေ့ရက်၊ ဆွေးနွေးမယ့်ဘာသာရပ်အစီအစဉ်တို့ကိုလည်း ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ အာဆီယံအကြား ညှိနှိုင်းသဘောတူညီမှုရရှိဖို့ ဆောင်ရွက်ပေးရပါတယ်။

အဲဒီလိုညှိနှိုင်းဆောင်ရွက်ပေးရာမှာ မူဝါဒချမှတ်ဆောင်ရွက်ရတဲ့ကိစ္စတွေနဲ့ ခေါင်းဆောင်အဆင့် ထိပ်သီးအစည်းအဝေးမှာထုတ်ပြန်မယ့် ပူးတွဲကြေညာချက်အတွက် သဘောတရားစာတမ်းတွေ ညှိနှိုင်းရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနက အာဆီယံနဲ့တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေအကြား ဦးစွာညှိနှိုင်းသဘောတူညီမှုရယူပါတယ်။ သဘောတရားစာတမ်းဆိုတာကတော့ ပူးတွဲကြေညာချက်ထုတ်ပြန်ရတဲ့ နောက်ခံအကြောင်းတရား၊ ရည်ရွယ်ချက်၊ ပူးတွဲကြေညာချက်မှာ ထည့်သွင်းဖော်ပြမယ့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ဖော်ပြထားသည့်စာတမ်းဖြစ်ပါတယ်။ အဲဒီ သဘောတရားစာတမ်းအပေါ် မူအားဖြင့် သဘောတူညီမှု ရရှိပြီးတဲ့နောက် ပူးတွဲကြေညာချက်မူကြမ်းရဲ့ စာသားတွေကို ဆက်လက် ညှိနှိုင်းရာမှာတော့ ဂျကာတာမှာရှိတဲ့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက ဦးဆောင်ပြီး အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ(CPR)နဲ့ တရုတ်အဖွဲ့ရုံးတို့အကြား ဆက်လက် ညှိနှိုင်းကြတာဖြစ်ပါတယ်။ သိမ်မွေ့နက်နဲတဲ့ အချို့ကိစ္စရပ်တွေဖြစ်တဲ့ တောင်တရုတ်ပင်လယ်မှာ နိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) အကောင်အထည်ဖော်ရေးနဲ့ပတ်သက်တဲ့ ပူးတွဲကြေညာချက်ကို ညှိနှိုင်းရာမှာတော့ ကြေညာချက်ရဲ့ မူဘောင် ( Structure of Joint Statement)ကို Head Quarter က ညှိနှိုင်းပြီး ကျန်အပိုင်းကို CPR မှာ ညှိနှိုင်းကြတာပဲဖြစ်ပါတယ်။

အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ထူးခြားချက်မှာ နှစ်အလိုက်ပူးပေါင်းဆောင်ရွက်ရေးနှစ်များသတ်မှတ်လေ့ရှိတာဖြစ်ပါတယ်။ ယခင်နှစ် ၂၀၂၂ ခုနှစ်ကို အာဆီယံ-တရုတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ်သတ်မှတ်ခဲ့ပြီး ယခုနှစ် ၂၀၂၃ ခုနှစ်ကိုတော့ အာဆီယံ-တရုတ် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အစားအစာဖူလုံရေးပူးပေါင်းဆောင်ရွက်မှုနှစ်အဖြစ် သတ်မှတ်ထားပါတယ်။ လာမယ့်နှစ် ၂၀၂၄ ကိုတော့ အာဆီယံ-တရုတ်ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှစ်အဖြစ်သတ်မှတ်ကာ ပြည်သူအချင်းချင်း ထိတွေ့ဖလှယ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားဖို့ရည်ရွယ်ထားပါတယ်။

**မေး - မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေနဲ့ လိုက်ပါဆောင်ရွက်နေသလို Dialogue Partnership ဘက်မှာလည်း ပြည့်ဝစွာလုပ်ဆောင်နေတယ်ဆိုတာ ဘယ်လိုအချက်အလက်တွေအရ သိသာမြင်သာနိုင်ပါသလဲ။**

**ဖြေ** - မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ကို စတင်ဝင်ရောက်တဲ့ ၁၉၉၇ ခုနှစ်မှ စတင်ပြီး အာဆီယံပဋိညာဉ်စာတမ်းကို လိုက်နာလျက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ဝတ္တရားများကို မပျက်မကွက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီး အာဆီယံအဖွဲ့ကြီးနဲ့ မိမိတို့ဒေသအသိုက်အဝန်းအတွက် အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုအကောင်အထည်ဖော်ခဲ့ပါတယ်။

အလားတူ မြန်မာနိုင်ငံက ညှိနှိုင်းရေးမှူးတာဝန်ယူချိန်ကစလို့ အာဆီယံ-တရုတ်ဆက်ဆံရေးမှာ ထင်ရှားတဲ့တိုးတက်မှုတွေရှိခဲ့ပြီး အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို ပံ့ပိုးမှုဆိုင်ရာ အာဆီယံ-တရုတ်ပူးတွဲကြေညာချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အာဆီယံ-တရုတ်ပူးတွဲကြေညာချက်တို့ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

ကျင်းပခဲ့တဲ့ (၂၄)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်နိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အာဆီယံ-တရုတ်ဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်သစ်အဖြစ် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ဖို့ မြန်မာနိုင်ငံက အာဆီယံနဲ့တရုတ်အကြား ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ရာ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ အာဆီယံ-တရုတ်ဆက်ဆံရေးနှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အထူးထိပ်သီးအစည်းအဝေးမှာ အာဆီယံ-တရုတ်ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် ထူထောင်ကြောင်း ကြေညာနိုင်ခဲ့ပါတယ်။ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့ မြန်မာနိုင်ငံရဲ့ ဦးဆောင်ညှိနှိုင်းမှုနဲ့ အာဆီယံ-တရုတ်လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅) ၏ နောက်ဆက်တွဲကို ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းပြုလုပ်ခဲ့တဲ့ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ဦးဆောင်ညှိနှိုင်းမှုနဲ့ တောင်တရုတ်ပင်လယ်မှာ နိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်း နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ပူးတွဲကြေညာချက်၊ အာဆီယံ-တရုတ်သာတူညီမျှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နဲ့ အစားအစာဖူလုံရေးဆိုင်ရာ ပူးတွဲကြေညာချက်များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ်ကို ညှိနှိုင်းဆွေးနွေးမှုမှာလည်း မြန်မာနိုင်ငံက အာဆီယံ-တရုတ်ပူးတွဲလုပ်ငန်းအဖွဲ့ခေါင်းဆောင်များနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးညှိနှိုင်းမှု ငါးကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ တိုးတက်မှုများလည်းရှိပါတယ်။

ယင်းသို့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်များကိုဆောင်ရွက်နေသည့်ကြားမှာပဲ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ မိမိတို့ပြည်တွင်းနိုင်ငံရေးအခြေအနေကို အသုံးချပြီး မြန်မာနိုင်ငံကို အခြားသော အာဆီယံနိုင်ငံများနဲ့ တန်းတူမဟုတ်သည့် ဆက်ဆံရေးမျိုးကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများနှင့် ထိပ်သီးအစည်းအဝေးများကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ တန်းတူရည်တူ ဖိတ်ကြားခြင်းမခံရတဲ့အတွက် အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးများနဲ့ အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ယင်းအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရလဒ်ကောင်းများရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သလို အဆိုပါအစည်းအဝေးများအတွက် Document kit ဖြန့်ဝေခြင်းအပါအဝင် ယင်းအစည်းအဝေးများမှာ အာဆီယံဥက္ကဋ္ဌက ဖတ်ကြားတဲ့ ASEAN Common Statement ကိုလည်း တာဝန်သိ ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကပဲ ရေးသားပြုစုညှိနှိုင်းဖြန့်ဝေပေးခဲ့ရပါတယ်။

ဒီအချက်တွေဟာ မြန်မာနိုင်ငံဟာ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးနိုင်ငံတာဝန်ကို ပြည့်ဝစွာလုပ်ဆောင်နေတယ်ဆိုတာကို သိသာထင်ရှားစေပါတယ်။

**မေး - အထက်မှာဖြေကြားခဲ့ရာမှာ မြန်မာနိုင်ငံအနေနဲ့ DOC အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ရဲ့ ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေတယ်လို့သိရပါတယ်။ နိုင်ငံတကာစိတ်ဝင်စားမှုမြင့်မားတဲ့ ဒီတောင်တရုတ်ပင်လယ်အရေးကိစ္စကို အာဆီယံနဲ့တရုတ်အကြား ဘယ်လိုညှိနှိုင်းဆောင်ရွက်နေပြီး တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ဆွေးနွေးမှုမှာ တိုးတက်မှုတွေ ဘယ်လောက်အတိုင်းအတာအထိ ရနေပြီလဲဆိုတာသိလိုပါတယ်။**

**ဖြေ -** တောင်တရုတ်ပင်လယ်အပါအဝင် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုကို ထိန်းသိမ်းဖို့ အာဆီယံနှင့်တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်ကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဆိုပါကြေညာချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့က ပူးတွဲလက်မှတ်ရေးထိုးခဲ့တဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ပထမဆုံးနိုင်ငံရေးစာတမ်းတစ်ရပ်ဖြစ်တဲ့အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး တောင်တရုတ်ပင်လယ် အေးချမ်းတည်ငြိမ်ရေးကို ထိန်းသိမ်းဖို့နဲ့ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် နိုင်ငံရေးကတိကဝတ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးဖြစ်တာမို့ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ DOC အကောင်အထည်ဖော်ရေးမှာ အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး (JWG-DOC)နဲ့ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM-DOC) ဆိုပြီး လုပ်ငန်းစဉ်များရှိပါတယ်။ အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM-DOC) မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆောင်ရွက်ပြီး အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး(JWG-DOC) မှာ တရုတ်နိုင်ငံနဲ့အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်က ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကပ်ရောဂါရဲ့ စိန်ခေါ်မှုများရှိခဲ့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံအနေဖြင့် DOC အပြည့်အဝထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာဥပဒေနှင့်အညီ ထိရောက်၍ အနှစ်သာရပြည့်ဝတဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ်ဆောလျင်စွာ အပြီးသတ်ရေးအတွက် တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံး(COC)ညှိနှိုင်းမှုကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်ခြင်းမှတစ်ဆင့် ထိရောက်၍ အနှစ်သာရပြည့်ဝတဲ့ COC အပြီးသတ်ရေးအတွက် အရှိန်အဟုန်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက ပူးတွဲဥက္ကဋ္ဌအဖြစ် လုပ်ငန်းအဖွဲ့အစည်းအဝေး ငါးကြိမ်ကိုပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုများမှာ တိုးတက်မှုများရှိခဲ့ပါတယ်။

၂၀၂၂ ခုနှစ် ဩဂုတ်လမှာကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ဆွေးနွေးဖက်တရုတ်နိုင်ငံနဲ့ ကျင်းပတဲ့ အစည်းအဝေးမှာ အာဆီယံနှင့်တရုတ်နိုင်ငံအနေဖြင့် COC ဆွေးနွေးညှိနှိုင်းမှုကို အရှိန်မြှင့်တင်ရန် ပြင်းပြတဲ့ ရည်မှန်းချက်ကို ထပ်လောင်းခိုင်မာစေပြီး တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ရဲ့ တစ်ခုတည်းသောညှိနှိုင်းစာသားကို ဒုတိယအကြိမ်ဆွေးနွေးခြင်းကို ဆောလျင်စွာအပြီးသတ်ဖို့ မျှော်မှန်းခဲ့ကြပါတယ်။ ဆွေးနွေးမှုမှာ တောင်တရုတ်ပင်လယ်ဆိုင်ရာကျင့်ထုံးရဲ့ တစ်ခုတည်းသော ညှိနှိုင်းစာသား၏ အထွေထွေပြဋ္ဌာန်းချက်၊ အခြေခံတာဝန်ယူဆောင်ရွက်ရမယ့် ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပါတယ်။

DOC အကောင်အထည်ဖော်ရေးနဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံး (COC)ညှိနှိုင်းမှုကို အရှိန်မြှင့်တင်ဖို့ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုလည်း မြန်မာနိုင်ငံက ပြုစုဖြန့်ဝေပေးခဲ့ပါတယ်။ လုပ်ငန်းစီမံချက်အောက်မှာ အဏ္ဏဝါသိပ္ပံသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် အဏ္ဏဝါသိပ္ပံသုတေသနသင်တန်းတို့ကို ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်တွေမှာ အသီးသီးပြုလုပ်ခဲ့ပါတယ်။

၂၀၂၂ ခုနှစ်သည် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) လက်မှတ်ရေးထိုးခြင်း နှစ်(၂၀)ပြည့် နှစ်ပတ်လည်အခါသမယဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုနှင့် ကြိုးပမ်းမှုအောက်မှာ အာဆီယံနဲ့ တရုတ်နိုင်ငံအနေဖြင့် DOC နှစ်(၂၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပူးတွဲကြေညာချက် ညှိနှိုင်းမှုမှာ တူညီဆန္ဒရရှိခဲ့ပြီး အဆိုပါပူးတွဲကြေညာချက်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပါတယ်။

DOC လက်မှတ်ရေးထိုးခြင်း နှစ်(၂၀) ပြည့် နှစ်ပတ်လည်အခါသမယကို ဆင်နွှဲတဲ့အနေနဲ့ DOC နှစ်(၂၀)ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့မှာလည်းကောင်း အွန်လိုင်းနဲ့ အော့ဖ်လိုင်းပုံစံနှစ်မျိုးဖြင့် အောင်မြင်စွာကျင်းပခဲ့ရာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများမှာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးက အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်က Moderatorအဖြစ်ဆောင်ရွက်ခြင်း၊ COC ဆွေးနွေးခြင်းအပိုင်းမှာ Speaker အဖြစ် ဆောင်ရွက်ခြင်းတို့ဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့်ရလဒ်များဖြစ်စေမယ့် COC ဆွေးနွေးမှုလုပ်ငန်းစဉ်မှာ ရှေ့ဆက်သွားနိုင်မယ့်နည်းလမ်းများကို မျှဝေဆွေးနွေးခဲ့ကြပါတယ်။

၂၀၂၁ ခုနှစ်က အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ထိပ်သီးအထူးအစည်းအဝေးမှာ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးကို အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး(CSP)အဖြစ် တည်ထောင်ပြီးဖြစ်ပါတယ်။ အာဆီယံ-တရုတ်ဆက်ဆံရေးရဲ့ ညှိနှိုင်းရေးမှူးနဲ့ DOC အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ရဲ့ ပူးတွဲဥက္ကဋ္ဌဖြစ်တဲ့ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစတင်မှုမှတစ်ဆင့် အပြုသဘောဆောင်တဲ့ စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး COC ဆိုင်ရာ ညှိနှိုင်းစာသားကို ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးခြင်း (Second reading of the Single Draft Negotiating Text of the COC)မှာ တိုးတက်မှုများရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ပေးရာမှာ အာဆီယံနဲ့ တရုတ်နိုင်ငံ နှစ်ဖက်စလုံးမှ လိုက်လျောညီထွေမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပေးအယူမျှတမှုတို့ဖြင့် ဆောင်ရွက်သွားနိုင်ရေးညှိနှိုင်းပေးသွားဖို့ရှိပါတယ်။

**မေး - နောက်ဆုံးမေးခွန်းအနေနဲ့ အာဆီယံအဖွဲ့အတွက် တရုတ်နိုင်ငံရဲ့အရေးပါမှုကို ဘယ်လိုသုံးသပ်နိုင်ပါသလဲ။**

**ဖြေ -** တရုတ်ဟာ အာဆီယံရဲ့အရေးကြီးတဲ့ မိတ်ဖက်နိုင်ငံဖြစ်သလို အာဆီယံဟာ တရုတ်အတွက် အရေးကြီးတဲ့ မိတ်ဖက်အဖွဲ့အစည်းဖြစ်ပါတယ်။ အထက်မှာပြောခဲ့သလို အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေးရဲ့ အာဆီယံ၏အတက်ကြွဆုံးနဲ့ အနှစ်သာရအရှိဆုံး ဆွေးနွေးဖက်ဆက်ဆံရေးများအနက်တစ်ခုဖြစ်ပြီး အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံထဲမှာ တရုတ်ဟာ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (CSP)ပထမဆုံးထူထောင်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့ဟာ ၂၀၂၁ ခုနှစ်မှာ အာဆီယံရဲ့ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (CSP)နိုင်ငံများ ပထမဆုံးဖြစ်လာကြပြီးနောက်မှာ အခြားဆွေးနွေးဖက်နိုင်ငံများကလည်း အာဆီယံနဲ့ CSP ဆက်ဆံရေးထူထောင်ဖို့ အဆိုပြုလာကြခြင်းဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အာဆီယံကို ဦးစားပေးနေရာထားရှိပြီး အိမ်နီးချင်းကောင်းဆက်ဆံရေးထားရှိပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၃ ခုနှစ်မှာ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (TAC)သို့ ပထမဆုံးဝင်ရောက်ခဲ့တဲ့ ဆွေးနွေးဖက်နိုင်ငံဖြစ်ပါတယ်။ အခုနှစ် ၂၀၂၃ မှာဆိုရင် တရုတ်နိုင်ငံက TAC သို့ ဝင်ရောက်ခဲ့တဲ့ နှစ်(၂၀)ပြည့် နှစ်ပတ်လည်အခါသမယပဲဖြစ်ပါတယ်။ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(TAC)သို့ တရုတ်နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဟာ TAC ကို ဒေသတွင်းနိုင်ငံများအကြားဆက်ဆံရေး(inter-state relations) အတွက် ကျင့်ထုံး(Code of Conduct) အဖြစ် TAC ရဲ့အရေးပါမှုကို များစွာအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ အလားတူ တရုတ်နိုင်ငံဟာ အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ဇုန်သဘောတူစာချုပ်မှာ ခြွင်းချက်မထားဘဲ လက်မှတ်ရေးထိုးဖို့ ဆန္ဒရှိကြောင်း ပထမဆုံးထုတ်ဖော်ပြောကြားခဲ့တဲ့နိုင်ငံလည်းဖြစ်ပါတယ်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာလည်း အာဆီယံနဲ့ တရုတ်နိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်မှစတင်လို့ အပြန်အလှန်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတွေဖြစ်ကြပြီး ၂၀၂၁ ခုနှစ်မှာ အာဆီယံနဲ့တရုတ်အကြား ကုန်သွယ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၆၆၉ ဘီလီယံအထိရောက်ရှိခဲ့လို့ စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံမှ အာဆီယံကိုစီးဆင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံအထိရှိပါတယ်။ နှစ်ဖက်စီးပွားရေးအခွင့်အလမ်းများကို မြှင့်တင်ဖို့ အာဆီယံ-တရုတ်ကုန်စည်ပြပွဲကိုလည်း တရုတ်နိုင်ငံ နန်နင်းမြို့မှာ နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။

ဒါ့အပြင် အာဆီယံနဲ့တရုတ်အကြား ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် နည်းလမ်းရှာဖွေဖို့ ယဉ်ကျေးမှုနှင့်ပညာရေးကဏ္ဍတို့မှာ အပြန်အလှန်ဖလှယ်ခြင်းဖြင့် နားလည်မှုနဲ့ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ဖို့အတွက် အာဆီယံ-တရုတ်ဗဟိုဌာနကို ၂၀၁၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ထားတဲ့အတွက် အာဆီယံနဲ့တရုတ်အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ရရှိရုံသာမက အပြန်အလှန်နားလည်မှုရရှိခြင်းမှ ချစ်ကြည်ရင်းနှီးမှုတိုးတက်တည်ဆောက်နိုင်တဲ့ အကျိုးကျေးဇူးများရရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပထဝီအနေအထားအရ ထိစပ်လျက်ရှိနေတဲ့ အာဆီယံအတွက် အကျိုးကျေးဇူးများစွာဖြစ်စေပါတယ်။

ယမန်နှစ်က (၂၅)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ထုတ်ပြန်ခဲ့တဲ့ အာဆီယံ-တရုတ် သာတူညီမျှစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲကြေညာချက်မှာလည်း အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံသဘောထားအမြင် (AOIP)ရဲ့ ဦးစားပေးကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို အားပေးထောက်ခံဖို့ သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ထိလွယ်ရှလွယ်ရှိပြီး အလွန်သိမ်မွေ့တဲ့ တောင်တရုတ်ပင်လယ်အရေးကိစ္စနဲ့ပတ်သက်ပြီးလည်း တောင်တရုတ်ပင်လယ်ကို အေးချမ်းတည်ငြိမ်သာယာဝပြောတဲ့ ပင်လယ်ပြင်အဖြစ် ထိန်းသိမ်းနိုင်ဖို့ DOC အကောင်အထည်ဖော်ရေးနဲ့ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ်ဆောလျင်စွာအပြီးသတ်နိုင်ရေးအတွက် အာဆီယံအနေနဲ့ တရုတ်နိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။


ဒီလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပြန်အလှန်အကျိုးစီးပွားအတွက်မျှဝေကာ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြရတာမို့ တရုတ်နိုင်ငံဟာ အာဆီယံအတွက်အရေးပါသလို အာဆီယံဟာလည်း တရုတ်အတွက်အရေးပါတယ်လို့ မိမိအနေနဲ့သုံးသပ်ရခြင်းဖြစ်ပါတယ်။

**(သတင်းစဉ်)**

0 w Kv H @

# အပြန်လမ်းမှာ မိုးတွေရွာ

ခလိုင်းသန်းဇော်ဝင်း




(၁)

သည်ဝတ္ထုကို ရေးချင်နေသည်မှာကြာပြီ။ အခွင့်မသာ၍သော်လည်းကောင်း၊ မအေးမေကို ငဲ့ညှာ၍သော်လည်းကောင်း မရေးဖြစ်ခဲ့။ အလွန်တရာဇာတ်နာသွားမည်ကိုလည်း စိုးရွံ့မိသည်။ ယခုတော့ ကျွန်တော် ရေးလိုက်ပြီ။

ဇာတ်လမ်းအစက ကိုထွန်းကျော်နှင့် မအေးမေတို့ လက်ထပ်ထိမ်းမြား၊ တစ်အိုးတစ်အိမ်ထူထောင်သည်က စမည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်ခန်းကြိုက်ခန်း၊ ပိုးပန်းခဲ့ပုံများကို မရေးလိုပြီ။ ဂုဏ်မတူညီသော၊ ရပ်ရွာချင်းမတူကြသော မအေးမေနှင့် ကိုထွန်းကျော်တို့၏ စွန့်စားခန်းများလည်း မရေးလိုတော့ပြီ။ တိုတိုနှင့်လိုရင်းသာရေးပါမည်။ ဗမာတို့၏ထုံးစံအတိုင်း လက်ထပ်ပွဲပြီးတော့ မအေးမေမှာ သျှောင်နောက်ဆံထုံးပါခဲ့ရသည်။ မိဘများကတော့ မျက်နှာမကောင်းကြ။ ထို့ကြောင့်လည်း အစကတည်းက သဘောမတူခဲ့ကြခြင်းဖြစ်သည်။ ခွဲခွာခါနီးတော့ ဖခင်ကြီးက ပြောရှာ၏။

"သမီး အချိန်မရွေး အဖေ့အိမ်ကို ပြန်လာခဲ့နော်။ သမီးကို အနိုင်ကျင့်နှိပ်စက်တယ်ဆိုရင် အဖေ့ကိုသာ ပြောလိုက် ကြားလား"

"ဟုတ်အဖေ"

ကိုထွန်းကျော်က ပြုံး၍သာနေသည်။ သူ့စိတ်ထဲမှာလည်း-

"ငါ့အား၊ ငါ့အင်ရှိနေသရွေ့ ဘယ်တော့မှ နင့်မျက်နှာမငယ်စေရပါဘူး"ဟု တွေးနေသည်။ သည်လိုနှင့် ကိုထွန်းကျော်၏ရွာသို့ရောက်ကြတော့ အိမ်နှင့် ဝိုင်းနှင့် သပ်သပ်ရပ်ရပ်နေကြသည်။ စားပင်၊ ပန်းပင်ကလေးများလည်း အိမ်ဝင်းထဲတွင်စိုက်ကြသည်။ သူတို့နှစ်ယောက် ပျော်ရွှင်ခဲ့ရသည်။

(၂)

မအေးမေတွင် ကိုယ်လေးလက်ဝန်ရှိလာသည်။ ကိုထွန်းကျော်မှာလည်း အလုပ်ကို နှစ်ဆကြိုးစားရ၏။ မကြာခင်ပင် သားဦးကလေးမွေးသည်။ လင်မယားနှစ်ယောက်ပျော်တုန်းရွှင်တုန်းရှိသေးသည်။ ကလေးမှာက ဦးနှောက်အမြှေးရောင်ဆိုလား၊ ဦးနှောက်အားနည်းသည်ဆိုလား ပါလာခဲ့၏။ နီးစပ်ရာ တတ်သိနားလည်သူများနှင့် ပြကြည့်သည်။ ဆေးထိုးဆိုလျှင် ထိုးကြသည်။ ကံဆိုးလိုက်ပုံများ။ ဆေးထိုးမှားသွားသည်တဲ့။ ဘယ်ဝဋ်ကြွေးကြွမှာဖန်လာသည်မသိ။ ကလေးမှာ မသန်စွမ်း၊ ပိုလီယိုဖြစ်သွားရရှာသည်။ မအေးမေမှာတော့ မျက်ရည်နှင့်မျက်ခွက်။

"ငါတို့အကျိုးပေးကံပေါ့ အေးမေရာ။ ဘယ်သူ့ကိုမှလဲ အပြစ်တင်မနေပါနဲ့တော့"

"မတင်ပါဘူးဟာ။ တကယ်နားမလည်ဘဲ ရမ်းကုတွေနဲ့ သွားပြမိတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိတယ်။ ဖြစ်မှဖြစ်ရလေ သားလေးရယ်"

တမှိုင်မှိုင်တတွေတွေနှင့် မအေးမေမှာ အစားအသောက်ကိုပင် ကောင်းကောင်းမစားချင်။ သားငယ်အပေါ် အရိပ်တကြည့်ကြည့်နှင့် ပိုပြီးသာ ဂရုစိုက်နေလေသည်။ ဆေးဝါးများလည်း လက်လှမ်းမီသလောက်ကုကြသည်။ သို့သော် အချည်းနှီးသာ။ သည်လိုနှင့် သားငယ် ငါးနှစ်သားအရွယ်ရောက်လာပြီ ဆိုကြစို့။ သူတို့မိသားစုရွှေ့ရေး အထူးသဖြင့် သားငယ်၏ ဘဝရှေ့ရေးအတွက် ကိုထွန်းကျော်မှာ နိုင်ငံရပ်ခြားကို အလုပ်ထွက်လုပ်ရန် အကြောင်းဖန်လာသည်။ အများတကာအလယ်တွင် မျက်နှာမငယ်စေရန်၊ ပညာကို ကောင်းကောင်းသင်ကြားပေးနိုင်ရန် ရည်ရွယ်ပြီး ဆုံးဖြတ်ချက်ချရခြင်းဖြစ်သည်။ ဇနီးသည်နှင့် သားရွှေမောင်တို့ကိုခွဲခွာပြီး ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ ငယ်တုန်းရွယ်တုန်း အသက်သုံးဆယ်အရွယ် မအေးမေမှာ သားတစ်ယောက်နှင့် ကျန်နေခဲ့လေ၏။

(၃)

ကိုထွန်းကျော်မှာ အလုပ်အကိုင်အားလုံး အဆင်ပြေပါပေ၏။ ဇနီးသည်နှင့် သားငယ်တို့ကို ဖုန်းထဲကနေပင် အလွမ်းဖြေနေရသည်။ မအေးမေကလည်း ယောက်ျားဆီက လစဉ်ပို့ပေးသောငွေကြေးကို ဆည်တဲ့ကန်သင်းလို စုဆောင်းတတ်ပါပေ၏။ မျှမျှတတသုံးစွဲတတ်ပါပေ၏။ အခွင့်အခါသင့်၍ ပြည်စုံခဲ့ပါလျှင် သားငယ်ကို သမားတော်ကောင်းကောင်းနှင့် ကုသပေးချင်သေးသည်ဟု သူတို့ရည်ရွယ်ထားကြသည်။

"နင်တို့တော်တော်ခက်တယ်။ ပိုက်ဆံကို မနှမြောနဲ့ အာဟာရရှိအောင်စားကြအုံး။ ငါရှာနေတာ နင်တို့အတွက်ချည်းပဲဟ။ သားငယ်ကော စာတွေတော်တော်ရနေပြီလားဟေ့။ ဖေကြီးကို ကကြီး ခခွေး ဆိုပြစမ်းပါအုံးကွ"

သည်စကားများက ကိုထွန်းကျော် အမြဲပြောနေကျစကား။ သူကိုယ်တိုင်က မသေရုံစားသောက်ပြီး လစဉ်မှန်မှန်ငွေပို့ပေးနေသူ။ ကြားရသူအဖို့ တရားမျှတသည့်သူ့စကားများ။ အနစ်နာခံလွန်းသည့်သူ့စကား မအေးမေ ကိုထွန်းကျော်ကို အမြဲပြောလေ့ရှိသည်က-

"တစ်နေ့နေ့ကျရင်တော့ ငါတို့မိသားစုလေး စုစုစည်းစည်းအေးအေးချမ်းချမ်းနေချင်တယ်။ ခြံထဲမှာ သစ်ပင်မျိုးစုံစိုက်ပြီး ဥယျာဉ်ကလေးနဲ့ ပျော်ပျော်ရွှင်ရွှင်နေချင်တယ်"

ထိုအခါတိုင်း ကိုထွန်းကျော်က-

"ဖြစ်လာရမှာပေါ့ကွာ"ဟု ပြောပေးရင်း အလွမ်းဖြေကြရသည်။ ပတ်ဝန်းကျင်ကတော့ ထုံးစံအတိုင်း ကိုထွန်းကျော်ကြီး နောက်အိမ်ထောင်ပြုလေမလား၊ မအေးမေသည်ပင် အခြားသူနောက်ပါသွားလေမလားနှင့် စောင့်ကြည့်နေကြသည်။ သို့သော် မအေးမေက အရွယ်ကောင်းသော်လည်း ငယ်ပေါင်းကို စွန့်ခွာသွားမည့်သူမျိုးမဟုတ်ဟု ချေပပြောပေးသည့် သူများလည်းရှိပါပေ၏။ ကိုထွန်းကျော်ဘက်မှာတော့ ပြောပေးမည့်သူဟူ၍ မရှိခဲ့။

(၄)

ရက်ကိုလစား လကိုနှစ်စားကာ အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။ ကိုထွန်းကျော် ထိုင်းကိုရောက်သည်မှာ လေးနှစ်ပြည့်လုပြီ။ ငါးနှစ်ပြည့်လျှင်တော့ ပြန်မည်ဟု ဆုံးဖြတ်ထား၏။ မအေးမေကတော့ ပြန်လာစေချင်လှပြီ။ စုဆောင်းထားသမျှလည်း အတန်အသင့်ရှိပြီကိုး။ အမှန်တကယ်တော့ ကိုထွန်းကျော်မှာ ရောဂါတစ်ခု စွဲကပ်နေသည်မှာကြာပြီ။ ဘာရောဂါမှန်း မသိရသေး။ ဝမ်းသွားလျှင် သွေးပါခြင်းပင်။ အမှုမဲ့အမှတ်မဲ့။ တစ်ခါတလေလည်း ပြန်ပျောက်သွားတတ်၏။

"ခင်ဗျား မပေါ့ဆသင့်ဘူး။ ငွေကိုနှမြောမနေနဲ့။ ဆေးခန်းသွားပြပါလား"

အခန်းဖော်သူငယ်ချင်းများက တိုက်တွန်းကြသည်။ သို့သော် ကိုထွန်းကျော်က-

"အိမ်ကိုလွမ်းလို့ဖြစ်တာပါ။ ခဏနေရင် အလိုလိုပျောက်သွားလိမ့်မယ်"ဟုပြောရင်းပေတေနေတတ်သည်။

"ငါ့သားကြီးကို ရှင်ပြုပေးရအုံးမယ်ကွ။ အဲဒီအခါကျရင် မင်းတို့လဲလာစေချင်တယ်။ ငါ့သားမောင်ရှင်လောင်းကြီးကိုမြင်ယောင်ပြီး ငါ့မှာ ပီတိတွေဖြစ်ရတယ်ကွာ။ အမယ်လေး အလှူဒကာကြီးဖြစ်ရချေသေးရဲ့"

ညစဉ်ညတိုင်း အခန်းဖော်သူငယ်ချင်းများကို ပြောလေ့ရှိသည်။ သူ့ဇနီးကချောကြောင်း၊ သားရွှေမောင်က မည်မျှလိမ္မာကြောင်း စသည့်စကားများကို အခန်းဖော်သူငယ်ချင်းများမှာ နားနှင့်မဆံ့အောင်ကြားကြရ၏။ တစ်စတစ်စနှင့် ကိုထွန်းကျော်အခြေအနေပိုဆိုးလာသည်။ အစားနည်းသလို အားလည်းနည်းလာသည်။ ကြိတ်ကာမှိတ်ကာခံစားရင်း ရည်ရွယ်ထားသည့် ငါးနှစ်တာကာလသို့ လိမ်ဖည်လိမ်ဖည်ရောက်လာရ၏။ ကိုထွန်းကျော်အိမ်ပြန်ရန်ပြင်သည်။ ဇနီးသည်နှင့် သားငယ်လည်း ဝမ်းသာနေကြပြီ။

(၅)

ရန်ကုန်ကိုရောက်တော့ သူ့အစ်ကိုအိမ်မှာ တစ်ညနားသည်။ ထိုနေ့ညက ဝမ်းသွားတိုင်း သွေးကပိုများနေ၏။ အစ်ကို၏မိန်းမ တစ်ရေးနိုးအပေါ့အပါးသွားတော့ အိမ်သာထဲတွင် သွေးများမြင်မကောင်းအောင် တွေ့ရလေ၏။ သူ့ယောက်ျားကို ချက်ချင်းနှိုးကာ အကျိုးအကြောင်းပြောပြသည်။ ကိုထွန်းကျော်မှာ အခြေအနေမဟန်တော့ကြောင်း ရိပ်မိကြလေပြီ။ ထိုနေ့နံနက်မှာပင် ကိုထွန်းကျော်ကို ဆေးရုံတင်ကြ၏။ သတင်းကြားရသည်နှင့် မအေးမေလည်း ကားနှင့်အမြန်ဆုံးလိုက်လာခဲ့သည်။ ရောက်ရောက်ချင်းဆီးကြိုနေသည်က အသည်းကင်ဆာ။ ဟုတ်သည်။ ဆရာဝန်ပြောလိုက်သည်က-

"အသည်းမှာ အမြစ်တွယ်နေတဲ့ကင်ဆာက နောက်ဆုံးအဆင့်"

အရှူးမီးဝိုင်းဖြစ်နေသော မအေးမေ။ ကြားရုံသာကြားပြီး မျက်လုံးမဖွင့်နိုင်တော့သော ကိုထွန်းကျော်။ အခန်းထဲတွင် သူတို့နှစ်ဦးသာရှိ၏။ လုံးဝတိတ်ဆိတ်နေ၏။ မအေးမေက စကားများတတွတ်တွတ်စပြောသည်။

"သားနဲ့ ဇနီးအတွက် ငါးနှစ်လုံးလုံးအလုပ်ထွက်လုပ်ခဲ့တဲ့အဖေကြီး။ သားမျက်နှာကို ကြည့်ရအုံးမယ်နော်။ အားမလျှော့လိုက်ပါနဲ့ကိုထွန်းကျော်။ တော့်သားကြီးကို ရှင်ပြုပေးချင်သေးသပ့်ဆို။ ဟော အိမ်ဝင်းထဲမှာ နှင်းဆီတွေလှိုင်နေပြီ။ ရွက်လှတွေဝေနေပြီ။ ဆူးပုပ်တွေ အညွန့်တလူလူနဲ့။ အားမလျှော့လိုက်နဲ့နော်။ တော့်သားကိုမြင်ရင် မှတ်မိပါ့မလား။ သားက တအားထွားလာတယ်သိလား။ ကိုထွန်းကျော် ကိုထွန်းကျော် ကျွန်မပြောတာကြားတယ်မို့လား။ ဟင် ကျွန်မကို တစ်ချက်လောက်မော့ကြည့်ပါအုံး။ သားလေးက အဖေကြီးပြန်လာရင် မုန့်တွေအများကြီးဝယ်ခဲ့နော်တဲ့။ ရှင်နဲ့အတူတူ ကျွန်မပြန်မယ်နော်။ နော်လို့ ကိုထွန်းကျော်"

ဆရာဝန်ကြီးနှင့် အစ်ကိုဇနီးမောင်နှံတို့ဝင်လာကြသည်။ ဆရာဝန်ကြီးပြန်ထွက်သွား၏။

"ငါ့ညီလေး ဆုံးသွားပြီ"ဟု အစ်ကိုက ပြောလိုက်သည်။ အလောင်းကို ရွာပြန်မသယ်ဖို့ အစ်ကို့မိန်းမက နားချသည်။ မအေးမေက အားလုံးလိုက်လျောပေးသည်။ သူမငိုပါ။ သားအတွက် ရပ်တည်ရဦးမည်။ ကိစ္စဝိစ္စများပြီးတော့ ရွာပြန်ရန်ပြင်သည်။ မိခင်အပြန်ကို မျှော်နေမည့်သားရှိသေးသည်။ အချိန်ကာလက ပူပြင်းလှသည်။ မအေးမေ၏ အပြန်လမ်းတစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းသည်။ သို့သော် သဘာဝအလျောက် ရွာသောမိုးတော့မဟုတ်။ မအေးမေ၏ မျက်ဝန်းအိမ်မှ ဒလဟောစီးကျသောမိုး။ ပူဆွေးသောကမိုး။ ပရိဒေဝမိုး။ မျက်ရည်မိုး။ မအေးမေက လုံးဝမငိုပါ။

# ပြည်ပသို့ ပြည်တွင်းကုမ္ပဏီ ၅၂ ခုက ဖေဖော်ဝါရီလအတွင်း ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၉၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့




**ရန်ကုန် မတ် ၄**

ပြည်ပသို့ ဆန်နှင့် ဆန်ကွဲများကို တင်ပို့လျက်ရှိရာ ပြည်တွင်းကုမ္ပဏီ ၅၂ ခုက ဖေဖော်ဝါရီလအတွင်း ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၉၀၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

ဆန်နှင့် ဆန်ကွဲများကို ဖေဖော်ဝါရီလအတွင်း ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၅၂ ခုက တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၂၈ နိုင်ငံနှင့် ဆန်ကွဲကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၁၃ နိုင်ငံသို့ တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ဆန် ၁၀၆၈၅၅ တန်နှင့် ဆန်ကွဲ ၈၄၅၃၉ တန် စုစုပေါင်း ဆန်နှင့် ဆန်ကွဲ ၁၉၁၃၀၄ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ အဆိုပါ ဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့် ဆန်ကွဲ ၁၃၇၇၅၃ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲ ၅၃၆၅၁ တန် တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ဆန်နှင့် ဆန်ကွဲများကို ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်ကို တရုတ်၊ ဖိလစ်ပိုင်၊ တူရကီ၊ စပိန်နှင့် ပိုလန်နိုင်ငံများက အများဆုံး ဝယ်ယူခဲ့ပြီး ဆန်ကွဲကို တရုတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ စပိန်နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများက အများဆုံးဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ဖေဖော်ဝါရီလအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁၅၀၀၀၀ ကျော်တင်ပို့ရန် လျာထားဆောင်ရွက်ခဲ့ရာ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၉၀၀၀၀ ကျော်ထိ တင်ပို့ရောင်းချပေးနိုင်ခဲ့သဖြင့် ဖေဖော်ဝါရီလတွင် လျာထားချက်ထက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ (၃၃၆)

# ဓနုဖြူမြို့နယ်တွင် ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိ

**ဓနုဖြူ မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဓနုဖြူမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုမတ်လသည် ဆောင်းငရုတ်သီးစိမ်းများ စတင်ထွက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ပထမပတ်က ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိသာ ဈေးရှိခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ဒေသထွက် ငရုတ်သီးစိမ်းများ ဈေးကောင်းရရှိနေခြင်းကြောင့် စိုက်ပျိုးသည့်တောင်သူများ၊ ငရုတ်ခူးဆွတ်သည့် လုပ်သားများ၊ ငရုတ်ရောင်းဝယ်ရေး လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း သိရသည်။

"ဒီနှစ် ငရုတ်သီးစိမ်းဈေးနှုန်းက အရင်နှစ်တွေကထက် သိသိသာသာ ဈေးကောင်းလာတယ်။ ဓနုဖြူဘက်မှာ လက်ရှိက ဆောင်းငရုတ်တွေ ပေါ်နေတဲ့အချိန် ဖြစ်တယ်။ ငရုတ်သီးစိမ်းတွေပေါ်ချိန် ဈေးကောင်းရရှိတော့ လုပ်သားတွေကော၊ စိုက်ပျိုးသူတွေပါ အဆင်ပြေလာတယ်။ ဆောင်းငရုတ်တွေပေါ်ချိန်ဈေးရရှိတာကလဲ ရန်ကုန်ဘက်ကနေ ဒီဘက်ကထွက်သလောက် ငရုတ်တွေကို ဈေးပေးဝယ်နေတာကြောင့်ပါ။ ငရုတ်သီးစိမ်းကို ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကို အများဆုံးတင်ပို့ရောင်းချပေးနေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ မတ် ၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒိုင်းပြကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဒိုင်းပြကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုရန်နှင့် လမ်းအသုံးပြုသူ ကျေးရွာသူ၊ ကျေးရွာသားများက စနစ်တကျ ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒိုင်းပြကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**အထွေး**

## စာပေဂုဏ်

- နေ့မှာလေ ရှင်နေဝန်းက
လှလွန်းပ လင်းလက်ပြောင်၊
နှင်းဆက်အရောင်။
နွေးထွေးမှုနှင့် သူဦးဆောင်၊
ထူးပြောင်ပ ထိန်လင်း။
လောကကို အကျိုးပြုတဲ့
သူ့ရဲ့ချစ်ခြင်း။

- ညအမှောင် ဖြိုခွင်းလို့
သာလင်းတဲ့ လဝန်းပျို၊
ရွှန်းလဲ့လဲ့စို။
ကြည်သာရွှင်ပျ ပြုံးချိုချို၊
အမုန်းဆို သူနှင့်ဝေး။
ထူးမခြားကွယ် ကြယ်တွေရောက်ပါလို့
ကူတောက်လို့ဖွေး။

- ပုံပမာ မှန်အလင်းလေးနဲ့
ဉာဏ်ခွင်းဆေးက စာပေပါ၊
အေးမြည်သာ။
လေ့လာမှတ်သား မကုန်ရာ၊
စုံဖြာတဲ့ သုတတော။
ကဝိတွေ အမွေနှစ်ပေမို့
ဝေသစ်လို့ချော။

- လေ့မှတ်စရာ စာပေပေါ်သည်မို့
သာမောစွ ရဂုံမြိုင်၊
ပွင့်ပန်းတို့လှိုင်။
ဆင်းရန့်လည်း မွှေးကြိုင်ကြိုင်၊
အားခိုင်လို့ ဘဝတွေတင့်။
လောကအလယ်
သောကပယ် လှပုံထူးတယ်ပ၊
မြူးကြွဂုဏ်ဆင့်။ ။

**ဒီရဲ(ကဗျာဥယျာဉ်)**

# မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ မတ် ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းလက်ပံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မင်းလက်ပံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မင်းလက်ပံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# အမေရိကန်နှင့်တရုတ်တို့ကြား ဗျာများနေသော အရှေ့အလယ်ပိုင်းနိုင်ငံများ

**ဝင်းဇင်(သုတေသန)**

ယခင်နှစ် ဒီဇင်ဘာလအတွင်း ဆော်ဒီအာရေဗျနှင့် အရှေ့အလယ်ပိုင်းဒေသသို့ လာရောက်လည်ပတ်ခဲ့သည့် တရုတ်သမ္မတရှီကျင့်ဖျင်ကို နွေးထွေးစွာကြိုဆိုခဲ့ခြင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်နိုင်ငံ၏ အင်အားဖြန့်ကြက်တည်ဆောက်လာနိုင်မှုနှင့် အမေရိကန်-ဆော်ဒီဆက်ဆံရေးတင်းမာမှုတို့ကို ထင်ဟပ်ပေါ်လွင်လာစေခဲ့သည်။

လွန်ခဲ့သောဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ စီးပွားရေးနှင့်နိုင်ငံရေးနည်းလမ်းတို့အရ တက်ကြွစွာတိုးချဲ့ဆောင်ရွက်လာခဲ့သည်။ တရုတ်နိုင်ငံသည် ဒေသတွင်း၌ တက်ကြွစွာတိုးချဲ့ဆောင်ရွက်လာခဲ့သည့်အပြင် ဒေသတွင်းမတည်မငြိမ်ဖြစ်နေမှုတို့ကို စစ်ရေးအရလွှမ်းမိုးဆောင်ရွက်ခြင်းမရှိဘဲ အခြားနည်းလမ်းဖြင့် လွှမ်းမိုးထိန်းချုပ်ကိုင်တွယ်လာနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အနောက်အုပ်စု အထူးသဖြင့် အမေရိကန်၏ အမြင်သဘောထားသည် လက်ရှိအချိန်၌ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်အကျိုးစီးပွားများကိုခြိမ်းခြောက်လာပြီဟု ရှုမြင်လာလျက်ရှိသည်။

တောင်တရုတ်ပင်လယ်ပြင် ထိုင်ဝမ်ရေလက်ကြားတို့တွင် တင်းမာမှုများမြင့်လာလျက်ရှိသောကြောင့် တရုတ်နိုင်ငံနှင့် အနောက်အုပ်စုတို့ကြား နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာပွတ်တိုက်မှုများသည် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ပေကျင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လာခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသကလည်း တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်လာမှုကို လိုလိုလားလားလက်ခံလာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်မြင့်တက်လာသည့်တိုင်အောင် တရုတ်နိုင်ငံ၏ ခြေလှမ်းတိုင်းကို အမေရိကန်က တုံ့ပြန်သွားဖွယ်ရာရှိသည်။

၂၀၁၃ ခုနှစ်တွင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI)ထုတ်ပြန်ပြီးနောက် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ ထိတွေ့ဆက်ဆံမှုသည် စဉ်ဆက်မပြတ်တိုးတက်လာခဲ့သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသအနေဖြင့်လည်း BRI တွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ BRI သည် မူလက ဒေသတွင်း ကုန်သွယ်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် အလေးထားခဲ့သော်လည်း လက်ရှိအချိန်တွင် နယ်ပယ်ပေါင်းစုံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်လာခဲ့သည်။ BRI သည် အခြေခံအဆောက်အအုံစီမံကိန်းများ၊ စမတ်မြို့တော်များ၊ ဆန်းသစ်တီထွင်မှုစင်တာများ၊ 5G မိုဘိုင်းကွန်ရက်တို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အကြီးမားဆုံးရင်းနှီးမြှုပ်နှံသူဖြစ်လာသည်။ အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏မူဝါဒများအပေါ် မကျေမနပ်ဖြစ်လာသည့် ဒေသခေါင်းဆောင်များသည် တရုတ်နိုင်ငံကို ပိုမိုမှီခိုအားထားရနိုင်သည့် မိတ်ဖက်နိုင်ငံအဖြစ် ရှုမြင်လာခဲ့သည်။ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (GCC) နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးသည် အခွင့်အလမ်းရရှိရေးထက် မဟာဗျူဟာကျကျ ရှုမြင်ဆောင်ရွက်လျက်ရှိသည်။ အခြေခံအဆောက်အအုံနှင့်နည်းပညာနယ်ပယ်နှစ်ခုစလုံးတွင် တရုတ်နိုင်ငံ၏ ထောက်ပံ့ကူညီနိုင်မှုစွမ်းဆောင်ရည်သည် ပင်လယ်ကွေ့ခေါင်းဆောင်များကို အနာဂတ်တွင် ၎င်းတို့၏မျှော်မှန်းချက်များ ဆက်လက်အကောင်အထည်ဖော်နိုင်စေသည်။

၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သော တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်ပိုးလမ်းမသည် ဒေသတွင်းထိတွေ့ဆက်ဆံမှုများဆောင်ရွက်ရာ၌ အရေးပါသောအခန်းကဏ္ဍမှပါဝင်လာခဲ့သည်။ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့လုပ်ဆောင်လာခဲ့သည်။



နည်းပညာနယ်ပယ်တွင် အမေရိကန်နှင့်တရုတ်နိုင်ငံကြား ပြိုင်ဆိုင်မှုပြင်းထန်လာသောကြောင့် Huawei ကဲ့သို့သော နည်းပညာကုမ္ပဏီကြီးများသည် အနောက်နိုင်ငံများ၏ တိုက်ခိုက်မှုနှင့်ရင်ဆိုင်လာခဲ့ရပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် ပူးပေါင်းဆောင်ရွက်မှုများနက်ရှိုင်းစွာဆောင်ရွက်လာခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဆက်ဆံရေးဆိုင်ရာအရှေ့တစ်ခုဖြစ်လာကြောင်းကိုF-35 တိုက်လေယာဉ်ဝယ်ယူရန် ၂၀၂၀ ခုနှစ်တွင် အမေရိကန်နှင့်ချုပ်ဆိုခဲ့သော စာချုပ်ကို UAE ကရပ်ဆိုင်းလိုက်ချိန်၌ ပိုမိုသိသာထင်ရှားလာခဲ့သည်။ အမှန်တော့ အမေရိကန်က UAE ကို 5G ကွန်ရက်နှင့်စပ်လျဉ်း၍ Huawei နှင့် ပူးပေါင်းဆောင်ရွက်မှုရပ်ဆိုင်းပေးရန် တောင်းဆိုမှုများဖြစ်ပေါ်လာပြီးနောက် UAE သည် အမေရိကန်မှ F-35 တိုက်လေယာဉ်များဝယ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းသွားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရီယက်မြို့သို့ သွားရောက်လည်ပတ်ခြင်း၏ အဓိကရည်မှန်းချက်သည် ယခင်ခရီးစဉ်များနှင့်မတူညီဘဲ နှစ်နိုင်ငံစလုံးအတွက် မဟာဗျူဟာကျလျက်ရှိသည်။ တရုတ်နိုင်ငံအပါအဝင် အမေရိကန်၏ လက်ရှိ ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်နိုင်ငံကို ပြန်လည်အားသစ်လောင်းစေသလား သို့တည်းမဟုတ် ဒေသတွင်းမှ တဖြည်းဖြည်းဆုတ်ခွာသွားစေမလားဆိုသောမေးခွန်းလည်းထွက်ပေါ်လျက်ရှိသည်။

ဆော်ဒီအာရေဗျ၊ UAE နှင့် အခြားသော GCC နိုင်ငံများအတွက်မူ တရုတ်နိုင်ငံသည် အနာဂတ်အတွက် ၎င်းတို့၏ မျှော်မှန်းချက်များနှင့်အံဝင်ခွင်ကျဖြစ်နေသည်။ အခြားသောနိုင်ငံများထက် တရုတ်နိုင်ငံသည် ရေရှည်မိတ်ဖက်အဖြစ် သင့်လျော်လျက်ရှိပြီး ၎င်းတို့၏ ရေနံများကိုဝယ်ယူခြင်း၊ စမတ်မြို့တော်များကိုတည်ဆောက်ပေးခြင်း၊ မတူကွဲပြားသောစီးပွားရေးလုပ်ငန်းများမှသည် အစိမ်းရောင်စွမ်းအင်ကို ဖော်ဆောင်ပေးနိုင်ခြင်း စသည့်တို့ကိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် UAE တို့သည် နိုင်ငံတစ်ခုကို ထောက်ခံကြောင်း ရွေးချယ်ရပ်တည်သည်ထက် အမေရိကန်၊ တရုတ်နှင့်အခြားနိုင်ငံများအပါအဝင် နိုင်ငံအားလုံးနှင့် ဗဟာဗျူဟာကျကျဆက်ဆံသွားလိုသောဆန္ဒရှိနေသည်။

အမေရိကန်အနေဖြင့် ခေါင်းဆောင်မှုအခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်းနိုင်ရန်ကြိုးပမ်းလျက်ရှိသည့်အပြင် ဥရောပအနေဖြင့်လည်း ယူကရိန်းအရေးနှင့်အခြားသော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရလျက်ရှိသောကြောင့် တရုတ်နိုင်ငံသည် အမေရိကန်၏ ကာလရှည်ကြာမဟာမိတ်များနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ခြင်းအပါအဝင် အရှေ့အလယ်ပိုင်းဒေသတွင် ရပ်တည်ချက်ပိုမိုတောင့်တင်းခိုင်မာလာအောင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသတွင်းရှိ နိုင်ငံများစွာက တရုတ်နိုင်ငံကို အရေးပါသောမိတ်ဖက်နိုင်ငံအဖြစ် ရှုမြင်ထားပြီး ဒေသတွင်း၌ဆက်လက်နေထိုင်စေလိုသောဆန္ဒရှိနေသည်။ ပင်လယ်ကွေ့ဒေသရှိနိုင်ငံများသည် ၎င်းတို့၏အနာဂတ်ကိုတည်ဆောက်ရာတွင် တရုတ်နိုင်ငံကို အမေရိကန်ထက် ပိုမိုအားထားလျက်ရှိသည်။

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်လာဖွယ်ရာရှိသော်လည်း မကြာသေးမီက အရှေ့လယ်ပိုင်းဒေသတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအကျိုးစီးပွားများအပေါ် ရိုက်ခတ်မှုများဖြစ်ပေါ်လာနိုင်သဖြင့် သတိထားကာ ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသတွင် ၎င်း၏မဟာဗျူဟာပြောင်းလဲကျင့်သုံးလာဖွယ်ရာရှိသော်လည်း လာမည့်နှစ်များအတွင်း အဆိုပါဒေသ၌ အဓိက Player အဖြစ် ဆက်လက်လွှမ်းမိုးချုပ်ကိုင်သွားဖွယ်ရာရှိနေသည်။

အိန္ဒိယ၊ အစ္စရေး၊ UAE နှင့် အမေရိကန်တို့ပါဝင်သော I2U2 ကဲ့သို့သော ဒေသတွင်းအုပ်စုသစ်များသည် ဝါရှင်တန်ကို အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းပေးသွားနိုင်မည့်အပြင် ၎င်း၏ဒေသတွင်ရပ်တည်ချက်ပြန်လည်ပုံဖော်တည်ဆောက်နိုင်ရေးအတွက်လည်း အထောက်ကူပြုသွားနိုင်စေမည်ဖြစ်သည်။

အမေရိကန်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသရှိ ၎င်း၏မိတ်ဖက်များကြား စိုးရိမ်ပူပန်မှု ဖြေလျှော့ပေးနိုင်ရန်လုပ်ဆောင်သွားသင့်ပေသည်။ အမေရိကန်အနေဖြင့် အာရှကိုဗဟိုပြုခြင်းသည် အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများကို စိုးရိမ်ပူပန်မှုမြင့်တက်စေမည်ဖြစ်သည်။ ထို့ကြောင့် အင်ဒို-ပစိဖိတ် စီးပွားရေးမူဘောင်(IPEF) တွင် UAE အပြင် အာရပ်ပင်လယ်ကွေ့နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့ အားထည့်သွင်းဆောင်ရွက်သွားသင့်ပေသည်။

အမေရိကန်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အင်အားကြီးနိုင်ငံများကြား အကျိုးရလဒ်မဲ့သောယှဉ်ပြိုင်မှုတို့ကို ရှောင်ရှားလျက် ဒေသတွင်းရှိ မဟာမိတ်များက ၎င်းကိုကြိုဆိုလက်ခံလာနိုင်စေမည့် အစီအစဉ်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့နောက် အာရှနှင့်အရှေ့အလယ်ပိုင်းဒေသတို့ကို ပိုမိုပေါင်းစည်းနိုင်စေမည်ဖြစ်သည်။

**ကိုးကား**

**-Mideast countries don't want to choose between US, China by Asia Times.**

# ဘားအံမြို့နယ် ရွှေတော-ကော့သံခါကျေးရွာချင်းဆက်လမ်း

# မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဘားအံ မတ် ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ ဖြင့် ရွှေတော-ကော့သံခါ ကျေးရွာချင်းဆက်လမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရွှေတောနှင့်ကော့သံခါကျေးရွာ၌ ဆီထွက်သီးနှံများသယ်ယူပို့ဆောင်နိုင်မည့် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ရွှေတော-ကော့သံခါကျေးရွာချင်းလမ်း အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ ဖြင့် တင်ဒါအောင်မြင်သည့် ငွေစင်ဆန်းသစ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ရွှေတောနှင့် ကော့သံခါကျေးရွာရှိ အိမ်ခြေ ၂၀၀၊ လူဦးရေ ၆၀၀ တို့၏ စိုက်ပျိုးမြေ လယ်ယာဧက ၁၈၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ပြောပြ၍ သိရသည်။ **သုသု**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၇၉၄၉ ဧက စိုက်ပျိုးပြီးစီး



**မော်လမြိုင်ကျွန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၇၉၄၉ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၇၉၄၉ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၇၉၄၉ ဧက အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်အနေနဲ့ နွေစပါး ၁၄၇၉၄၉ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နွေစပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒီနှစ် နွေစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာတွေ၊ ရွှေ့ခရုကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေ၊ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်တွေ မှန်ကန်စေဖို့စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ကြိုတင်စီမံကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ပေးခဲ့လို့လဲ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်ကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် နွေစပါးများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့က ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ နွေစပါးများကို အလယ်ရေကျော်၊ သစ်တိုဆိပ်၊ လှော်ကားချောင်း၊ ကျော်ဝံ၊ ကြူချောင်း၊ မရဲ့အုန်းပင်စု၊ မအူထုံး၊ ပူထီး၊ နတ်မူး၊ ကျွန်းချောင်း၊ လှိုင်းဘုန်း၊ ညောင်တုန်းစု၊ ဝဲဒေါင့်၊ ပုလွန်စာ၊ စခန်းကြီး၊ မစိုးရိမ်၊ ထနီးစသည့်ကျေးရွာတို့တွင် အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကန်ရေ-ရေမြက်ကျေးရွာ ကျေးရွာချင်းဆက်လမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေဇင်ဦးနှင့်တာဝန်ခံအင်ဂျင်နီယာများက ကန်ရေ-ရေမြက်ကျေးရွာ ကျေးရွာချင်းဆက်လမ်း လမ်းတာချဲ့ခြင်းနှင့်မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် ကန်ရေ-ရေမြက်ကျေးရွာ ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၁၇၁၆၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မ လမ်းတာချဲ့ခြင်းနှင့် မြေနီလမ်းခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၆၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဘုန်းမြတ်ကျော် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာလေးရွာ၌ အိမ်ခြေ ၆၅၇ အိမ်၊ လူ ၂၆၃၇ ဦး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေဇင်ဦးထံမှ သိရသည်။

**ခင်မာ**

# ပျဉ်းမနားမြို့နယ် ကြို့တန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၄**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်ကြို့တန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကြို့တန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများရေရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းရန် ဆွေးနွေးမှာကြားသည်။

ကြို့တန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် Ye Htike Thu ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လ တတိယပတ်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။



အဆိုပါ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၀၈ အိမ်၊ လူ ၈၈၈ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ၏ သောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားပြီဖြစ်ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**မော်လမြိုင် မတ် ၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကတိုးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက တင်ဒါရ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကတိုးကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ကတိုးကျေးရွာ၌ အရှည်ပေ ၃၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဂဝံလမ်းခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၂ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် သိဒ္ဓိဦး ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကတိုးကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ကုန်ကျစရိတ်သက်သာစွာအချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာရှိ အိမ်ခြေ ၄၇၉ အိမ်၊ လူ ၂၆၄၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးထံမှ သိရသည်။

**သုတ**

# တန့်ယန်းမြို့နယ် ပါဖန်(ဈေး)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း မတ် ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်လောင်ကျေးရွာအုပ်စု ပါဖန်(ဈေး)ကျေးရွာနှင့် မန်ကောင်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၁ နာရီက ပါဖန်(ဈေး)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ပါဖန်(ဈေး)ကျေးရွာနှင့် မန်ကောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ပဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ရက်သတ္တပတ်အတွင်း စံချိန်တင် မိုးရွာသွန်းမှုနှင့် ဆီးနှင်းကျဆင်းမှုဖြစ်ပေါ်



**ဝါရှင်တန် မတ် ၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း စံချိန်တင် မိုးရွာသွန်းမှုနှင့် ဆီးနှင်းများကျဆင်းမှုကြောင့် ပြည်နယ်ထက်ဝက်ခန့် မိုးခေါင်ရေရှားမှုဒဏ်မှ သက်သာရာရစေခဲ့ကြောင်း ကယ်လီဖိုးနီးယားရေအရင်းအမြစ်ဌာနက မတ် ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် မကြာသေးမီရက်သတ္တပတ်များအတွင်းက မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုများကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဆီးနှင်းကျဆင်းခြင်းများဖြစ်ပေါ်ခဲ့ရာ ပူပြင်းခြောက်သွေ့သော နွေရာသီနှင့်နွေဦးရာသီတွင် ရေပေးဝေရေးလုပ်ငန်းများ မှီခိုအားထားနေရသည့် ရေသိုလှောင်မှုလုပ်ငန်းများအတွက် အားကောင်းစေခဲ့ကြောင်း သိရသည်။

မတ် ၃ ရက်ထိ Sierra Nevada တောင်တန်းများပေါ်တွင် နှင်းများထူထပ်စွာကျဆင်းလျက်ရှိကြောင်း၊ အဆိုပါစွတ်စိုသော အခြေအနေများကြောင့် ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ ရေသိုလှောင်မှုလုပ်ငန်းများအနေဖြင့် ပုံမှန်ရေပမာဏကို ထိန်းထားနိုင်ကြောင်း ရေအရင်းအမြစ်ဌာနက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ မိုးခေါင်ရေရှားမှုစောင့်ကြည့်ရေး မြေပုံအရ ကယ်လီဖိုးနီးယားပြည်နယ်၏ ၁၇ ရာခိုင်နှုန်းသည် ပုံမှန်မဟုတ်သော ခြောက်သွေ့မှုမျိုးမရှိတော့ကြောင်း၊ အခြားနေရာသုံးပုံတစ်ပုံမှာအနည်းငယ်ခြောက်သွေ့နေသေးသော်လည်း မိုးခေါင်ရေရှားမှုဖြစ်ပွားနိုင်သော လက္ခဏာမျိုး မရှိတော့ကြောင်း အမျိုးသားသမုဒ္ဒရာနှင့်လေထုစီမံခန့်ခွဲရေးအေဂျင်စီ၏ မတ် ၂ ရက်ကထုတ်ပြန်ခဲ့သောသတင်းများအရ သိရသည်။

AZH

# အမေရိကန်နိုင်ငံတောင်ဘက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ကိုးဦး သေဆုံး

**ဝါရှင်တန် မတ် ၄**

အမေရိကန်နိုင်ငံတောင်ဘက်ပိုင်းတွင် မတ် ၃ ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ကိုးဦးရှိခဲ့ကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းသည် အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းရှိ ကန်တပ်ကီပြည်နယ်၊ အာကန်ဆက်ပြည်နယ်၊ မစ္စစ္စပီပြည်နယ်၊ အလာဘားမားပြည်နယ်တို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းမှတစ်ဆင့် အရှေ့မြောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်သန်းကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းကို မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ တစ်နာရီ မိုင် ၈၀ နှုန်းနဲ့တိုက်ခတ်ခဲ့တာဖြစ်ပါတယ်။ မုန်တိုင်းဟာ တောင်ဘက်ပိုင်းကနေ အရှေ့မြောက်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်နေပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူကိုးဦးအနက် လေးဦးမှာ ကန်တပ်ကီပြည်နယ်မှဖြစ်ကြောင်း၊ မုန်တိုင်းသည် တစ်နာရီ မိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် သစ်ပင်ကြီးများ လဲကျကာ လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်လျက်ရှိပြီး ဓာတ်တိုင်များ လဲကျသဖြင့် လျှပ်စစ်မီးပြတ်တောက်မှု ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ မုန်တိုင်းအခြေအနေ တည်ငြိမ်သွားမှသာ လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လျှပ်စစ်မီးဖြန့်ဝေသည့် Power Outage ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။


**နိုင်းဆက်**

# ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုကြောင့် တိရစ္ဆာန်ကောင်ရေ ၂ ဒသမ ၆၁ သန်းထိ သေဆုံး

**နိုင်ရိုဘီ မတ် ၄**

ကင်ညာနိုင်ငံတွင် ပြီးခဲ့သော ဖေဖော်ဝါရီလက မိုးခေါင်ရေရှားမှုအခြေအနေပိုမိုဆိုးရွားလာခဲ့ရာ ကင်ညာနိုင်ငံ အမျိုးသားမိုးခေါင်ရေရှားပါးမှု စီမံခန့်ခွဲရေးအဖွဲ့အစည်းက နယ်မြေအလိုက် မိုးခေါင်သည့်နယ်မြေ၊ မိုးနည်းသည့်နယ်မြေအဖြစ် သတ်မှတ်ထားပြီး မိုးခေါင်ရေရှားပါးသည့်ပြဿနာကြောင့် ခြံမွေးတိရစ္ဆာန်ကောင်ရေ ၂ ဒသမ ၆၁ သန်းထိ သေဆုံးခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CGTN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

စစ်တမ်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြံမွေးတိရစ္ဆာန်ကောင်ရေ ၅၂ ဒသမ ၈ သန်းထိရှိနေပြီး မိုးခေါင်သည့်နယ်မြေ၊ မိုးနည်းသည့် နယ်မြေများတွင် ခြံမွေးတိရစ္ဆာန်ကောင်ရေ စုစုပေါင်းကောင်ရေ၏ ၅ ရာခိုင်နှုန်းထိရှိနေကြောင်း၊ မိုးခေါင်ရေရှားပါးမှုကြောင့် ကင်ညာပြည်နယ် သန်းနှင့်ချီ၍ အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်ရေရှားပါးမှုကြောင့် သေဆုံးခဲ့သည့်ခြံမွေးတိရစ္ဆာန်များတွင်လည်း သိုးနှင့်နွားအများဆုံးဖြစ်ကြောင်း ကင်ညာနိုင်ငံအမျိုးသားမိုးခေါင်ရေရှားပါးမှု စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"မိုးခေါင်ရေရှားပါးတဲ့ နယ်မြေ၊ မိုးနည်းတဲ့နယ်မြေအဖြစ် ပိုင်းခြားသတ်မှတ်ထားပါတယ်။ မိုးခေါင်ရေရှားမှုပြဿနာနဲ့ ဆိုးရွားစွာရင်ဆိုင်နေရတဲ့ ကောင်တီ ၂၃ ကောင်တီထိ ရှိနေတယ်။ မိုးခေါင်ရေရှားပါးမှုပြဿနာနဲ့ရင်ဆိုင်နေရတဲ့ကောင်တီတွေမှာ ခြံမွေးတိရစ္ဆာန်ကောင်ရေ စုစုပေါင်း ၂ ဒသမ ၆၁ သန်းထိရှိလာပြီဖြစ်ပါတယ်။ ဒီပမာဏဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ကောင်ရေရဲ့ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ သေဆုံးခဲ့တဲ့ ခြံမွေးတိရစ္ဆာန်တွေထဲမှာ သိုးနဲ့နွားတွေ အဓိကပါဝင်နေပါတယ်။ ဒီတိရစ္ဆာန်တွေဟာ မိုးခေါင်ရေရှားပါးမှုဒဏ်ကို လုံးဝမခံနိုင်တဲ့ တိရစ္ဆာန်အမျိုးအစားတွေ ဖြစ်ပါတယ်"ဟု ကင်ညာနိုင်ငံ အမျိုးသားမိုးခေါင်ရေရှားပါးမှုစီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**နိုင်းဆက်**

# ပြင်သစ်နိုင်ငံက သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၃ သန်း သုံးစွဲမည်

**ပဲရစ် မတ် ၄**

ပြင်သစ်နိုင်ငံသည် သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၃ သန်းထိ သုံးစွဲသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားခဲ့သည်ဟု France24 သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံချက်အသစ်များဖြင့် ဆောင်ရွက်ရန် ၂၀၂၂ ခုနှစ်က COP27 ညီလာခံ၌ ကတိပေးခဲ့ပြီး ညီလာခံအပြီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်အသစ်များ ရေးဆွဲလာကြောင်း သိရသည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့အတွက် ဘတ်ဂျက်ငွေလုံလောက်ဖို့လိုအပ်သလို ခိုင်မာတဲ့စီမံချက်တွေရှိဖို့ လိုအပ်တယ်ဆိုတာနားလည်ပါတယ်။ ဒါကြောင့်လဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ ၅၃ သန်းထိ ခွင့်ပြုပေးသွားပါမယ်"ဟု ပြင်သစ်သမ္မတ မက်ခရွန်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် အာဖရိကတိုက်မှ ဖွံ့ဖြိုးဆဲနိုင်ငံလေးနိုင်ငံ၏ သစ်တောကြိုးဝိုင်းထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရန်ပုံငွေထည့်ဝင်သွားမည့် အင်အားကြီးနိုင်ငံများစာရင်းတွင် ပါဝင်နေပြီး အာဖရိကနိုင်ငံ လေးနိုင်ငံ၏ သစ်တောကြိုးဝိုင်း ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရန်ပုံငွေအဖြစ် ဥရောပနိုင်ငံကြီးများက ယူရိုသန်း ၁၀၀ မတည်သွားရန် ပြင်ဆင်ထားကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် ဂါဘွန်နိုင်ငံ၏ သစ်တောကြိုးဝိုင်းထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဦးစားပေး ကူညီသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ပြောကြားသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ပြင်သစ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရည်မှန်းချက်များကို အလေးထားဆောင်ရွက်ရန်အတွက် အဓိကအကျဆုံးအချက်ဖြစ်သည့် သစ်တောကြိုးဝိုင်းထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်ပြင်ဆင်လာကြောင်း သိရသည်။

**နိုင်းဆက်**

# အီဂျစ်နိုင်ငံ၏ လေထုညစ်ညမ်းမှုကာကွယ်ရေးစီမံကိန်း ပိုမိုအားကောင်းစေရန် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၃ သန်း ပံ့ပိုးမည်

**ကိုင်ရို မတ် ၄**

အီဂျစ်နိုင်ငံ၏ Greater Cairo Air Pollution Management လေထု ညစ်ညမ်းမှုကာကွယ်ရေး စီမံကိန်းကို ပိုမိုအားကောင်းစေရန်အတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၃ သန်း ပံ့ပိုးပေးမည်ဟု မတ် ၃ ရက်က ကြေညာခဲ့ကြောင်း ZAWYA သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

အီဂျစ်နိုင်ငံ လေထုညစ်ညမ်းမှုကာကွယ်ရေးလုပ်ငန်းများအတွက် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေမှ ပံ့ပိုးငွေဖြင့် အီလက်ထရွန်နစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဆင့်နှစ်ရပ်စလုံးတွင် အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြထားသည်။

အီဂျစ်နိုင်ငံတွင် မော်တော်ယာဉ်များမှ အခိုးအငွေ့များထုတ်လွှတ်မှုလျှော့ချရေး၊ အမှိုက်စွန့်ပစ်မှုပိုမိုကောင်းမွန်လာစေရေး၊ လေထုနှင့် ရာသီဥတုဆိုင်ရာစနစ်များကောင်းမွန်စေရေးလုပ်ငန်းများကို ၂၀၂၁ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် အီဂျစ်နိုင်ငံ၏ ကြိုးပမ်းမှုများကို ပိုမိုအားကောင်းစေရန် ယခုပံ့ပိုးမှုကအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စွန့်ပစ်ပစ္စည်းများ၊ တစ်ခါသုံးပစ္စည်းများနှင့်စွန့်ပစ်ခြင်းဆိုင်ရာ အလေ့အထများညံ့ဖျင်းခြင်း၊ အီဂျစ်အမျိုးသားအိုင်စီတီနှင့် ဒစ်ဂျစ်တယ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော အီလက်ထရွန်နစ်အမှိုက်များစွန့်ပစ်ခြင်းတို့ကြောင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်ကြောင်း သိရသည်။ AZH

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## လောဘကြီးသူ၏နိဂုံး

မင်္ဂလာပါကလေးတို့ရေ ဒီတစ်ပတ်တနင်္ဂနွေနေ့မှာ ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ လောဘကြီးသူ၏ နိဂုံးဆိုတဲ့ပုံပြင်ကလေးဖြစ်ပြီး ဘယ်လိုစိတ်ဝင်စားစရာ ကောင်းတယ်၊ ဘယ်လိုဗဟုသုတတွေရမလဲဆိုတာကို သေသေချာချာနားထောင်ပြီး အကောင်းအဆိုး၊အကြောင်း အကျိုးတွေကို ချင့်ချိန်စဉ်းစားစေချင်ပါတယ်ကွယ်။

ပုံပြင်လေးကတော့ ဒီလိုကွဲ့။ တစ်ခါတုန်းကပေါ့ ကွယ် တအားကိုရက်စက်ကြမ်းတမ်းတဲ့ မုဆိုးကြီး ဖိုးစော်ကဲရှိသတဲ့ကွယ်။ သူဟာ မုဆိုးဖိုရွာမှာနေထိုင်ပြီး အသက် ၈၀ ကျော် အမေအိုကြီးကို လုပ်ကိုင်ရှာဖွေ ကျွေးရသတဲ့။ မုဆိုးကြီးဖိုးစော်ကဲက အရပ်ကထောင် ထောင်မောင်းမောင်းနဲ့အသားညိုညို၊ ဗလတောင့်တောင့် ဖြစ်ပြီး မုဆိုးဖိုတစ်ရွာလုံးမှာ ဖိုးစော်ကဲလို့ နာမည်ကို ကြားလိုက်ရတာနဲ့ အားလုံးက ကြောက်ကြရသတဲ့ကွယ်။ အရက်ကလဲ ကြိုက်သေးသတဲ့။ မုဆိုးကြီးဘွဲ့ကိုနာမည် ခံယူထားပြီး သူရလာတဲ့ တိရစ္ဆာန်တွေကိုလဲ ရက်ရက် စက်စက်သတ်ဖြတ်ကာ အသားတွေကို ရွာနီး ချုပ်စပ်ကလူတွေအတွက်ရောင်းချပြီး အသက်မွေးဝမ်း ကျောင်းပြုသတဲ့။

တစ်နေ့မှာ "သားရေ ဖိုးစော်ကဲ ဒီနေ့ ဥပုသ်နေ့ ဆိုတော့ အမဲမလိုက်ဘဲ တစ်ရက်လောက်နားလိုက် ပါလား သားရယ်"လို့ အမေအိုကြီးက ပြောသတဲ့။ အဲဒီ လိုပြောပေမဲ့ မုဆိုးကြီးဖိုးစော်ကဲက နားမထောင်ဘဲ အမေအိုကြီးကို ပြန်ပြောလိုက်သတဲ့။

"ဒီမှာအဘွားကြီး ကျုပ် ဒီနေ့အမဲလိုက်မသွားရင် ခင်ဗျားကြီး ဘာနဲ့ထမင်းစားမှာလဲ၊ အငတ်နေမှာလား" လို့ အော်ပြောလိုက်သတဲ့ကွယ်။ အဲဒီအခါမှာတော့ အမေဖြစ်သူက တုန်လှုပ်သွားပြီး ပြောမရမဲ့အတူတူ မပြောတော့ဘူးတဲ့ကွယ်။ ပြောပြောဆိုဆိုနဲ့ မုဆိုးကြီး ဖိုးစော်ကဲဟာ အိမ်ထဲက လေးနဲ့ မြားထည့်ထားတဲ့ ကျည်တောက်ကိုယူ၊ အသင့်ချိတ်ထားတဲ့လွယ်အိတ်ကို လွယ်ပြီး မိခင်ဖြစ်သူကိုလဲ ဒေါနဲ့မောနဲ့ပြောကာ အိမ်ပေါ်ကနေ ဆင်းသွားတော့သတဲ့။ မိခင်အိုကြီးလဲ မျက်ရည်လေးလည်ပြီး ဝမ်းနည်းခြင်းနဲ့ကျန်ရစ်နေခဲ့ရ တာပေါ့ကွယ်။

မုဆိုးကြီးဖိုးစော်ကဲက သားကောင်ရှာဖို့ တောစပ် နားကိုရောက်လာတယ်။ ပြီးတော့ တောထဲစဝင်ဝင် ချင်းမှာပဲ ခြေကျိုးနေတဲ့ဒရယ်လေးတစ်ကောင်ကို



မုဆိုးကြီးဖိုးစော်ကဲမြင်တွေ့သွားသတဲ့ကွယ်။ "စားရကံ ကြုံတော့ မုတ်ဆိတ်ပျားစွဲတာပဲ"ဟု ပြုံးပြုံးကြီးနဲ့ တစ်ကိုယ်တည်းရေရွတ်လိုက်ပြီး မပြေးနိုင်တဲ့ဒရယ်လေး ကို သူ့ခါးကြားက ဓားမြှောင်ကိုဆွဲထုတ်ကာ ဒရယ်ရဲ့ ဝမ်းဗိုက်ကို မရပ်မနား လေး၊ ငါးချက် တရစပ်ထိုးသတ် လိုက်သတဲ့ကွယ်။ ဒရယ်လေးကို ရလိုက်ပေမဲ့ လောဘဇောကြောင့် အတောမသတ်နိုင်သေးဘဲ သား ကောင်ကိုထပ်ရှာပြန်သတဲ့။ အဲဒီအချိန်မှာပဲ တရွေ့ရွေ့ သွားနေတဲ့ လိပ်ငယ်တစ်ကောင်နဲ့ ထပ်တွေ့ရပြန်သတဲ့။ ဒါကိုလဲ အသာလေးကောက်ယူကာ သူ့လွယ်အိတ်ထဲကို ထည့်လိုက်သတဲ့။ ဒါပေမဲ့ သူဟာ အတောမသတ်နိုင် သေးပြန်ဘူးတဲ့။ လောဘတွေ တက်ရင်းတက်ရင်းနဲ့ တောနင်းပြီး သားကောင်တွေ ထပ်ရှာပြန်သတဲ့။ ဒီတစ်ခါမှာတော့ ခုန်ဆွခုန်ဆွနဲ့ ယုန်လေးတစ်ကောင်ကို ထပ်မြင်တွေ့လိုက်ရတော့ ဟန်ကျတာပဲဆိုပြီး ယုန် နောက်ကို တစ်ဌက်ထိုးလိုက်ပြီး ယုန်ငယ်ကို သူ့မြား နဲ့ လိုက်ပစ်သတဲ့။ မုဆိုးကြီးရဲ့ လက်ဟာ ဖြောင့်လွန်းတာကြောင့် ယုန်ငယ်ရဲ့နောက်ခြေထောက် ကို ရှပ်ထိသွားတော့သတဲ့။ ဒါကို မုဆိုးကြီးဖိုးစော်ကဲဟာ ယုန်ကိုထိသွားပြီဆိုပြီး အပြေးအလွှားယုန်ကိုသွား ကောက်သတဲ့ကွယ်။ တကယ်တော့ ယုန်လေးရဲ့နောက် ခြေထောက်ကို ရှပ်ထိတာကြောင့် ယုန်လေးလဲ ကြောက်ကြောက်လန့်လန့်နဲ့ ချောက်ထဲကို ခုန်ဆင်း သွားသတဲ့ကွယ်။ မုဆိုးကြီးဟာ ချောက်ရှိနေတာကို သတိမထားနိုင်လောက်အောင် မကောင်းတဲ့ အကုသိုလ်ကံတွေက ခြုံလွှမ်းနေတာကြောင့် ယုန်ကို သာ သဲကြီးမဲကြီးလိုက်ရင်း သူ့ခြေထောက်တွေရဲ့ အရှိန်ကိုမထိန်းနိုင်တော့ဘဲ အားလွန်ကာ ချောက်ကြီး ထဲကို ပြုတ်ကျသွားပြီး မရှုမလှသေပွဲဝင်ရသွားပါတော့ သတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

မိဘစကားပယ်ရှားပြီး သတ္တဝါတွေအပေါ် သနား ညာတာခြင်းမရှိသူတစ်ယောက်ရဲ့ လောဘနိဂုံးဟာ အသက်ပါဆုံးရှုံးရတာပေါ့ကွယ်။

ကလေးတို့အားလုံးလဲ ပုံပြင်လေးကိုနားထောင် ခြင်းအားဖြင့် အသိပညာဗဟုသုတတွေရရှိကြပါစေ။ လောဘဖက်လာရင် ဆင်ခြင်မှုရှိရမဲ့နေရာမှာ သတိ မပြုမိနိုင်တော့ဘဲ လောဘရဲ့နောက်ကိုပဲ လိုက်မိတတ် သလို အဲဒီလိုနဲ့ လောဘရဲ့သားကောင်ဘဝကို မိမိ ကိုယ်တိုင်ကျရောက်သွားနိုင်တယ်ဆိုတာ ကလေးတို့ အားလုံး သတိပြုနိုင်ကြပါစေကွယ်။ လောဘကြောင့် အသက်ဆုံးရှုံးတတ်တာကို အမြဲမပြတ်သတိပြုရပါ မယ်ကွယ်။ ကဲ. . . ဦးဦး အခုပြောပြခဲ့တဲ့ "လောဘ ကြီးသူ၏နိဂုံး"ဆိုတဲ့ပုံပြင်လေးကို အဆုံးသတ်လိုက် ပါတယ်နော်။ ကလေးတို့အားလုံး ကျန်းမာရွှင်လန်း ကြပါစေကွယ်။

**ရာနံလေး(ပညာရေး)**


## ငြိမ်းချမ်းတေး

◆ ရွှေချိုးဖြူလေး တကူကူး
ကူသံ ကြည်ကြည်နူး။

◆ သည်နွေဦးရဲ့ တေးသံသာ
ကြားရ မင်္ဂလာ။

◆ တို့ပြည်တို့ရွာ သာယာတေး
ရေလိုအေးလို့ ပန်းလိုမွှေး
ငြိမ်းချမ်းကြတယ်လေး။ ။

**ကန်မြဲချစ်မင်းဝေ**



## မိန်ရာသီ လတပေါင်း

◆ လက်ပံ ဥသြ သဲစေတီ
လှပ မိန်ရာသီ။

◆ နေ့ခါပူသည် ညချိန်ချမ်း
တပေါင်းလ ထူးဆန်း။

◆ မှူးမြစ်သောင်ကမ်း သဲထွန်းသည်
အလှူပွဲ ဝေစီ။

◆ ပန်းသရဖီ မွှေးကြိုင်လန်း
ပြည်မြန်မာတစ်ဝန်း(ဝှမ်း)။ ။

**ငြိမ်းချမ်းအောင်(နောင်ကြီး)**



## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၁-၂၀၂၃ရက်နေ့မှစ၍ ထုတ်ပေးလျက်ရှိရာ **၂၆-၂-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာ ထုတ်ပေး/တင်သွင်းခြင်းကို **၅-၃-၂၀၂၃** ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွား မည်ဖြစ်၍ လျှောက်လွှာထုတ်ယူလိုသူများအနေဖြင့် နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများအား ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက် နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

## ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ်လတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅ သန်းဖိုး လျာထားဆောင်ရွက်မည်



**နေပြည်တော် မတ် ၄**

ယခုမတ်လတွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅ သန်းဖိုး လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏သတင်းများအရ သိရသည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်း ငါးခုအနက် မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်ပြီးလျှင် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ပြီး ကုန်သွယ်ရေးပို့ငွေရရှိအောင် ဆောင်ရွက်နိုင်သည့်အပြင် ကုန်သွယ်မှုပမာဏ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခုလည်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ခုနစ်သန်းစုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ သန်း ရရှိရန် လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ လျာထားဆောင်ရွက်ခဲ့ရာ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၀၂၇ သန်းနှင့် သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၃ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်ရေးပို့ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၉၇ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ OSS ဌာနများ၊ မိတ်ဖက်ဌာနများ၊ ကွမ်းလုံ၊ ဟိုပန်၊ ချင်းရွှေဟော်၊ လောက်ကိုင်နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ၏ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများကိုလစဉ် ကျင်းပပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီ ၂၃ ရက်နံနက် ၁၀ နာရီမှစ၍ ချင်းရွှေဟော်(မိန်းတိန်) နယ်စပ်ဂိတ်ပေါက်တွင် ခရီးသည်လူဝင်၊ လူထွက်နှင့် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် ယာဉ်မောင်းများ ဝင်၊ ထွက်သွားလာမှုကို စတင်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

မတ်လတွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမာဏကို အမေရိကန်ဒေါ်လာ ၄၅ သန်းဖိုး ရရှိရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၅ သန်းဖိုး၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းဖိုးရရှိအောင် လျာထားဆောင်ရွက်မည်ဖြစ်ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

SKL

## ပွင့်ဖြူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ မတ် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၅ သန်းဖြင့် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၃ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိမိလွင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၅ သန်းအသုံးပြု၍ ပစ္စည်းတင်ဒါစနစ်ဖြင့် ပွင့်ဖြူမြို့နယ် မုန်းဇလဲ-ကျောင်းကုန်းကြီး ကျေးရွာချင်းဆက်လမ်း အရှည်ပေ တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ဂဝံ မြေနီလမ်းခင်းခြင်းနှင့် အရှေ့လေးအိမ်-လက်တံ(၁၁) ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ဂဝံမြေနီလမ်း ခင်းခြင်း၊ ဖလံတော-ရွာသာကြီး ကျေးရွာချင်းဆက်လမ်းပေါ်၌ အရှည် ၂၄ ပေ၊ အကျယ်ငါးပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် ကျေးရွာချင်းဆက်လမ်းရေရှည် အသုံးပြုသွားလာနိုင်ရေး ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပစ္စည်းတင်ဒါစနစ်ဖြင့် ၂၀၂၂ ခုနှစ် ဂူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျောင်းကုန်းကြီး၊ မုန်းဇလဲ၊ ဖလံတော၊ ရွာသာကြီးနှင့် အရှေ့လေးအိမ်ကျေးရွာတို့မှ အိမ်ခြေ ၂၃၃၈ အိမ်၊ လူ ၁၁၆၁၈ ဦးတို့၏ လယ်ယာမြေများမှထွက်ရှိသော ဒေသထွက်ကုန်များကို ဈေးကွက်သို့ အချိန်ကုန်သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**







မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

**၁.၇၅ ပတ်လည်ရွှေဆိုင်းချိပ်ပိတ်ဈေးပြိုင် တင်ဒါခေါ်ယူခြင်း**

ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၁/၂၀၂၃-၂၀၂၄)

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ၁. ၇၅ ပတ်လည်ရွှေဆိုင်းများကို ချိပ်ပိတ်ဈေးပြိုင် တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ ဈေးပြိုင်တင်ဒါတင်သွင်းမည့်သူသည် အမှန်တကယ် ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်သူဖြစ်ရမည်။

ဈေးပြိုင်လျှောက်လွှာနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များပါဝင်သော လျှောက်လွှာတစ်စုံလျှင် ကျပ် (၂၀,၀၀၀/-)နှုန်းဖြင့် မဟာမုနိဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိလိုသည့် အချက်အလက်များကို မဟာမုနိဂေါပကအဖွဲ့ရုံးခန်းတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်ရက်မှာ (၁၁-၃-၂၀၂၃)ရက်၊ (စနေ)နေ့ ညနေ (၃း၀၀)နာရီ တိတိဖြစ်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်(၃၀၈)နေ ဦးကျော်ခိုင် (ဘ) ဦးကြိုင် (၉/လဝန(နိုင်)၀၀၀၈၄၃)ကိုင်ဆောင်သူနှင့် ကျွန်မ ဒေါ်အေးအေးစု (ဘ) ဦးကျော်အေး (၁/ရကန(နိုင်)၀၀၀၄၃၅) တို့သည် ယခင်က အကြင်လင်မယားတော်စပ်သော်လည်း ယခုအခါ လုံးဝ ပေါင်းသင်းခြင်းမရှိပါ။ သို့ပါ၍ ဦးကျော်ခိုင်နှင့် သက်ဆိုင်သော လူမှုရေး၊ စီးပွားရေး အပါအဝင် အထွေထွေကိစ္စရပ်အားလုံးတို့သည် ဦးကျော်ခိုင် တစ်ဦးတည်းနှင့်သာ သက်ဆိုင်ပြီး ကျွန်မ ဒေါ်အေးအေးစု မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။ ဦးကျော်ခိုင် နှင့် သက်ဆိုင်သော ကိစ္စရပ်များ ကျွန်မ ဒေါ်အေးအေးစု ထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် ဆက်သွယ်လာပါက လုံးဝ(လုံးဝ) ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ဘဲ တည်ဆဲဥပဒေများအတိုင်း ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ

**ဒေါ်အေးအေးစု (၁/ရကန(နိုင်)၀၀၀၄၃၅)**

**အကွက်(၃၀၈)၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကန်တော်ကျေးရွာနေ မောင်ပိုင်ဖြိုးသူ (၇/ကဝန(နိုင်)၁၉၂၂၃၉)၏ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၃၄၀၄၁၅၀

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ မဆုမွန်ပုလဲ (ဘ) ဦးစိုးရင် (၉/မအမ(နိုင်)၀၃၀၆၅၇) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 482911)မှာ ပျောက်ဆုံးသွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ၀၉-၇၇၆၂၂၂၅၀၀

## Monalisa မှ ဝန်ထမ်းခေါ်ယူခြင်း

(1) Make-up Artist မ (3)ဦး

(2) Make-up လက်ထောက် မ (3)ဦး

(3) Camera Man လက်ထောက် ကျား (1)ဦး

(4) စည်ကြို မ (3)ဦး

(5) လုံခြုံရေး ကျား (1)ဦး
အသက် (၃၅ မှ ၄၅) နှစ်အတွင်း

(6) ယာဉ်မောင်း ကျား (1)ဦး
အသက် (၃၀ မှ ၄၅) နှစ်အတွင်း

လိပ်စာ၊ လမ်း၆၀၊ ၃၅×၃၆ ကြား၊ မန္တလေး။

ဖုန်း၊ 09-257466077

## ဝန်ထမ်းအလိုရှိသည်

ပဲငါးပိ၊ ပဲငံပြာရည် ကျွမ်းကျင်စွာထုတ်လုပ်နိုင်သူ ဆရာတစ်ဦး အလိုရှိသည်။

အမှတ်(၁၅၅)၊ လမ်း (၃၀)၊ ၈၂×၈၃ ကြား၊

ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

09-444145662

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်(နန-၃၀)၊ အိမ်နံပါတ်(၂၅)တွင်နေထိုင်သော ဦးသိန်းထွန်း-ဒေါ်ခင်မာဆွေ တို့၏သမီးဖြစ်သူ **မလဲ့လဲ့ထွန်း (၉/ပကမ(နိုင်)၀၄၄၅၄၆)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူမည်မဟုတ်ပါ။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးသိန်းထွန်း(၅/ရဘန(နိုင်)၀၉၂၅၈၉)**

**ဒေါ်ခင်မာဆွေ(၉/ပကမ(နိုင်)၀၂၄၇၂၈)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၂)၊ တပင်ရွှေထီးလမ်း၊ (၁၄၁)လမ်း၊ ၆၂×၆၃ လမ်းကြား၊ လလ-၂၀၊ အိမ်နံပါတ်(၂)နေ ကျွန်တော် ဦးမှတ်တင် ၏သား **မောင်စိုးခန့် (၉/ခမစ(နိုင်)၀၈၇၈၉၁)** သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိဘများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမှတ်တင် (၉/မနတ(နိုင်)၀၂၀၀၀၉)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ရေတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**မူးယစ်ကိုပစ် ပန်းတိုင်သစ်**

**စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား အငယ်စား အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူထုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့အနေဖြင့် ရေရှည်လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်၍ ပန်းတိုင်အဖြစ် ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူ၊ နိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်...

❖ Moving Forward ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၂)တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များက သံတွဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၄**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက်ကလပ်ကျေးရွာအုပ်စု သပြုချိုင်ကျေးရွာဆိပ်ကမ်းသို့ ရောက်ရှိရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး တိုးတက်စေရေးတွင် ညှိနှိုင်းရေးမှူး နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ပံ့ပိုးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးနှင့် အမေးအဖြေကဏ္ဍ

စာမျက်နှာ - ၂၂

## မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲပွဲစဉ်(၃)တွင် ISPE အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိ

စာမျက်နှာ - ၈



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရောက်ရှိ

စာမျက်နှာ - ၂၀